# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

လောကဝင်(ဓမ္မပဒ-၁၇၃)


၁၃၈၃ ခုနှစ်၊ ဝါဆိုလကွယ်၊ စနေနေ့။ Saturday, 7 August 2021 ၁၀၄၅၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### ကြေးမုံ ယနေ့ ဖတ်စရာ


ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ယခင်ကထက်စာလျှင် ၄၅ ရာခိုင်နှုန်းခန့်အထိ ကျဆင်း

စာမျက်နှာ » ၃

ညီညွတ်ခြင်းသည် အင်အား

စာမျက်နှာ » ၆

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် ပြစ်ဒဏ်များအကြောင်း သိကောင်းစရာ

စာမျက်နှာ » ၈

ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း

စာမျက်နှာ » ၂၁

အသက်ရှူလေ့ကျင့်ခန်းများများလုပ်ပေးပါ

စာမျက်နှာ » ၂၄


### မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဩဂုတ် ၆

| | | |
|---|---|---|
| ကျောက်ဖြူ | ၇ ဒသမ ၆၄ | လက်မ |
| အမ်း | ၇ ဒသမ ၄၄ | လက်မ |
| သံတွဲ | ၅ ဒသမ ၅၉ | လက်မ |
| တောင်ကုတ် | ၃ ဒသမ ၈၆ | လက်မ |
| သရက် | ၃ ဒသမ ၇၄ | လက်မ |
| စစ်တွေ | ၃ ဒသမ ၇၄ | လက်မ |
| အောင်လံ | ၃ ဒသမ ၆၂ | လက်မ |



ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မျိုးတင်၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်နှင့် တာဝန်ရှိသူများ နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)ရှိ အောက်ဆီဂျင်ထုတ်လုပ်သည့်စက်ရုံအတွင်း အောက်ဆီဂျင်ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)၌ အောက်ဆီဂျင်ထုတ်လုပ်သည့်စက်ရုံ စတင်ဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၆**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် တပင်ရွှေထီးရပ်ကွက်ရှိ နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)ဝင်းအတွင်း တည်ဆောက်ထားသည့် ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန အောက်ဆီဂျင်ထုတ်လုပ်သည့်စက်ရုံ(Liquid Oxygen Plant) (နေပြည်တော်)ကို ယနေ့နံနက်ပိုင်းတွင် စတင်ဖွင့်လှစ်သည်။

**ကြည့်ရှုစစ်ဆေး**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မျိုးတင်၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်နှင့် တာဝန်ရှိသူများသည် နံနက် ၁၀ နာရီတွင် ယနေ့စတင်ဖွင့်လှစ်သည့် အောက်ဆီဂျင်ထုတ်လုပ်သည့်စက်ရုံသို့ ရောက်ရှိကြပြီး စက်ရုံအတွင်း အောက်ဆီဂျင်ထုတ်လုပ်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာသီတာစိုးနှင့် တာဝန်ရှိသူများက အောက်ဆီဂျင် ထုတ်လုပ်မှုအဆင့်ဆင့်၊ ထုတ်လုပ်နိုင်မှုနှင့် ဖြန့်ဖြူးသွားမည့် အခြေအနေများကို လိုက်လံရှင်းလင်းပြသကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

# ယုတ်မာရက်စက်အဖျက်သမားများအား ရှုတ်ချ

ယခုအခါတွင် မြန်မာနိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားလျက်ရှိသဖြင့် ပြည်သူများ ကပ်ရောဂါကင်းဝေးရေး၊ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို နိုင်ငံတော်က အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ ပြည်သူများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသဖြင့် ကိုဗစ်ရောဂါဖြစ်ပွားမှုကို အတော်အသင့် ထိန်းချုပ်လာနိုင်ပြီဖြစ်သည်။ ကိုဗစ်ရောဂါ ဖြစ်ပွားသေဆုံးမှုများ ဆက်လက်မြင့်မားလာခြင်းမရှိဘဲ အခြေအနေကောင်းများရရှိလာပြီဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးများ မကြာခဏပြုလုပ်၍ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ဇူလိုင်လ ၂၃ ရက်နေ့က "မိမိတို့အနေဖြင့် အောက်ဆီဂျင် လုံလောက်စွာရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပြည်ပမှလည်း အထူးအစီအစဉ်တစ်ရပ်အနေဖြင့် မှာယူတင်သွင်းလျက်ရှိသဖြင့် စနစ်တကျသုံးစွဲရန်နှင့် သိုလှောင်မှုနှင့်ပတ်သက်၍လည်း ထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ မြောက်ဥက္ကလာပဆေးရုံတွင် အောက်ဆီဂျင်ပိုက်လိုင်းများ ဖျက်ဆီးခံရသည်ဟု ကြားသိရပြီး ဟုမ္မလင်းဆေးရုံတွင်လည်း အကြောင်းမဲ့လုပ်ငန်းခွင်ပျက်ကွက်ခဲ့သည့် ကျန်းမာရေးဝန်ထမ်းအချို့က အောက်ဆီဂျင်အိုးများကို သိုဝှက်ထားခဲ့သည်ဟု သိရှိရကြောင်း၊ ထိုကဲ့သို့လုပ်ရပ်များသည် အတွေးအခေါ်မဲ့ပြီး စာနာမှုကင်းမဲ့သည့်လုပ်ရပ်များပင်ဖြစ်ပြီး ဆေးရုံများအနေဖြင့်လည်း လူနာများ၏ လုံခြုံရေး တင်းကျပ်စွာလုပ်ဆောင်ကြရန် လိုအပ်မည်ဖြစ်ကြောင်း" အသိပေးပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကင်းဝေးသက်သာလျော့နည်းစေရေးအတွက် အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပြည်သူများကလည်း ရောဂါကာကွယ်၊ ကုသရေး၊ အောက်ဆီဂျင်ရရှိရေး၊ ကာကွယ်ဆေးထိုးနှံရေးတို့တွင် အသိတရားဖြင့် ပါဝင်ဆောင်ရွက်နေကြသည်။ ထိုအချိန်တွင် မသမာသူအဖျက်သမားများက ပြည်သူများ ရောဂါကာကွယ်ကုသရေးလုပ်ငန်းများကို စာနာထောက်ထားမှုကင်းမဲ့စွာဖြင့် အသိအမြင်မဲ့ ယုတ်မာရက်စက်သည့် လုပ်ရပ်များအား ဆက်လက်လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရသည်။ ယခုရက်ပိုင်းအတွင်း ဩဂုတ်လ ၁ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်တွင် ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုကယ်ဆယ်ရေးအဖွဲ့အစည်းများနှင့်တာဝန်ရှိသူများ ပူးပေါင်း၍ ပြည်သူများအား ကိုဗစ်ကာကွယ်ဆေးထိုးနှံရေးဆောင်ရွက်နေစဉ် အနီရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် အကြမ်းဖက်သမားတစ်ဦးက လက်ပစ်ဗုံးနှစ်လုံးဖြင့် ပစ်ခတ်ထွက်ပြေးခဲ့ရာ ကာကွယ်ဆေးထိုးနှံနေသူ ပြည်သူများနှင့် စေတနာ့ဝန်ထမ်းတစ်ဦးတို့ ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။

ဩဂုတ်လ ၃ ရက်နေ့က ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ် မြို့တော်ခန်းမ၌ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုများ ဆောင်ရွက်ပေးနေစဉ် မြို့တော်ခန်းမဝင်ပေါက်၌ အစွန်းရောက်အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်ထိန်းချုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ရာ မြို့တော်ခန်းမအတွင်း၌ ကာကွယ်ဆေးထိုးနှံသူများအား လုံခြုံရေးဆောင်ရွက်ပေးနေသည့် ရဲတပ်ဖွဲ့ဝင်အချို့ ကျဆုံး၊ ဒဏ်ရာရမှုများဖြစ်ပေါ်ခဲ့ပြီး ကာကွယ်ဆေးလာရောက်ထိုးနှံသူ တိုင်းရင်းသားပြည်သူတစ်ဦးနှင့်စေတနာ့ဝန်ထမ်းတစ်ဦးတို့ ဒဏ်ရာများ ရရှိခဲ့သည်။ ဩဂုတ်လ ၅ ရက်နေ့တွင်လည်း ရန်ကုန်မြို့ လှိုင်မြို့နယ်တွင် ရောဂါကာကွယ်ရေး PPE ဝတ်စုံ ဝတ်ဆင်ထားသည့် အကြမ်းဖက်သမားနှစ်ဦးက ဈေးဝယ်ဟန်ဆောင်၍ လုပ်ကြံပစ်ခတ်တိုက်ခိုက်မှုကြောင့် အေးချမ်းစွာနေထိုင်လျက်ရှိသည့် ပြည်သူတစ်ဦး သေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာများရရှိခဲ့သည်။

အကြမ်းဖက်အဖျက်သမားများသည် မြို့ပေါ်တွင်ခိုအောင်း၍ ပြည်သူများအား ကာကွယ်ဆေးထိုးနှံပေးသည့်နေရာများကို ယုတ်မာရက်စက်စွာဖြင့် ဗုံးထောင်ဖောက်ခွဲ အဖျက်လုပ်ရပ်များ လုပ်ကိုင်လျက်ရှိပြီး ရောဂါကာကွယ်ရေးဝတ်စုံဝတ်ဆင်၍ အကြမ်းဖက်သတ်ဖြတ်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် စိတ်စေတနာပြည့်ဝစွာဖြင့် ကူညီဆောင်ရွက်ပေးနေသော ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများနှင့် စေတနာ့ဝန်ထမ်းများအပေါ် အထင်အမြင်လွဲမှားစေခြင်း၊ စိုးရိမ်ထိတ်လန့်ခြင်းနှင့် ယုံကြည်မှုပျက်ပြားစေအောင် ယုတ်မာပက်စက်သောအကြံအစည်ဖြင့် တစိုက်မတ်မတ်ပြုလုပ်နေသည်ကိုတွေ့ရသည်။ ယခုအခါတွင် ကာကွယ်ဆေးထိုးနှံထားခြင်းသည် ရောဂါကာကွယ်ရေးအတွက် များစွာအထောက်အကူပြုသည်ကို သိရှိကြသဖြင့် ပြည်သူများအနေဖြင့် မြို့နယ်အလိုက် ကာကွယ်ဆေးထိုးနှံရေးကို တက်တက်ကြွကြွပါဝင်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေကြစဉ် ဖျက်လိုဖျက်ဆီးလုပ်ကိုင်မှုများကို သတိထားကာကွယ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူလူထု အသက်အိုးအိမ်စည်းစိမ်နှင့် ပြည်သူလူထု ရောဂါကင်းဝေးရေးအတွက် ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို ပစ်မှတ်ထား၍ တိုက်ခိုက်နေကြသော အကြမ်းဖက်အဖျက်သမားများအား ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အပူတပြင်းရှာဖွေဖော်ထုတ်လျက်ရှိရာ မြို့ရွာများတွင် နေထိုင်ကြသော ပြည်သူများအနေဖြင့် ပြည်သူလူထုအသက်အိုးအိမ်စည်းစိမ်ကို ဖျက်ဆီးနေကြသော အကြမ်းဖက်အဖျက်သမားများ၊ မသင်္ကာဖွယ်ရာများကို တွေ့ရှိပါက အသိပေးထားသည့် ဖုန်းနံပါတ်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများသို့ လုံခြုံစိတ်ချစွာဖြင့် အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ ကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံ အသိပေးတိုက်တွန်းအပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးဇော်ကို အစမ်းခန့်ကာလ ( ၁ )နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲ ဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| ( က ) | ဒေါက်တာ ကေသွယ်လှိုင်<br>ဒုတိယပါမောက္ခချုပ်<br>တောင်ကြီးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရန်ကုန်ပညာရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| ( ခ ) | ဒေါက်တာ တင့်မိုးသူဇာ<br>ဒုတိယပါမောက္ခချုပ်<br>ရတနာပုံတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရတနာပုံတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဩဂုတ် ၆

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် (၃၅)မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ (၁၁)ပေခန့် ရှိနိုင်သည်။ မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၆- ၈ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၉၀၀ | ၁၁ | ၉၇,၉၀၀ |
| MTSH | ၃,၃၀၀ | ၃,၂၅၀ | ၁,၀၅၅ | ၃,၄၃၆,၅၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၀ | ၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၀ | ၀ |
| TMH | ၂,၇၅၀ | ၂,၇၀၀ | ၇၃ | ၂၀၀,၆၀၀ |
| EFR | ၃,၁၀၀ | ၃,၁၀၀ | ၀ | ၀ |
| AMATA | ၅,၁၀၀ | ၅,၁၀၀ | ၆ | ၃၀,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဩဂုတ် ၆

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၆၄၇.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၁၉၅၄.၄ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၅၄.၆၄ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၄၉.၃၂၆ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၃၉၀.၆၅ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၂.၂၀၃ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၁၇.၃ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၂၁၈.၉ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၀၁.၀ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၄.၀၇ |

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# စာနာမှုကင်းမဲ့သည့် လုပ်ရပ်

**မိမိတို့အနေဖြင့် အောက်ဆီဂျင်လုံလောက်စွာရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပြည်ပမှလည်း အထူးအစီအစဉ်တစ်ရပ်အနေဖြင့် မှာယူတင်သွင်းလျက်ရှိသဖြင့် စနစ်တကျသုံးစွဲရန်နှင့် သိုလှောင်မှုနှင့်ပတ်သက်၍လည်း ထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ မြောက်ဉက္ကလာပဆေးရုံတွင် အောက်ဆီဂျင်ပိုက်လိုင်းများ ဖျက်ဆီးခံရသည်ဟုကြားသိရပြီး ဟုမ္မလင်းဆေးရုံတွင်လည်း အကြောင်းမဲ့လုပ်ငန်းခွင်ပျက်ကွက်ခဲ့သည့် ကျန်းမာရေးဝန်ထမ်းအချို့က အောက်ဆီဂျင်အိုးများကို သိုဝှက်ထားခဲ့သည်ဟုသိရှိရကြောင်း၊ ထိုကဲ့သို့ လုပ်ရပ်များသည် အတွေးအခေါ်မဲ့ပြီး စာနာမှုကင်းမဲ့သည့် လုပ်ရပ်များပင်ဖြစ်ပြီး ဆေးရုံများအနေဖြင့်လည်း လူနာများ၏ကျန်းမာရေးအတွက် လုံခြုံရေးတင်းကျပ်စွာ လုပ်ဆောင်ကြရန်လိုအပ်မည်ဖြစ်ကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၃-၇-၂၀၂၁ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**



နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်-၁၀၀၀ ရှိ အောက်ဆီဂျင်ထုတ်လုပ်သည့်စက်ရုံ(Liquid Oxygen Plant) (နေပြည်တော်)ကို တွေ့ရစဉ်။




**❖ ရှေ့ဖုံးမှ**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက အောက်ဆီဂျင်ထုတ်လုပ်မှုအဆက်မပြတ်စေရေးအတွက် လိုအပ်သည့် အောက်ဆီဂျင်အရည် (Liquid Oxygen)နှင့် အောက်ဆီဂျင်အိုးများ ဖြည့်တင်းပေးသွားမည့်အခြေအနေကို ရှင်းလင်းပြောကြားပြီး ကြိုတင်စီမံဆောင်ရွက်ထားရန် လိုအပ်သည်များကို မှာကြားသည်။

ယနေ့စတင်ဖွင့်လှစ်သည့် အောက်ဆီဂျင်ထုတ်လုပ်သည့်စက်ရုံ (Liquid Oxygen Plant) (နေပြည်တော်)သည် မြေအကျယ်အဝန်း အလျား ၁၀၂ ပေ၊ အနံ ၆၆ ပေပေါ်တွင် တည်ဆောက်ထားသည့် Steel Structure အမျိုးအစားဖြစ်ပြီး အောက်ဆီဂျင်ဖြည့်စင်၊ ရုံးခန်းနှင့် သိုလှောင်ခန်းတို့ပါဝင်သည့် အဆောက်အအုံနှစ်လုံးပါဝင်ကာ ၁၀ မိနစ်လျှင် လီတာ ၄၀ ဆံ့အိုး ၁၀ လုံး ထုတ်လုပ်နိုင်ကြောင်းနှင့် တစ်ရက်လျှင် လီတာ ၄၀ ဆံ့အိုး ၉၀၀ ခန့် ထုတ်လုပ်နိုင်ကြောင်း သိရသည်။

ထို့ပြင် အောက်ဆီဂျင်ထုတ်လုပ်သည့်စက်ရုံ (Liquid Oxygen Plant) (နေပြည်တော်)မှ ထွက်ရှိသည့် အောက်ဆီဂျင်အိုးများကို နေပြည်တော်ရှိ ပြည်သူ့ဆေးရုံများနှင့် တပ်မတော်ဆေးရုံများသို့ အဓိက ဖြန့်ဖြူးပေးသွားမည်ဖြစ်ပြီး ပိုလျှံပါက တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူ့ဆေးရုံများသို့ ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ယခင်ကထက်စာလျှင် ၄၅ ရာခိုင်နှုန်းခန့်အထိ ကျဆင်း

**နေပြည်တော် ဩဂုတ် ၆**

လက်ရှိတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အများစု၌ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုသည် ယခင်ကထက်စာလျှင် ၄၅ ရာခိုင်နှုန်းခန့်အထိ ကျဆင်းလာသည်ကိုတွေ့ရှိနေရပါကြောင်း၊ အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်မူ ရောဂါဖြစ်ပွားမှုတန့်နေခြင်းကို တွေ့ရှိနေရပါကြောင်း၊ ရောဂါဖြစ်ပွားမှုများ ဆက်လက်ကျဆင်းလာရေးအတွက်လည်း ပိုမိုအားစိုက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ပြောကြားသည်။

**ပြောကြားခဲ့**

ကျန်းမာရေးဝန်ကြီးဌာန ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ကာကွယ်ဆေးများ ဆက်လက်ထိုးနှံရေးအစည်းအဝေးကိုကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ လူနာသေဆုံးမှုများသည် ပိုးတွေ့လူနာများအနေဖြင့် မိမိနေအိမ်၌ ကုသသူများတွင် မြင့်မားနေသည်ကို တွေ့ရှိရပါကြောင်း၊ အိမ်တွင်ကုသခြင်းသည် ရောဂါကြောင့် သေဆုံးမှုနှုန်းများစေသလို အိမ်တွင်း ရောဂါကူးစက်မှုနှုန်းကိုလည်း မြင့်မားစေပါကြောင်း။

**အသက်အန္တရာယ်ရှိသည်အထိဖြစ်စေ**

အထူးသဖြင့် အတူနေသက်ကြီးရွယ်အိုများ၊ ရောဂါအခံရှိသူများအား ကူးစက်ရာမှတစ်ဆင့် ၎င်းတို့တွင် အသက်အန္တရာယ်ရှိသည်အထိဖြစ်စေပါကြောင်း၊ အဆိုပါပုဂ္ဂိုလ်များအနေဖြင့် ယခုအချိန်ကဲ့သို့ ကူးစက်မြန်ပြင်းထန်မျိုးဗီဇပြောင်းရောဂါပိုးကြောင့် ရောဂါဖြစ်ပွားမှုများပြားချိန် မိမိအိမ်၌ နေထိုင်သည့်အချိန်တွင် ပါးစပ်နှင့် နှာခေါင်းစည်းကို အချိန်ပြည့်တပ်ထားရန် လိုအပ်ပါကြောင်း။

**စီစဉ်ဆောင်ရွက်ရန်လို**

ပိုးတွေ့သူအားလုံးအား ပြည်သူလူထုအခြေပြု ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာကုသရေးစင်တာများသို့ ရောဂါပြင်းထန်မှုအလိုက် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့ပြင် ပြည်သူများအနေဖြင့်ဆေးဝါးများ ဝယ်ယူသုံးစွဲရာတွင် မူလကပင်ဈေးနှုန်းမြင့်မားသည့် Branded ဆေးဝါးများကို အလွန်မြင့်မားသည့် ဈေးနှုန်းများပေးကာ ဝယ်ယူသုံးစွဲခြင်းမပြုဘဲ အရည်အသွေးတူ၍ဈေးနှုန်းချိုသာကာ အလွယ်တကူ ဝယ်ယူရရှိနိုင်သည့် အလားတူ ဆေးဝါးများသုံးစွဲလာတတ်စေရေး ပညာပေးလုပ်ငန်းများဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ကာကွယ်ဆေးထိုးနှံပြီးစီးမှုနှုန်းမှာ အားရစရာအခြေအနေဖြစ်၍ တစ်နိုင်ငံလုံး နေ့စဉ်ပျမ်းမျှထိုးနှံနိုင်မှု ၁၅၀၀၀၀ ခန့် ရရှိထိုးနှံနိုင်နေသည်ကိုသိရှိရပါကြောင်း၊ ကာကွယ်ဆေးထိုးနှံရာတွင် လုပ်ငန်းလမ်းညွှန်များအတိုင်း တိကျစွာ ထိုးနှံနိုင်ရေးအရေးကြီးပါကြောင်း၊ စာရင်းဇယားများလည်း သေချာစွာ မှတ်တမ်းထားဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ကာကွယ်ဆေးထိုးအပ်များလည်း လုံလောက်စွာဖြန့်ဝေပြီးဖြစ်ပါကြောင်း၊ ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် တစ်နိုင်ငံလုံး ရည်မှန်းလူဦးရေ၏ ၅၀ ရာခိုင်နှုန်းထိုးနှံသွားနိုင်ရေး ဆက်လက်ကြိုးပမ်းသွားရန်ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အာဆီယံ-အီးယူ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်



**နေပြည်တော် ဩဂုတ် ၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ယနေ့မွန်းလွဲ ၃ နာရီတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည့် အာဆီယံ-အီးယူ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်သည်။

အာဆီယံ-အီးယူ အစည်းအဝေးကို စင်ကာပူနိုင်ငံခြားရေးဝန်ကြီး Vivian Balakrishnan နှင့် အီးယူနိုင်ငံခြားရေးနှင့် မူဝါဒရေးရာ လုံခြုံရေးဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ် Joseph Borrell တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ကြသည်။ အစည်းအဝေးတွင် အာဆီယံ-အီးယူ ပူးပေါင်းဆောင်ရွက်မှုကို သုံးသပ်ခဲ့ကြပြီး ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**ပြောကြား**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အာဆီယံ-အီးယူ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အနာဂတ်အစီအစဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေး၍ စေ့စပ်ညှိနှိုင်းဆောင်ရွက်ရေးသည် အရေးကြီးကြောင်းနှင့် ဘရပ်ဆဲလ်မြို့တွင် ကျင်းပမည့် အာဆီယံ-အီးယူ ဆွေးနွေးဖက်ဆက်ဆံရေး (၄၅) နှစ်ပြည့် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးသည် အာဆီယံပေါင်းစည်းရေး ဦးဆောင်ဦးရွက်ပြုမှု အစီအစဉ် - ၄ (IAI Work Plan IV) ဖော်ဆောင်ရေးအပါအဝင် အားလုံးပါဝင်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးတို့ကို မြှင့်တင်ရေးမှတစ်ဆင့် ကဏ္ဍစုံဆွေးနွေးမှုများဖြင့် ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်သစ်ဖွင့်လှစ်နိုင်မည်ဟု မျှော်လင့်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှု တိုက်ဖျက်ရေးနှင့် အာဆီယံတွင် ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုများ လျော့ပါးစေရေးအတွက် အီးယူ၏ ပံ့ပိုးလှူဒါန်းမှုများကို ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များကို ဆွေးနွေးရာ၌ ပြည်ထောင်စုဝန်ကြီးက အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ခဲ့သည့် အခြေအနေနှင့် ဥရောပသမဂ္ဂ သို့မဟုတ် နိုင်ငံအသီးသီး၏ ပံ့ပိုးမှုများသည် အာဆီယံ သဘောတူညီချက် (၅) ချက်နှင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်တို့ကို အထောက်အကူဖြစ်စေရန် အလေးပေးပြောကြားခဲ့ပြီး ယင်းတို့ထက် ကျော်လွန်ဆောင်ရွက်မှုများသည် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်နှင့် မြန်မာနိုင်ငံတို့အတွက် အကူအညီဖြစ်မည် မဟုတ်ကြောင်း အသိပေးပြောကြားသည်။ မြန်မာနိုင်ငံအနေဖြင့် အထူးကိုယ်စားလှယ်ခန့်အပ်ခြင်းနှင့်စပ်လျဉ်း၍ အီးယူ ပြောရေးဆိုခွင့်ရှိသူ၏ ကြေညာချက်တွင် ဖော်ပြထားသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ (non-state actors) ကို ဖော်ပြခြင်းအပါအဝင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က ၂၀၂၁ ခုနှစ် မေ ၈ ရက်က အကြမ်းဖက်အုပ်စုများအဖြစ် ကြေညာခဲ့ပြီးဖြစ်သည့် CRPH၊ NUG နှင့် ၎င်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံရန်ပြောကြားမှုများကို လက်သင့်မခံကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းသည် အာဆီယံ နိုင်ငံခေါင်းဆောင်များ အစည်းအဝေး၏ သဘောတူညီချက်(၅) ချက်ကို ချိုးဖောက်ရာရောက်ကြောင်း ရှင်းလင်းပြောကြားသည်။

**အလေးပေးပြောကြား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အဓိပ္ပာယ်ပြည့်ဝသည့် နိုင်ငံရေးဆွေးနွေးမှု (meaningful political dialogue) ဆောင်ရွက်ရန် အီးယူ၏ ပြောဆိုချက်အပေါ် အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာထားသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ တရားမဝင်အသင်းအဖွဲ့များ မပါ(မပါ)ဝင်သင့်ကြောင်းနှင့် ယင်းသည် ငြိမ်းချမ်းမှုကိုဖော်ဆောင်သည့် ဖြေရှင်းနည်းဖြစ်လာမည်မဟုတ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို အောင်မြင်စွာ ဖော်ဆောင်ရန်နှင့် မြန်မာနိုင်ငံဒီမိုကရေစီ ပြန်လည်ဖော်ဆောင်နိုင်ရန် အီးယူမှ မြန်မာနိုင်ငံကို ပံ့ပိုးသင့်ကြောင်း၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးနှင့်စပ်လျဉ်း၍ ကိုဗစ်-၁၉ ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ထောက်ပံ့ပေးရေးတွင် AHA Centre နှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း အလေးပေးပြောကြားသည်။

အဆိုပါ အစည်းအဝေး၌ အာဆီယံ-အီးယူ ညှိနှိုင်းရေးမှူးနိုင်ငံက ASEAN Common Statement ကို ဖတ်ကြားခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ နိုင်ငံတစ်နိုင်ငံ၏ကိစ္စရပ်ကို အထူးပြု ထည့်သွင်းမဖော်ပြသင့်ကြောင်းနှင့် နောင်တွင်လည်း ရှောင်ကြဉ်သင့်ကြောင်း၊ ASEAN Common Statement စာပိုဒ် ၂၇ တွင် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို ဆက်လက်ဖော်ပြထားသဖြင့် မြန်မာနိုင်ငံမှ စာပိုဒ် ၂၇ ကို ပါဝင်ပတ်သက်မှုမရှိ၊ လက်မခံကြောင်း ပြည်ထောင်စုဝန်ကြီးက အသိပေးပြောကြားသည်။

အဆိုပါ အစည်းအဝေးများသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိကြီးများလည်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် (၁၄) ကြိမ်မြောက် မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်






**နေပြည်တော် ဩဂုတ် ၆**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် (၁၄) ကြိမ်မြောက် မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး (14th Mekong-Japan Foreign Ministers Meeting)သို့ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်သည်။

အစည်းအဝေးကို ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Motegi Toshimitsu က သဘာပတိအဖြစ် ဆောင်ရွက်ပြီး မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးများက မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှု၏ ဖြစ်ပေါ်တိုးတက်မှုများအပေါ် သုံးသပ်ဆွေးနွေးခဲ့ကြပြီး အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေး၌ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က မိန့်ခွန်းပြောကြားရာတွင် မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှု၏ (၁၄) နှစ်တာကာလအတွင်း များစွာသော စီမံကိန်းများဖြင့် မဲခေါင်ဒေသတွင်း ပြည်သူများအတွက် အကျိုးကျေးဇူးများ ဖော်ဆောင်နိုင်ခဲ့ကြောင်း၊ အစဉ်အလာ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် ပြည်သူအချင်းချင်းရင်းနှီးချစ်ကြည်မှုတို့ကို ခိုင်မာစေသည့် ကောင်းမွန်သော အခြေခံကောင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ တတိယလှိုင်း ဖြစ်ပွားမှုကို ရင်ဆိုင်နေရသည့် ခက်ခဲသောကာလဖြစ်ပြီး ကာကွယ်ဆေး၊ ကုသဆေးနှင့် အောက်ဆီဂျင်များ အရေးပေါ်လိုအပ်လျက်ရှိကြောင်း၊ ဂျပန်နိုင်ငံအစိုးရမှ လူနာတင်ယာဉ်များ၊ အောက်ဆီဂျင်စက်များ လှူဒါန်းမှုနှင့် ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေး ပြန်လည်ထူထောင်ရန် COVID-19 Crisis Response Emergency Support Loan အမေရိကန်ဒေါ်လာ သန်း ၂၈၀ ပေးအပ်ခဲ့ခြင်းတို့အပေါ် အထူးကျေးဇူးတင်ရှိကြောင်း၊ COVAX program မှတစ်ဆင့် ကိုဗစ်ကာကွယ်ဆေးများ ရရှိနိုင်ရေး ကူညီပံ့ပိုးနိုင်ရန် တိုက်တွန်းကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မဲခေါင်ဒေသအတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီများ ပေးအပ်ရာတွင် "တိုကျိုမဟာဗျူဟာ ၂၀၁၈" (Tokyo Strategy 2018) အောင်မြင်မှုများကို ချီးကျူးပြောကြားခဲ့ပြီး မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၏ အနာဂတ်ပူးပေါင်းဆောင်ရွက်မှုအတွက် မဟာဗျူဟာအသစ်ရေးဆွဲရာတွင် ဒစ်ဂျစ်တယ်ဆက်သွယ်ချိတ်ဆက်မှု တိုးမြှင့်ဖော်ဆောင်ရေး၊ ကျန်းမာရေးနှင့် ကာကွယ်ဆေးထိုးပြီးကြောင်း သက်သေခံလက်မှတ်များကို အပြန်အလှန်အသိအမှတ်ပြုရေး၊ ခရီးသွားလာရေးအတွက် လိုအပ်သည့် အထောက်အထားနှင့် လုပ်ငန်းစဉ်များ တစ်ပြေးညီဖြစ်စေရေးအစရှိသည့် ဖွဲ့စည်းမှုဆိုင်ရာ ချိတ်ဆက်ညှိနှိုင်းမှုများ တိုးမြှင့်ဆောင်ရွက်ရန် ထည့်သွင်းရေးဆွဲသွားရေးတို့ကိုလည်း အကြံပြုဆွေးနွေးသည်။

ထို့အပြင် မဲခေါင်ဒေသအတွင်း လူတိုင်း ကျန်းမာရေးဝန်ဆောင်မှုရရှိစေရေး ရည်မှန်းချက်အား အကောင်အထည်ဖော်သည့် လုပ်ငန်းစဉ်အစိတ်အပိုင်းတစ်ရပ်အဖြစ် ကိုဗစ်ကာကွယ်ဆေး ပူးတွဲသုတေသနလုပ်ငန်းများ၊ ကာကွယ်ဆေးထုတ်လုပ်ရေးအတွက် အကူအညီပေးမှုများ၊ ကာကွယ်ဆေး တစ်ပြေးညီရရှိရေးစသည်တို့ကို ဦးစားပေးဆောင်ရွက်သွားရန်နှင့် စီးပွားရေးပြန်လည်ထူထောင်ရေးအတွက် မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှုအောက်တွင် ပူးတွဲလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရန် ထောက်ခံကြောင်းနှင့် မြန်မာနိုင်ငံအတွင်း လက်ရှိဖြစ်ပေါ်တိုးတက်မှုတို့ကို ထည့်သွင်းဆွေးနွေးသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်သည်။

မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှုသည် မဲခေါင်ဒေသအတွင်း လူမှုရေး၊ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထောက်အကူပြုရန် မဲခေါင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံများနှင့် ဂျပန်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းစဉ်ဖြစ်ပြီး ဂျပန်နိုင်ငံမှ ရန်ပုံငွေနှင့် နည်းပညာအကူအညီများ ပေးအပ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဘဏ်လုပ်ငန်းဆောင်ရွက်နေမှုများအား စစ်ဆေး




**နေပြည်တော်   ဩဂုတ်  ၆**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)၊ ပျဉ်းမနားမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ပုဗ္ဗသီရိမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်တို့သို့ သွားရောက်၍ ဘဏ်များ၌ ငွေသွင်း/ငွေထုတ် ဆောင်ရွက်နေမှုများ၊ အစိုးရဌာနအဖွဲ့အစည်းများသို့ လစာနှင့် အသုံးစရိတ်များ ထုတ်ပေးနေမှုနှင့် ဘဏ်လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဌာနအကြီးအကဲများနှင့်တွေ့ဆုံ၍ ဘဏ်လုပ်ငန်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ မှာကြားသည်။

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်) သည် ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် တပ်ရင်းတပ်ဖွဲ့များသို့ လစာထုတ်ပေးမှုနှင့် အသုံးစရိတ်များထုတ်ပေးနေမှုများကို ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားသည့်အချိန်မှစ၍ သီးခြားကောင်တာများဖွင့်လှစ်ပြီး ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဘဏ်နှင့်ဆက်သွယ်သူ ပြည်သူများ၏ ငွေစုဘဏ်အပ်ငွေ၊ စာရင်းရှင်အပ်ငွေ၊ စာရင်းသေအပ်ငွေ၊ အချိန်ပိုင်းအပ်ငွေ စသည့်အပ်ငွေအမျိုးမျိုးကို လက်ခံခြင်းနှင့် ချေးငွေအမျိုးမျိုးကို ထုတ်ချေးခြင်း၊ ပြည်တွင်းပြည်ပငွေလွှဲလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူများ ငွေသွင်း၊ ငွေထုတ်မှုများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ လုံခြုံစိတ်ချမှုအပြည့်အဝရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)တွင် ဌာနအကြီးအကဲများနှင့်တွေ့ဆုံ၍ လမ်းညွှန်မှာကြားရာ၌ ရုံးပိတ်ရက်ရှည် ကာလအတွင်း ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုအခြေအနေများကြားမှ ဘဏ်ဝန်ထမ်းများအနေဖြင့် ပင်စင်လစာများနှင့် ဝန်ထမ်းလစာများကို အဆင်ပြေစွာထုတ်ပေးနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများ၊ စီးပွားရေးလုပ်ငန်းများ စဉ်ဆက်မပြတ်လုပ်ကိုင်နိုင်ရန် ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော စီးပွားရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများသို့ ဘဏ်လုပ်ငန်းများ ပုံမှန်ဆောင်ရွက်ပေးနေမှုများအတွက် ဘဏ်ဝန်ထမ်းများအား အသိအမှတ်ပြုကြောင်းနှင့် ဝန်ထမ်းများအနေဖြင့် မိမိတို့၏လုပ်ငန်းတာဝန်များကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ တာဝန်ကျေပွန်စွာ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ဝန်ထမ်းများ၏ လိုအပ်ချက်များကို ရုံးချုပ်မှ တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပျဉ်းမနားမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဗ္ဗသီရိမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်တို့သို့ ဆက်လက်သွားရောက်ခဲ့ပြီး ဘဏ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းများဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးခြင်း၊ လိုအပ်သည်များအား လမ်းညွှန်မှာကြားခြင်း၊ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့်အဖွဲ့ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပြည်သူ့ဆေးရုံများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးစုရပ်များသို့ ကွင်းဆင်းကြည့်ရှု

**ရန်ကုန်   ဩဂုတ်  ၆**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းသည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးအောင်မင်း၊ ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာလှ၊ ရန်ကုန်တိုင်းဒေသကြီး ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမင်း၊ ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီဟ၊ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်မှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့သည်။



**ကြည့်ရှုစစ်ဆေး**

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးမြို့ တက္ကသိုလ်ဆေးရုံတွင် ဖွင့်လှစ်ထားသော ကိုဗစ်ကုသရေးစင်တာတွင် တည်ဆောက်မည့် အောက်ဆီဂျင်ထုတ်သည့်စက်ကို ကြည့်ရှုစစ်ဆေးပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေသော ကျန်းမာရေးဝန်ထမ်းများအတွက် ရောဂါကာကွယ်ရေး တစ်ကိုယ်ရေသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပဲခူးမြို့ မြို့တော်ခန်းမတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေး၍ ပဲခူးမြို့ ကလိဆေးရုံတွင် တည်ဆောက်ထားသော အောက်ဆီဂျင်ထုတ်သည့်စက်ကို ကြည့်ရှုစစ်ဆေးပြီး ကလိဆေးရုံတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများကို အားပေးစကားပြောကြားသည်။

ထို့နောက် ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီးတွင် တည်ဆောက်ပြီးစီးထားသော Liquid Oxygen Tank နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းထားသော တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်ဆလင်ဒါ ၅၀ ထွက်ရှိသော အောက်ဆီဂျင်ထုတ်သည့်စက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်၊ သမားတော်များ၊ ဆရာဝန်များ၊ သူနာပြုများအားတွေ့ဆုံ၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး တစ်ကိုယ်ရေသုံးပစ္စည်းများ ပေးအပ်သည်။ ထို့နောက် သနပ်ပင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ကဝမြို့နယ် သက္ကလတိုက်နယ်ဆေးရုံတွင် တာဝန်ထမ်းဆောင်နေသော တိုက်နယ်ဆရာဝန် ဒေါက်တာဇင်ကိုလတ်နှင့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံ၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး တစ်ကိုယ်ရေသုံးပစ္စည်းများ ထောက်ပံ့သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံ၊ သုံးခွမြို့နယ် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာနှင့် သုံးခွမြို့နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိကာ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ



**နေပြည်တော်   ဩဂုတ်  ၆**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီ ၇၈ ခုမှ Blood Pressure Monitor ၁၀၂၀၊ Cipremi Lyophilized Powder for Injection အခု ၁၅၈၄၀၊ Enoxaparin Injection ၄၁၀၃၆ ခု၊ Flow Meter ၆၂၅ ခု၊ Oxygen Regulator ၅၅၀၅ ခု၊ Oximeter ၂၄၀၃၅ ခု၊ Oxygen Cannula အခု ၂၀၀၀၊ Oxygen Concentrator ၃၃၈၉ ခု၊ ရန်ကုန်ဆိပ်ကမ်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ကုသရေး ဆေးနှင့် အခြားဆေးမျိုးစုံ ၃၀၁၉၈ ဒသမ ၈၇ ကီလိုဂရမ်၊ နယ်စပ် (မူဆယ်၊ ချင်းရွှေဟော်၊ ကော့သောင်း၊ မြဝတီ) တွင် ကုမ္ပဏီ ၅၂ ခုမှ နှာခေါင်းစည်း ၅၃၄၉၄ ခု၊ Sodium Chloride Injection အခု ၂၆၅၀၀၊ Disposable Cap အခု ၂၈၀၀၊ Liquid Oxygen ၁၅၃၅၇ ဒသမ ၅၈ ကုဗမီတာ၊ Liquid Oxygen ၁၈ ဒသမ ၅ တန်၊ Oxygen Concentrator ၁၀၆၅ ခု၊ Flow Meter အခု ၆၈၁၀၊ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၄၀၂၅၀၊ Oxygen Plant ငါးခု၊ Oximeter အခု ၂၀၀၀၊ Oxygen Cylinder ၆၄၇၅ ခု၊ Vitamin C Tablet အခု ၃၉၀၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ညီညွတ်ခြင်းသည် အင်အား . . .

**တိုင်းပြည်မှာ ဆူပူအကြမ်းဖက်အဖျက်လုပ်ရပ်တွေ ပေါ်ပေါက်နေတာဟာ ဘယ်လိုအကြောင်းပြချက်နဲ့ပဲဖြစ်ဖြစ် မကောင်းတဲ့အဖြစ်တွေပါပဲ။ ဆူပူမှုတွေ၊ အကြမ်းဖက်မှုတွေ ပေါ်ပေါက်နေမယ်ဆိုရင် ပြည်သူတွေ ဘယ်သူမှဝမ်းသာကြမှာ မဟုတ်ပါဘူး။ မြို့ရွာတွေမှာရှိတဲ့ ပြည်သူလူထုအများစုဟာ အကြမ်းဖက်အဖျက်လုပ်ရပ်တွေကြောင့် ကြောက်ရွံ့စိုးရိမ်ထိတ်လန့်မှုတွေနဲ့ ပူပန်သောက ရောက်နေကြမယ်ဆိုတာ လူတိုင်းသိကြပါတယ်။ ပြည်သူအားလုံးနဲ့ ခြုံကြည့်မယ်ဆိုရင် မကောင်းမှုတွေကို ဝမ်းသာအားရဖြစ်နေတဲ့သူတွေက အနည်းစုဖြစ်ပြီး စိုးရိမ်ထိတ်လန့်ဖြစ်ကြတဲ့ ပြည်သူတွေက အများစုဖြစ်မှာ သေချာပါတယ်။**

ဘမောင်တိုး

ဆူပူမှုတွေ၊ အကြမ်းဖက်မှုတွေကို ဘယ်သူမှ မလိုလားကြပါဘူး။ လိုလားကြပါတယ်ဆိုသူတွေက ဆူပူလိုသူတွေ၊ အဖျက်သမားတွေ၊ အမှန်နဲ့ အမှားကို ကွဲကွဲပြားပြား မမြင်နိုင်တဲ့သူတွေပဲ ဖြစ်ပါတယ်။ ဆူပူမှုတွေ၊ အကြမ်းဖက်မှုတွေနဲ့ ပတ်သက်လို့ မြို့ရွာတွေအေးချမ်းတည်ငြိမ်အောင်၊ အဖျက်လုပ်ရပ်တွေ ကင်းစင်အောင် လုံခြုံရေးတပ်ဖွဲ့တွေက အဆက်မပြတ်ပြုလုပ်ပေးနေတာ တောက်လျှောက်ပါပဲ။ လုံခြုံရေးတပ်ဖွဲ့တွေဟာ အေးချမ်းစွာ နေထိုင်ကြတဲ့ ပြည်သူတွေကို ကာကွယ်စောင့်ရှောက်ပေးနေပြီး ဆူပူသူတွေ၊ အကြမ်းဖက် အဖျက်လုပ်ရပ် လုပ်နေတဲ့သူတွေကို တားဆီးကာကွယ်ပေးနေတာတွေဟာ မိဘပြည်သူ ပြည်သူလူထုအားလုံးရဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးနေတာ ဖြစ်ပါတယ်။

### အကြမ်းဖက်သမားကိုဖမ်းဆီး

ယခုရက်ပိုင်းအတွင်း ဆူပူအကြမ်းဖက်မှုတွေကို တားဆီးတိုက်ဖျက်လိုက်နိုင်တာတွေကို တွေ့မြင်လိုက်ရတော့ ပြည်သူထဲက ပြည်သူတစ်ယောက်အနေနဲ့ ကျေနပ်ဝမ်းမြောက်မိပါတယ်။ ပြည်သူထဲက ပြည်သူတွေအနေနဲ့လည်း သင်ခန်းစာတွေကို ဖော်ထုတ်ရရှိလိုက်ကြမှာ ဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်ထဲက ပန်းဆက်ရွာကဖြစ်စဉ်နဲ့ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့က ဖြစ်စဉ်တွေဟာ သင်ခန်းစာယူစရာ၊ မှတ်သားစရာတွေ ဖြစ်ပါတယ်။ မိတ္ထီလာဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေရဲ့ သတင်းတွေကို အကြမ်းဖက် PDF သင်တန်းဆင်းလာသူ အောင်ချစ်ကိုဆီကို သတင်းပို့နေတဲ့ သိန်းသိန်းအိ (ခေါ်) ကုလားမကို ဇူလိုင်လ ၂၆ ရက်နေ့ ညပိုင်းက မိတ္ထီလာ နန်းတော်ကုန်းရပ်ကွက် ၎င်းရဲ့ နေအိမ်မှာ ဖမ်းဆီးမိရာက ဇာတ်လမ်းပေါ်လာပါတယ်။ TNLA အကြမ်းဖက် သောင်းကျန်းသူနယ်မြေမှာ သင်တန်းတက်ပြီး မိတ္ထီလာကို ပြန်ရောက်နေတဲ့ အောင်ချစ်ကို ကို ကုန်မာဆိုင်တစ်ဆိုင်မှာ ဖမ်းဆီးရမိခဲ့ပြီး တရားခံလက်ခံထားသူ လင်မယားနှစ်ယောက်ကိုပါ ဖမ်းဆီးရမိခဲ့ပါတယ်။

အောင်ချစ်ကိုဟာ သူ့ရဲ့အပေါင်းပါတွေနဲ့ ဧပြီလ ၂၇ ရက်နေ့မှာ မိတ္ထီလာမြို့က ခရိုင်ပညာရေးမှူးရုံးနဲ့ မြို့နယ်လဝကရုံးတွေကို လက်လုပ်ဗုံးနဲ့ ပစ်ခတ်ဖောက်ခွဲခဲ့သူဖြစ်ပါတယ်။ မေလ ၆ ရက်နေ့မှာ ၎င်းနဲ့အပေါင်းပါတွေက အမက(၃၀) ကျောင်းမှာ ဆရာ ဆရာမတွေ ကျောင်းပြန်လည်ဖွင့်လှစ်နိုင်ရေး အစည်းအဝေးပြုလုပ်နေစဉ်မှာ ကျောင်းတွေ ပြန်မဖွင့်နိုင်အောင် ကျောင်းဝင်းထဲကို လေးခွနဲ့ ပစ်တာ၊ ကျောင်းဝင်းထဲကို ဝင်ရောက်ပြီး ဆရာ ဆရာမတွေရဲ့ မော်တော်ဆိုင်ကယ်သုံးစီးကို မီးရှို့ဖျက်ဆီးတာတွေ ပြုလုပ်ခဲ့ပါတယ်။ နောက်တစ်နေ့ မေလ ၇ ရက်နေ့မှာ ခရိုင်ပညာရေးမှူးရုံးထဲ ဝင်ရောက်ပြီး ဆရာ ဆရာမတွေရဲ့ မော်တော်ဆိုင်ကယ်ခြောက်စီးကို ဓာတ်ဆီလောင်း မီးရှို့ဖျက်ဆီးခဲ့တာကို အွန်လိုင်းပေါ်က စီစီတီဗွီမှတ်တမ်းမှာ တွေ့မြင်ကြရမှာဖြစ်ပါတယ်။ ဆက်လက်၍ ဖောက်ခွဲရေးလုပ်ငန်းတွေ လုပ်ကိုင်နိုင်ဖို့အတွက် လက်လုပ်မိုင်းတွေကို မြေအောက်ခန်းမှာ ပြုလုပ်ခဲ့တဲ့ ရွှေအုန်းပင်ထမင်းဆိုင်က ရရှိခဲ့ပါတယ်။

> **ဇူလိုင်လ ၂၈ ရက်နေ့ နံနက် ၆ နာရီခန့်က စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ပန်းဆက်ကျေးရွာကို အကြမ်းဖက်သောင်းကျန်းသူ အင်အား ၃၀၀ ခန့်က လက်နက်ငယ်တွေနဲ့ အကြောင်းမဲ့ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အဆိုပါကျေးရွာသားတစ်ဦး လက်နက်ငယ်ထိမှန် သေဆုံးခဲ့ပြီး ရွာသားငါးဦး ဒဏ်ရာများရရှိခဲ့ပါတယ်။ ဆက်လက်၍ အကြမ်းဖက်သောင်းကျန်းသူ အင်အား ၁၀၀ ခန့်ဟာ ပန်းဆက်ကျေးရွာရဲ့ အနောက်တောင်ဘက်မှာရှိတဲ့ တောင်ဖြူကျေးရွာအနီးတစ်ဝိုက်ကို ရောက်ရှိလာရာ ကျေးရွာသားတွေ ညီညီညွတ်ညွတ် ဝိုင်းဝန်းပိတ်ဆို့ ဖမ်းဆီးခဲ့တာကြောင့် အကြမ်းဖက်သောင်းကျန်းသူသုံးဦးကို အသေရမိခဲ့ပြီး တူမီးသေနတ်အလက် ၅၀ အပါအဝင် အကြမ်းဖက်သောင်းကျန်းသူ ၅၃ ဦးကို အရှင်ဖမ်းဆီးရမိခဲ့**

### လက်ရဲဇက်ရဲလုပ်ကိုင်ခဲ့

တရားခံအောင်ချစ်ကိုဟာ ဆူပူအကြမ်းဖက်မှုတွေမှာ ပါဝင်ဆောင်ရွက်နေတာကြောင့် မေလ ၁၈ ရက်နေ့မှာ ပုဒ်မ - ၅၀၅ (က)နဲ့ အမှုဖွင့်ခံထားရသူဖြစ်ပြီး ဖမ်းဆီးရန်ကျန်ရှိနေတဲ့ ဆက်စပ်တရားခံ ဇင်မင်းဖြိုးရဲ့ စေခိုင်းချက်အရ TNLA အကြမ်းဖက်သောင်းကျန်းသူတွေ လှုပ်ရှားလျက်ရှိတဲ့ ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ် ခွန်ကော်အုပ်စု အုန်အီးကျေးရွာမှာ မေလ ၅ ရက်မှ ၂၅ ရက်နေ့အထိ ဖွင့်လှစ်ခဲ့တဲ့ ဖောက်ခွဲဖျက်ဆီးရေးသင်တန်းကို တက်ရောက်ခဲ့ပါတယ်။ သင်တန်းမှ ပြန်ရောက်ချိန်မှာ အခြားသူတွေကိုလည်း ဖောက်ခွဲရေးသင်တန်းတက်ရောက်ဖို့ စည်းရုံးချိတ်ဆက်မှုတွေ ပြုလုပ်ခဲ့ကြောင်း သိရပါတယ်။ အောင်ချစ်ကိုနဲ့ အပေါင်းပါတွေဟာ ဖေဖော်ဝါရီလ၊ မတ်လ ဆူပူအကြမ်းဖက်မှုတွေမှာ ပါဝင်လှုပ်ရှားခဲ့ပြီး ဧပြီလမှစလို့ မိတ္ထီလာမြို့ပေါ်မှာ အဖျက်လုပ်ငန်းတွေနဲ့ အပြစ်မဲ့ပြည်သူတွေကို ပစ်ခတ်လုပ်ကြံမှုတွေ ပြုလုပ်နိုင်ဖို့ ကြိုးစားခဲ့ပါတယ်။ အောင်ချစ်ကိုနဲ့ အပေါင်းပါတစ်စုဟာ ဧပြီလ၊ မေလ၊ ဇွန်လနဲ့ ဖမ်းဆီးရမိတဲ့ ဇူလိုင်လ ၂၇ ရက်နေ့အထိ မိတ္ထီလာမြို့ပေါ်မှာ အဖျက်လုပ်ငန်းတွေနဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေကို လက်ရဲဇက်ရဲ အချိန်ကြာမြင့်စွာ လုပ်ကိုင်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

နောက်ဖြစ်စဉ်တစ်ခုကတော့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အပြစ်မဲ့ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ထောက်ထားညှာတာမှု ကင်းမဲ့စွာနဲ့ နည်းမျိုးစုံ နှောင့်ယှက်ဖျက်ဆီးတာတွေ ပြုလုပ်နေတဲ့ အကြမ်းဖက်သောင်းကျန်းသူတွေ အနက် ၅၃ ဦးကို လက်နက်ခဲယမ်းတွေနဲ့အတူ လက်ရဖမ်းဆီးရမိခဲ့ခြင်း ဖြစ်ပါတယ်။

**ဇူလိုင်လ ၂၈ ရက်နေ့ နံနက် ၆ နာရီခန့်က စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ပန်းဆက်ကျေးရွာကို အကြမ်းဖက်သောင်းကျန်းသူ အင်အား ၃၀၀ ခန့်က လက်နက်ငယ်တွေနဲ့ အကြောင်းမဲ့ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အဆိုပါကျေးရွာသားတစ်ဦး လက်နက်ငယ်ထိမှန် သေဆုံးခဲ့ပြီး ရွာသားငါးဦး ဒဏ်ရာများ ရရှိခဲ့ပါတယ်။ ဆက်လက်၍ အကြမ်းဖက်သောင်းကျန်းသူ အင်အား ၁၀၀ ခန့်ဟာ ပန်းဆက်ကျေးရွာရဲ့ အနောက်တောင်ဘက်မှာရှိတဲ့ တောင်ဖြူကျေးရွာအနီးတစ်ဝိုက်ကို ရောက်ရှိလာရာ ကျေးရွာသားတွေ ညီညီညွတ်ညွတ် ဝိုင်းဝန်းပိတ်ဆို့ ဖမ်းဆီးခဲ့တာကြောင့် အကြမ်းဖက်သောင်းကျန်းသူသုံးဦးကို အသေရမိခဲ့ပြီး တူမီးသေနတ် အလက် ၅၀ အပါအဝင် အကြမ်းဖက်သောင်းကျန်းသူ ၅၃ ဦးကို အရှင်ဖမ်းဆီးရမိခဲ့ကြောင်း သိရပါတယ်။**

### အပြီးအတေးတိုက်ခိုက်

အဆိုပါဖြစ်စဉ်နှစ်ခုကို ကြည့်မယ်ဆိုရင် ပန်းဆက်ကျေးရွာနဲ့ တောင်ဖြူကျေးရွာသားတွေဟာ မိမိတို့ရွာကို မိမိတို့ ကာကွယ်စောင့်ရှောက်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ အချိန်တိုကာလအတွင်း ပန်းဆက်ကျေးရွာနဲ့ တောင်ဖြူကျေးရွာကို လာရောက်ဖျက်ဆီးတိုက်ခိုက်ကြတဲ့ အကြမ်းဖက်သောင်းကျန်းသူတွေကို ညီညီညွတ်ညွတ် ရဲဝံ့စွာ ခုခံတွန်းလှန်ကြပြီး လုံခြုံရေးတပ်ဖွဲ့တွေကလည်း အချိန်မီ လာရောက်ကူညီကာကွယ်စောင့်ရှောက်ပေးတဲ့အတွက် အကြမ်းဖက်သောင်းကျန်းသူ ရာနှင့်ချီတဲ့အင်အားတွေအနက် အကြမ်းဖက်သမား ၅၀ ကျော်ကို လက်ရဖမ်းဆီးနိုင်ခဲ့ပါတယ်။

အကြမ်းဖက် သောင်းကျန်းသူတွေဟာ ပန်းဆက်ကျေးရွာကို အပြီးအတေးထားပြီး အခြားရွာတွေ အကြောက်တရားကြီးအောင် နမူနာလုပ်ပြဖို့အတွက် လာရောက်တိုက်ခိုက်ကြတာဖြစ်ပြီး ရွာသားတွေညီညွတ်မှုနဲ့ ခုခံကြသလို လုံခြုံရေးတပ်ဖွဲ့တွေ အချိန်မီကူညီပေးလို့ ထင်သလိုဖြစ်မလာဘဲ အဖျက်သမားတွေပဲ အသေ/ အရှင် ဖမ်းဆီးရမိတာ ဖြစ်ပါတယ်လို့ ရွာသားတစ်ဦးက ပြောပါတယ်။

ကျေးရွာသားတွေက "ပန်းဆက်ရွာကို သောင်းကျန်းသူတွေ လာဝိုင်းတဲ့ကိစ္စကတော့ ပြီးသွားပါပြီ။ ရွာဘက်က တစ်ဦးကျ၊ သုံးဦး ဒဏ်ရာရလို့ စိတ်မကောင်းစရာပေါ့။ လာဝိုင်းတဲ့ သောင်းကျန်းသူ အင်အား သုံးလေးငါးရာလောက်ရှိတယ်။ ရွာက လူညီပြီး ပတ်လည်မှာ ကတုတ်တွေနဲ့ ခုခံထားလို့ ရွာကတော့ မကျပါဘူး။ လုံခြုံရေးတပ်ဖွဲ့က အချိန်မီရောက်လာလို့ အောင်မြင်တာပါ။ ပန်းဆက်နဲ့ သုံးလေးမိုင်ဝေးတဲ့ တောင်ဖြူရွာကိုလည်း အင်အားတစ်ရာခန့်ဝင်ပါတယ်။ ရွာက လူညီပြီး တိုက်နည်း ဗျူဟာတွေကောင်းတော့ ဒီကောင်တွေ ခံသွားရတယ်။ သူတို့ရွာထဲဝင်ဖို့ သေနတ်ဖောက်ကြတာ၊ သူတို့သေနတ်တွေက တူမီးတွေဆိုတော့ ယမ်းထောင်းနေတဲ့အချိန် ရွာသားတွေက တူမီးနဲ့ပဲ ဝိုင်းလိုက်တာ ၅၀ ကျော် အရှင်မိပါတယ်။ ခုတော့ လုံခြုံရေးတပ်ဖွဲ့ကို လွှဲလိုက်ပါတယ်။ တောင်ဖြူကတော့ ပြောင်မြောက်လှပါတယ်။ ဘာပဲဖြစ်ဖြစ် ပန်းဆက်ရော၊ တောင်ဖြူရော ဒီနေ့ကိစ္စကို ချီးကျူးပါတယ်။ အသိအမှတ်လည်း ပြုရမှာပါ။ လုံခြုံရေးတပ်ဖွဲ့ အချိန်မီရောက်လာတာကိုလည်း ကျေးဇူးတင်ပါတယ်၊ ရှေ့လျှောက် မင်းကင်းမြို့နယ် လုံခြုံရေးကို ဦးစားပေးသင့်ပါကြောင်း အကြံအကဲများကို တင်ပြပါတယ်" ဟု အကြမ်းဖက်မှုကို မလိုလားတဲ့ အသံတွေကို ကြားခဲ့ရပါတယ်။

### ညီညွတ်မှုဟာအရေးကြီး

**မိတ္ထီလာဖြစ်စဉ်ကတော့ အကြမ်းဖက်အဖျက်သမား ဆယ်ဦးမကျော်တဲ့ လူတစ်စုဟာ ဧပြီလကစလို့ ဖမ်းဆီးရမိတဲ့ ဇူလိုင်လကုန်အထိ မိတ္ထီလာမြို့ပေါ်မှာ အကြမ်းဖက်လုပ်ရပ်တွေကို လန့်ချီကြာ လုပ်ကိုင်ခဲ့ပါတယ်။ လူဦးရေ သိန်းချီရှိတဲ့ မြို့နေပြည်သူတွေဟာ အကြမ်းဖက်သမား လူတစ်စုရဲ့ အကြမ်းဖက်လုပ်ရပ်တွေကြောင့် စိုးရိမ်ပူပန်မှုဖြစ်ကြပေမယ့် ဒီအကြမ်းဖက်သမား လူတစ်စုရဲ့ အန္တရာယ်ကို ဟန့်တားလုပ်ဆောင်နိုင်ခြင်း မရှိခဲ့ပါဘူး။ ထုံးစံအတိုင်းပင် အကြမ်းဖက်သမားတွေရဲ့ ခြိမ်းခြောက်မှုတွေ၊ ဒလန်လို့ စွပ်စွဲသတ်ဖြတ်ခံရမှာတွေကို ကြောက်ရွံ့နေကြလို့ ဖြစ်တန်ကောင်းပါတယ်။ ဒါ့ကြောင့်လည်း အကြမ်းဖက်သမား လူတစ်စုက မိတ္ထီလာမြို့ပေါ်မှာ လက်ရဲဇက်ရဲ အချိန်ကြာမြင့်စွာ အဖျက်လုပ်ရပ်တွေ လုပ်ကိုင်နိုင်တာဖြစ်ပါတယ်။ အဓိကမှာ ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှု၊ ညီညွတ်မှုဟာ အရေးကြီးဆုံးဖြစ်တယ်ဆိုတာကို မင်းကင်းမြို့နယ်ဖြစ်စဉ်နဲ့ မိတ္ထီလာမြို့နယ် ဖြစ်စဉ်တွေက လက်တွေ့သက်သေပြထားပြီးဖြစ်ပါတယ်။**

ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်တိုင်းပြည် ငြိမ်းချမ်းသာယာရေးအတွက် ပြည်သူတွေရဲ့အားဟာ အရေးအကြီးဆုံးဖြစ်ပါတယ်။ ပြည်သူတွေရဲ့ ညီညွတ်မှုဟာ အထိရောက်ဆုံး ဖြစ်ပါတယ်။ ညီညွတ်ကြရင် အဖျက်အန္တရာယ်ကို တစ်ရက်တည်းနဲ့ကာကွယ်နိုင်ပြီး မညီညွတ်ကြရင် လပေါင်းရှည်ကြာ ဒုက္ခအခက်အခဲ ခံစားရနိုင်ပါတယ်။

တိုင်းပြည်ပျက်စီးရေး လမ်းကြောင်းပေါ်မှာ ညီညွတ်ကြရင် အစိုးရမထိခိုက်ဘဲ တိုင်းပြည်နဲ့ လူထုထိခိုက်နိုင်ပါတယ်။ မိမိတို့လည်း ပျက်စီးမှာဖြစ်ပြီး တိုင်းပြည်မပျက်စီးရေးအတွက် အကြမ်းဖက် အဖျက်သမားသောင်းကျန်းသူ သတင်းတွေကို လုံခြုံရေးတပ်ဖွဲ့အား အသိပေးခြင်းဖြင့် ပူးပေါင်းကူညီကြရင် တိုင်းပြည်ငြိမ်းချမ်းသာယာပြီး ပြည်သူတွေလည်း စိတ်ချမ်းသာမှာဖြစ်ပါကြောင်း။ ။

# ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကုသရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်း

**ရန်ကုန် ဩဂုတ် ၆**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကုသရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးအောင်သန်းဦးက တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်ပြီး ကိုဗစ်စင်တာများ ဖွင့်လှစ်မှုအခြေအနေ၊ ကိုဗစ်စင်တာများ ဖွင့်လှစ်ရာတွင် အလှူရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ အောက်ဆီဂျင် လိုအပ်မှုကို ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုအခြေအနေ၊ ဆေးနှင့်ဆေးပစ္စည်းများ ဈေးနှုန်းမှန်ကန်စေရေးနှင့် အခြေခံစားသောက်ကုန်များ ဈေးနှုန်းကြီးမြင့်မှုမရှိစေရန် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသွားမည် ဖြစ်ကြောင်း။

### ဆက်လက်ဆောင်ရွက်ပေးနေ

ပထမအချက်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သည် ဖေဖော်ဝါရီ ၁၇ ရက်မှစပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ပမှ ပြန်လည်ရောက်ရှိလာကြသည့် ပြည်သူများကို ဖောင်ကြီးစင်တာနှင့် ရိုးမစင်တာတို့ကိုဖွင့်၍ စတင်လက်ခံခဲ့ကြောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ အကူအညီဖြင့် ဆေးတပ်ဖွဲ့မှ ဆရာဝန်ကြီးအပါအဝင် အင်အား ၄၀ ဖြင့် ဖောင်ကြီးစင်တာတွင် ကုသရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးနေကြောင်း။

ဇွန်လနောက်ဆုံးပတ်မှစပြီး ကိုဗစ်-၁၉ တတိယလှိုင်းကို ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် စတင်တွေ့ရှိလာကြောင်း၊ ဇူလိုင်လဆန်းမှစ၍ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း တဖြည်းဖြည်း မြင့်တက်လာခဲ့ကြောင်း၊ မြင့်တက်လာသည့်အတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် လှည်းကူးဖောင်ကြီးစင်တာ၊ ဗိုလ်တထောင်၊ မရမ်းကုန်း၊ အင်းယားစင်တာ၊ MCC စင်တာ၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ရိုးမရိပ်သာ စင်တာ၊ သဃ်္ဃန်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏကုသရေး စင်တာ၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အောင်မြင့်မိုရ် ကုသရေးစင်တာ၊ လှိုင်ကုသရေး စင်တာ၊ ရန်ကင်းပညာရေးကောလိပ်၊ ဆရာတော် သံဃာတော်များအတွက် အင်းစိန် မင်းဓမ္မ သီရိမင်္ဂ သာသနာ့ဗိမာန်၊ မရမ်းကုန်း ကမ္ဘာအေးသံဃာ့ ဆေးရုံများတွင် ဆရာတော်သံဃာတော်များအတွက်



ခုတင် ၃၀၀၊ ပြည်သူများအတွက် ခုတင် ၇၅၇၀ ကို ကုသရေးစင်တာများတွင် ပြင်ဆင်ကုသဆောင်ရွက်ပေးလျက်ရှိကြောင်း။

တတိယလှိုင်းတွင် အဓိကလိုအပ်ချက်မှာ အောက်ဆီဂျင်ဖြစ်သည့်အတွက် ကုသရေးစင်တာများတွင် အောက်ဆီဂျင်ရှူနိုင်ရန် လိုင်းများဆွဲပြီး ဆောင်ရွက်ပေးကြောင်း၊ အောက်ဆီဂျင်အိုးများနှင့် Flow Meter ဖြင့် ရှူနိုင်ရန်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အောက်ဆီဂျင် Concentrator များကိုလည်း ပြည်ပမှ မှာယူတင်သွင်းပြီး အလှူရှင်များ ပူးပေါင်းပါဝင်ကာ အောက်ဆီဂျင်ရရှိရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် ဆရာတော် သံဃာတော်များ၊ ဆေးကုသနေသည့် လူနာများ၊ ပရဟိတအဖွဲ့များ၊ ဆရာဝန်များ၊ ဆရာမများ၊ သူနာပြုများအားလုံးကိုလည်း နေ့စဉ်ကျွေးမွေးရေး ကိစ္စများကို အစိုးရအဖွဲ့က တာဝန်ယူ ဆောင်ရွက်ပေးနေကြောင်း။

### စိန်ခေါ်မှုအကြီးဆုံး

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း၏ အဓိက လိုအပ်ချက်ဖြစ်သည့် အောက်ဆီဂျင်နှင့် လူသားအရင်းအမြစ် (Human Resources)တို့သည် စိန်ခေါ်မှုကြီးမားသည့် ကိစ္စများဖြစ်ကြောင်း၊ အောက်ဆီဂျင်နှင့်ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တာဝန်ယူပြီး ဖြည့်ဆည်းပေးသကဲ့သို့ အချို့အလှူရှင်များက ၎င်းတို့ တတ်နိုင်သည့်ဘက်မှ ပါဝင်ပြီး ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရန်ကုန်ပြည်သူ့ ဆေးရုံကြီး၊ ဂျပန်ဆေးရုံကြီး၊ မြောက်ဥက္ကလာ မေဓာဝီနှင့် ဝေဘာဂီဆေးရုံ၊ တောင်ဥက္ကလာရှိ မိခင်နှင့်ကလေးဆေးရုံ၊ သဃ်္ဃန်းကျွန်းဆေးရုံကြီး၊ ယင်းဆေးရုံကြီးများအတွက် အောက်ဆီဂျင် လိုအပ်ချက် ၂၅ တန်ခန့် ဖြည့်ဆည်းဆောင်ရွက်ပေးနေရကြောင်း၊ ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ခရိုင်အဆင့် ဆေးရုံကြီးများ၊ မြို့နယ်အဆင့် ဆေးရုံ ကြီးများ၏ အောက်ဆီဂျင်လိုအပ်ချက်မှာလည်း များစွာရှိနေကြောင်း၊ ယခင်ကန့်သတ်စောင့်ကြည့်ရေးစင်တာများကိုလည်း ယနေ့တွင် အောက်ဆီဂျင် ရှူနိုင်သည့် ကုသရေး စင်တာအဖြစ် ပြောင်းလဲဆောင်ရွက်ပေးလျက်ရှိကြောင်း။

### စီမံဆောင်ရွက်ပေးနေ

ယခုအချိန်တွင် နိုင်ငံတော်အနေဖြင့် ပြည်သူလူထု၏ လိုအပ်ချက်ဖြစ်သည့် ဆေးနှင့်ဆေးပစ္စည်းများ၊ ဆေးရုံသုံးပစ္စည်းများ၊ အောက်ဆီဂျင်နှင့် ပတ်သက်သည့်ပစ္စည်းများကို တင်သွင်းသည့်နေရာတွင် မူလက ၁၅ ရာခိုင်နှုန်း အခွန်ကောက်ရာမှ ၁ ဒသမ ၅ ရာခိုင်နှုန်းအထိ လျှော့ချပြီး မြန်မြန်ဆန်ဆန် နိုင်ငံအတွင်း ရောက်ရှိနိုင်ရန် စီမံဆောင်ရွက်ပေးနေကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အခမဲ့ တင်သွင်းခွင့်ပြုလျက်ရှိကြောင်း၊ သက်ဆိုင်ရာ လေကြောင်းလိုင်း၊ ရေကြောင်းလိုင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် အကောက်ခွန်နှင့် ပတ်သက်ပြီး ပစ္စည်းရောက်သည်နှင့် ချက်ချင်း ထုတ်ယူနိုင်ရန် စီမံဆောင်ရွက်ပေးနေကြောင်း။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန(FDA)နှင့်ပတ်သက်ပြီး နိုင်ငံတကာ ဓာတ်ခွဲခန်းများက အသိအမှတ်ပြုထားသည့် ဆေးနှင့်ဆေးပစ္စည်း၊ ဆေးဝါးကုန်ကြမ်း အစရှိသည့် ဆေးရုံသုံးပစ္စည်း၊ ဆေးဝါးနှင့်ပတ်သက်သည့် ပစ္စည်းများကို (FDA) ကင်းလွတ် တင်သွင်းခွင့်ပေးထားကြောင်း၊ ယင်းသို့ တင်သွင်းခွင့်နှင့် ဥပဒေအရ ဖြေလျှော့မှုများသည် အမှန်တကယ် ပြည်သူများ ဆေးဝါးပစ္စည်းများ ပြတ်လပ်မှုမရှိရန်၊ ဈေးနှုန်းကြီးမြင့်မှုများ မဖြစ်ပေါ်ရန် စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဆေးတင်သွင်းသူ၊ ဆေးဝါးကုမ္ပဏီများ၊ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်းတို့ ပါဝင်ပူးပေါင်းပြီး အခြေခံ ပြည်သူလူထု အသုံးများသည့် ဆေးဝါးပစ္စည်းများ ဈေးနှုန်းကြီးမြင့်မှုမရှိစေရန် ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အခြေခံ စားသောက်ကုန်ဈေးနှုန်းများနှင့် ပတ်သက်၍ ပြီးခဲ့သည့်ကာလတွင် ကြက်ဥဈေးနှုန်း မြင့်တက်သွားသည်ကို တွေ့ရကြောင်း၊ ယင်းနှင့် ပတ်သက်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မြန်မာနိုင်ငံမွေး မြူရေးအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းပြီး ကြက်ဥများကို ရပ်ကွက်များ၊ ဈေးများ တွင်သက်သာသည့်ဈေးနှုန်း ဖြင့် ချက်ချင်းရောင်းချ ဖြေရှင်းနိုင်သည့်အတွက် ကြက်ဥဈေး ပြန်လည် ကျဆင်းသွားပြီဖြစ်ကြောင်း။

ယခုအချိန်တွင် ကုသရေးပိုင်းတွင် အားနည်းနေသည့် လူသားအရင်းအမြစ်များ ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် နည်းလမ်းပေါင်းစုံဖြင့် စည်းရုံးဆောင်ရွက်နေသကဲ့သို့ အခြား ပံ့ပိုးကူညီမှုများပေးပြီး ပြည်သူလူထု ကုသမှုအပြည့်အဝ ရရှိရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ တပ်မတော်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာနများ အားလုံး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က နေ့စဉ် စဉ်ဆက်မပြတ် တွေ့ဆုံညှိနှိုင်းပေါင်းစပ်ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း၊ ဇူလိုင် ၁ ရက်မှ ဇူလိုင် ၂၃ ရက်အထိ ရန်ကုန်မြို့အပါအဝင် နယ်အသီးသီးတွင် ပြည်သူများ သေဆုံးမှုနှုန်း မြင့်တက်ခဲ့ကြောင်း၊ ဇူလိုင် ၂၄ ရက်မှစပြီး ပြန်လည်ကျဆင်းလာသည့်အတွက် ကိုဗစ်-၁၉ တတိယလှိုင်းကို အပြည့်အဝမဟုတ်သော်လည်း အတိုင်းအတာ တစ်ခုအထိ ထိန်းချုပ်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

### ရှင်းလင်းပြောကြား

ထို့နောက် တက်ရောက်လာကြသည့် စာနယ်ဇင်းများ၏ မေးမြန်းချက်များနှင့် စပ်လျဉ်း၍ စီးပွားရေးရာဝန်ကြီးက ပြန်လည်ရှင်းလင်း ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဥပဒေချုပ် ဦးဌေးအောင်က ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းနှင့် ဖိတ်ကြားထားသည့် စာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်း - မာမာကြီး**
**ဓာတ်ပုံ - ကိုကိုဇော်**

---

## နယ်စပ်ရေးရာဝန်ကြီးဌာနက မန်တုံမြို့နယ်ရှိ ကိုဗစ်စင်တာသို့ အစားအစာများ ထောက်ပံ့လှူဒါန်း

**မန်တုံ ဩဂုတ် ၆**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် မြန်မာနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ခံစားနေရသည့် လူနာများအား တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အာဟာရဖြည့်အစားအစာများ ထောက်ပံ့ပေးလျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ်အတွင်းရှိ တိုင်းရင်းသားသွေးချင်းများအား ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေး အစီအစဉ်အရ ဖွင့်လှစ်ထားရှိသည့် ကိုဗစ်စင်တာတွင် တက်ရောက်ကုသနေသူများအတွက် ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ ကွေကာအုပ်နှင့် သောက်ရေသန့်များကို နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မန်တုံမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်အောင်နှင့် ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် သွားရောက် ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**ငွေကြယ်**

---

## ကျွန်းလှမြို့နယ်၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ချေးငွေကျပ် ၃၀၆ သိန်း ထုတ်ပေး

**ကျွန်းလှ ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကုန်းကြီးကျေးရွာ၌ ယနေ့နံနက်ပိုင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း ချေးငွေကျပ် ၃၀၆ သိန်း ထုတ်ပေးခြင်းကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အဆိုပါ ဦးစီးဌာနမှ သိရသည်။

### လက်ဝယ်အရောက်ထုတ်ပေး

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ကျွန်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး၏ လမ်းညွှန်မှာကြားချက်အတိုင်း ကုန်းကြီးကျေးရွာကော်မတီဝင်များက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းချေးငွေကျပ် ၃၀၆ သိန်းကို စီမံကိန်းဝင် အသင်းသား အသင်းသူ ၉၃ ဦး၏ လက်ဝယ် အရောက်ထုတ်ပေးခဲ့သည်။

ကုန်းကြီးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံကိန်း ကာလတစ်နှစ်ပြည့်မြောက်ပြီဖြစ်ပြီး လက်ရှိတွင် စီမံကိန်း တစ်နှစ်ပြည့် အတိုးအရင်းငွေများကို ပြန်လည်ထုတ်ချေးပေးခြင်း ဖြစ်ကြောင်းနှင့် အဆိုပါ စီမံကိန်းချေးငွေ ပြန်လည်ထုတ်ချေးပေးခြင်းဖြင့် ဒေသခံ ပြည်သူများ၏ စီးပွားရေး လုပ်ငန်းများ ပြန်လည်စတင်တိုးချဲ့ ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

■

# အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် ပြစ်ဒဏ်များအကြောင်း သိကောင်းစရာ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့

ဥပဒေဆိုင်ရာ နီတိတစ်ခုတွင် "Ignorance of fact excuses; ignorance of law does not excuse"ဟု ရှိပါသည်။ ဤဥပဒေနီတိကို ဥပဒေပညာရှင် ဦးမြင့်ဝင်း(ရွှေဘို)က **"အကြောင်းခြင်းရာ အချက်အလက်ကို မသိနားမလည်မှုသည် ခွင့်လွှတ်ရာဖြစ်သည်။ ဥပဒေကို မသိနားမလည်မှုကိုမူ ခွင့်လွှတ်ရာမဟုတ်"**ဟု မြန်မာဘာသာဖြင့် ပြန်ဆိုထားသည်။ မြန်မာနိုင်ငံ၏ တည်ဆဲရာဇသတ်ကြီး ဥပဒေပုဒ်မ ၇၆၊ ပုဒ်မ ၇၉ တို့တွင် ဤအချက်များကို ပင် ပြဋ္ဌာန်းထားပါသည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ(၂၀၁၄) တွင် ပြဋ္ဌာန်းထားသည့် ပြစ်မှုတစ်ခုခုကို ကျူးလွန်သဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက အနည်းဆုံး ထောင်ဒဏ်(၁)နှစ်သို့မဟုတ် (၃)နှစ်သို့မဟုတ် (၅)နှစ်သို့မဟုတ် (၇)နှစ်သို့မဟုတ် (၁၀)နှစ်နှင့် ငွေဒဏ်များကိုလည်း ချမှတ်ခြင်းခံရမည့်အပြင် အများဆုံး ထောင်ဒဏ်တစ်သက် သို့မဟုတ် သေဒဏ်ဖြစ်စေ ချမှတ်ခြင်းခံရနိုင်သည်ကို မြန်မာနိုင်ငံသားများ သိရှိရန် လိုအပ်သည်။ ထို့ကြောင့် နိုင်ငံသားများ သိသင့်သိထိုက်သော အကြမ်းဖက်မှုနှိမ်နင်းရေး ဥပဒေပါအရေးကြီးသည့် ဖွင့်ဆိုချက်များ၊ ပြစ်မှုများနှင့် ပြစ်ဒဏ်များကို ကောက်နုတ်တင်ပြရပါသည်။

### အကြမ်းဖက်သမား

အကြမ်းဖက်သမားဆိုသည်မှာ အကြမ်းဖက်မှုတစ်ခုခုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ ဥပဒေနှင့်မညီဘဲ တစ်နည်းနည်းဖြင့် ကျူးလွန်သူ သို့မဟုတ် ကျူးလွန်ရန် အားထုတ်သူကိုလည်းကောင်း၊ အကြမ်းဖက်မှုတွင်ကြံရာပါအဖြစ် ပါဝင်သူ သို့မဟုတ် အကြမ်းဖက်မှုကျူးလွန်ရန် အခြားသူများအား ညွှန်ကြားသူ သို့မဟုတ် စည်းရုံးသိမ်းသွင်းသူကိုသော်လည်းကောင်း၊ အကြမ်းဖက်မှုကျူးလွန်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပါဝင်ထောက်ပံ့သူကိုသော်လည်းကောင်းဆိုသည်။ [အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)။ ပုဒ်မခွဲငယ် (၁၀)၊ ပုဒ်မခွဲငယ် (၁၈) (ပ)]

### အကြမ်းဖက်အုပ်စု

အကြမ်းဖက်အုပ်စုဆိုသည်မှာ အကြမ်းဖက်မှုကို ကျူးလွန်ရန် အချိန်ကာလတစ်ခုယူ၍ ဖွဲ့စည်းထားသည့် လူနှစ်ဦးနှင့်အထက် ပါဝင်သောအသင်းအဖွဲ့ကိုဆိုသည်။ ယင်းစကားရပ်တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အရလည်းကောင်း၊ ဗဟိုအဖွဲ့က ပြည်ထောင်စုအစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့်လည်းကောင်း ကြေညာထားသည့် အကြမ်းဖက်အုပ်စုလည်း ပါဝင်သည်။ [အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၁၈) (ဖ)]

### လှုံ့ဆော်မှု

လှုံ့ဆော်မှုဆိုသည်မှာ အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်ရေးအတွက် လှုံ့ဆော်ရန်ရည်ရွယ်ချက်ဖြင့် သတင်းစကား သို့မဟုတ် သတင်းအချက်အလက်ကို သိသိသာသာဖြစ်စေ၊ မသိမသာဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေဖြန့်ဝေခြင်း၊ အားပေးအားမြှောက်ပြုခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ကြားမြင်သိရှိစေခြင်းကို ဆိုသည်။ [အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁၈) (ဗ)။]

### ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်း

ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းဆိုသည်မှာ အောက်ပါပစ္စည်းတို့ကိုဆိုသည်- (၁) သူတစ်ဦးအားသေစေရန် သို့မဟုတ် အပြင်းအထန်နာကျင်စေရန်သော်လည်းကောင်း၊ အရာဝတ္ထုပစ္စည်းများအား ဆိုးရွားစွာ ပျက်စီးဆုံးရှုံး စေရန်သော်လည်းကောင်း ပုံစံရေးဆွဲတီထွင် ထုတ်လုပ်သည့် သို့မဟုတ် စွမ်းအားရှိသည့် ပေါက်ကွဲစေတတ်သော သို့မဟုတ် မီးလောင်စေတတ်သော လက်နက် သို့မဟုတ် ပစ္စည်းကိရိယာ၊ (၂)အဆိပ်အာနိသင်ရှိသော ဇီဝပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ အဆိပ်အတောက်များ၊ အလားတူ ပစ္စည်းများ၊ ဓာတ်ရောင်ခြည် သို့မဟုတ် ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ ထုတ်လွှင့်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ထိခိုက်မိစေခြင်းဖြင့် သူတစ်ဦးဦးအားသေစေရန် သို့မဟုတ် အပြင်းအထန် နာကျင်စေရန်သော်လည်းကောင်း၊ အရာဝတ္ထုပစ္စည်းများအား ဆိုးရွားစွာ ပျက်စီးဆုံးရှုံး စေရန်သော်လည်းကောင်း၊ ပုံစံရေးဆွဲတီထွင် ထုတ်လုပ်သည့် သို့မဟုတ် စွမ်းအားရှိသည့် လက်နက် သို့မဟုတ် ပစ္စည်းကိရိယာ။ [အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၁၈) (ဒ)။]

### ရန်ပုံငွေ

ရန်ပုံငွေဆိုသည့် စကားရပ်တွင် အောက်ပါတို့ ပါဝင်သည် - (၁) ထိတွေ့၍ ရနိုင်သည်ဖြစ်စေ၊ မရနိုင်သည်ဖြစ်စေ၊ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းဖြစ်စေ၊ မရွှေ့ပြောင်း နိုင်သည့် ပစ္စည်းဖြစ်စေ တစ်နည်းနည်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ၊ ငွေရေးကြေးရေးပိုင်ဆိုင်မှုများနှင့် စီးပွားရေးအရင်းအမြစ်များ၊ (၂) ဘဏ်အပ်နှံငွေများ၊ ခရီးသွားချက်လက်မှတ်များ၊ ဘဏ်ချက်လက်မှတ်များ၊ ငွေပေးအမိန့်များ၊ အစုရှယ်ယာများ၊ ငွေချေးသက်သေခံလက်မှတ်များ၊ ငွေတိုက်စာချုပ်များ၊ ဘဏ်ငွေလွှဲလွှာများနှင့် ငွေထုတ်ပေးခွင့်စာများ အပါအဝင် မည်သည့်အီလက်ထရောနစ် သို့မဟုတ် ဒစ်ဂျစ်တယ် နည်းလမ်းဖြင့်မဆိုရှိသည့် ငွေကြေး၊ ပစ္စည်းပိုင်ဆိုင်ခွင့် သို့မဟုတ် အကျိုးအမြတ်များအတွက် အထောက်အထားဖြစ်သော တရားဝင်စာတမ်းအမှတ်အသားများ သို့မဟုတ် စာချုပ်စာတမ်းများ။ [အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁၈) (ယ)။]

### ဗဟိုအဖွဲ့

ဗဟိုအဖွဲ့ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းသော အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ကို ဆိုသည်။ [အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁၈) (ဂ)။]

### တပ်ဖွဲ့ဝင်များ

တပ်ဖွဲ့ဝင်များဆိုသည်မှာ အကြမ်းဖက်မှုများ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများ၊ အကြမ်းဖက်အုပ်စုများနှင့် အကြမ်းဖက်သမားများအား စုံစမ်းစစ်ဆေးဖော်ထုတ်ရေး၊ သက်သေခံပစ္စည်းသိမ်းဆည်းရေး၊ ထိန်းချုပ်ရေးနှင့် အရေးယူရေးတို့အတွက် ဤဥပဒေအရဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးသော စုံစမ်းစစ်ဆေးရေးအဖွဲ့များ၊ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့များ၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး တပ်ဖွဲ့နှင့် အထူးတပ်ဖွဲ့ဝင်များကို ဆိုသည်။ [အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၁၈) (လ)။]

**မည်သူမဆို အကြမ်းဖက်သမားကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စု တစ်ခုခုကို၏ အဖွဲ့ဝင်ကိုဖြစ်စေ၊ အဆောက်အအုံနှင့် နေရာတစ်ခုခု ကို အသုံးပြုခွင့်၊ စုဝေးခွင့်၊ အစည်းအဝေးပြုလုပ်ခွင့်ပေးရန်၊ အကြမ်းဖက်မှုဆိုင်ရာ လေ့ကျင့်ရေးသင်တန်းပေးရန် သို့မဟုတ် သယ်ယူပို့ဆောင်ရေး စီစဉ်ဆောင်ရွက်ပေးရန် ပြုလုပ်မှုများ ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ်(၃)နှစ်မှ အများဆုံးထောင်ဒဏ် (၇)နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်**

### ထောင်ဒဏ်တစ်သက်

ထောင်ဒဏ်တစ်သက်ဆိုသည်မှာ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူအား အကျဉ်းထောင်၌ သေသည့်အထိ ပြစ်ဒဏ်ကျခံစေရန် ချမှတ်သည့် ထောင်ဒဏ်ကို ဆိုသည်။ [အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁၈) (ဘ)။]

### အများပြည်သူ အသုံးပြုသည့်နေရာ

အများပြည်သူအသုံးပြုသည့်နေရာဆိုသည်မှာ ကူးသန်းရောင်းဝယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ အစိုးရဆိုင်ရာကိစ္စ၊ ဖျော်ဖြေမှု၊ အပန်းဖြေမှု စသည့်ကိစ္စများအတွက် အချိန်ကာလအပိုင်းအခြား တစ်ခုခုအတွက်ဖြစ်စေ၊ အခိုက်အတန့်ဖြစ်စေ။ တချိန်ဆက်တည်းဖြစ်စေ အများပြည်သူဝင်ထွက်ခွင့်၊ အသုံးပြုခွင့်ရှိသော အဆောက်အအုံ၊ မြေနေရာ၊ ကုန်းလမ်း၊ ရထားလမ်း၊ ရေလမ်းကြောင်း သို့မဟုတ် အလားတူနေရာ အစိတ်အပိုင်းတစ်ခုခုကို ဆိုသည်။ [အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁၈) (မ)။]

### အကြမ်းဖက်မှုဆိုင်ရာ ပြစ်ဒဏ်များ

မည်သူမဆို အကြမ်းဖက်သမားကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခုကို၏ အဖွဲ့ဝင်ကိုဖြစ်စေ၊ အဆောက်အအုံနှင့် နေရာတစ်ခုခုကို အသုံးပြုခွင့်၊ စုဝေးခွင့်၊ အစည်းအဝေးပြုလုပ်ခွင့်ပေးရန်၊ အကြမ်းဖက်မှုဆိုင်ရာ လေ့ကျင့်ရေးသင်တန်းပေးရန် သို့မဟုတ် သယ်ယူပို့ဆောင်ရေး စီစဉ်ဆောင်ရွက်ပေးရန် ပြုလုပ်မှုများ ဖောက်ဖျက်ကျူးလွန်ကြောင်း **ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်(၃)နှစ်မှ အများဆုံး ထောင်ဒဏ်(၇)နှစ် အထိချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။** [အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁၈)။]

မည်သူမဆို အကြမ်းဖက်အုပ်စုပိုင် ပစ္စည်းနှင့် အကြမ်းဖက်သမားပိုင်များကို အရောင်းအဝယ်ပြုခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့နှင့် စပ်လျဉ်း၍ သတင်းအချက်အလက်များကို ဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများသို့ ဖြစ်စေ၊ တပ်ဖွဲ့ဝင်တစ်ဦးဦးထံသို့ဖြစ်စေ ခိုင်လုံသည့် အကြောင်းပြချက်မရှိဘဲ ဖွင့်ဟပြောဆိုရန် ပျက်ကွက်ကြောင်း **ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်(၃)နှစ်မှ (၇)နှစ် အထိချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။** [အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၄၂၊ ပုဒ်မခွဲ (င)။]

မည်သူမဆို အကြမ်းဖက်သမားရှိကြောင်းနှင့် အကြမ်းဖက်အုပ်စုပိုင် ငွေကြေး၊ ပစ္စည်းရှိကြောင်း၊ ယင်းတို့နှင့်စပ်လျဉ်း၍ ဆက်သွယ်ဆောင်ရွက်မှုရှိကြောင်း သို့မဟုတ် ဆက်သွယ်ဆောင်ရွက်တော့မည်ဟု ယုံကြည်ရကြောင်းကို သတင်းပို့ရန် ပျက်ကွက်ကြောင်း **ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်(၃)နှစ်မှ (၇) နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။** [အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၄၂ ပုဒ်မခွဲ၊ (စ)။]

မည်သူမဆို အကြမ်းဖက်အုပ်စုပိုင်ပစ္စည်း သို့မဟုတ် အကြမ်းဖက်သမားပိုင်ပစ္စည်းကို အရောင်းအဝယ်ပြုလျှင်၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းလျှင် သို့မဟုတ် လွှဲပြောင်းရန် အားထုတ်လျှင်သော်လည်းကောင်း၊ ထိုသို့ ပြုလုပ်ခြင်းနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီသို့ဖြစ်စေ၊ တပ်ဖွဲ့ဝင်တစ်ဦးဦးထံသို့ဖြစ်စေ ခိုင်လုံသည့် အကြောင်းပြချက်မရှိဘဲ ဖွင့်ဟပြောဆိုရန် ပျက်ကွက်လျှင်သော်လည်းကောင်း အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုကျူးလွန်ကြောင်း **ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်(၃)နှစ်မှ အများဆုံး ထောင်ဒဏ်(၇)နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။** [အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၄၃၊ ပုဒ်မခွဲ (က)။]

မည်သူမဆို အများပြည်သူ၏ လုံခြုံရေးကို ဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူ သို့မဟုတ် တစ်ဦးတစ်ယောက်အတွက် အရေးကြီးသော အခြေခံအဆောက်အအုံများကို ဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံများကို၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်များကို ဖြစ်စေ ပြင်းထန်စွာ ထိခိုက်ဆုံးရှုံးစေရန်ပြုလုပ်ကြောင်း **ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ်(၁၀)နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။** [အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁၀)။]

အကြမ်းဖက်သမားကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်ကိုဖြစ်စေ **လက်နက်နှင့် ခဲယမ်းမီးကျောက်များ၊** ဇီဝ၊ ဓာတုနှင့် နျူကလီးယား လက်နက်များ၊ **ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများ** သို့မဟုတ် နျူကလီးယားဒြပ်ပစ္စည်းများကို ထုတ်လုပ်ပေးရန်၊ လွှဲပြောင်းပေးရန်၊ လက်ခံထိန်းသိမ်းပေးရန်၊

**စာမျက်နှာ ၉ သို့** ☆

☆ စာမျက်နှာ ၈ မှ

ထောက်ပံ့ရန် သို့မဟုတ် ထောက်ပံ့ရန် ကမ်းလှမ်းသည့်ပြုလုပ်မှုများ ကျူးလွန်ကြောင်း **ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် (၁၀)နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည်။** [အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၁၂)။]

မည်သူမဆို အများပြည်သူအတွင်း ထိတ်လန့်ကြောက်ရွံ့မှုဖြစ်ပေါ်စေခြင်း၊ အစိုးရ သို့မဟုတ် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းတစ်ခုခုအား ဥပဒေနှင့်မညီသည့် လုပ်ရပ်တစ်ခုကို အတင်းအကျပ်ပြုလုပ်စေခြင်း သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ရမည်ကို မပြုလုပ်ဘဲ ရှောင်ရှားစေခြင်းတို့ကို ရည်ရွယ်၍ အရပ်သားကိုဖြစ်စေ၊ လက်နက်ကိုင် ပဋိပက္ခတိုက်ပွဲဖြစ်နေသည့် အခြေအနေတွင် စစ်ပြိုင်မှု၌ ပါဝင်တိုက်ခိုက်ခြင်းမရှိသည့် အခြားသူတစ်ဦးဦးကိုဖြစ်စေ သေစေရန် သို့မဟုတ် အပြင်းအထန်နာကျင်စေရန်နှင့် အခြားပြုလုပ်မှုများ **ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ်(၁၀)နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။** [အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁၃)။]

မည်သူမဆို အကြမ်းဖက်ရန်ရည်ရွယ်ချက်ဖြင့် အများပြည်သူ၏ ကျန်းမာရေးကိုဖြစ်စေ၊ ဘေးကင်းရေးကိုဖြစ်စေ၊ သဘာဝပတ်ဝန်းကျင်ကိုဖြစ်စေ ဆိုးရွားစွာထိခိုက်စေသည့် အကြမ်းဖက်မှုများ **ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ်(၁၀)နှစ်မှ အများဆုံးထောင်ဒဏ် တစ်သက်အထိ ချမှတ်ရမည့်အပြင်၊ ငွေဒဏ်လည်းချမှတ်နိုင်သည်။** [အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၁၄)။]

အကြမ်းဖက်အုပ်စု တစ်ခုခုတွင်ဖြစ်စေ၊ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရာတွင်ဖြစ်စေ၊ သူတစ်ဦးဦးအား ပါဝင်စေရန် တိုက်တွန်းမှု၊ စည်းရုံးသိမ်းသွင်းမှု၊ ဝါဒဖြန့်မှု၊ စုဆောင်းရန်ပြုလုပ်မှုများ ကျူးလွန်ကြောင်း **ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် (၃)နှစ်မှ အများဆုံးထောင်ဒဏ်(၇)နှစ်အထိချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။** (အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် ၁၅။) (နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် (၂၁/၂၀၂၁)ဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ။)

မည်သူမဆို အကြမ်းဖက်အုပ်စုဖွဲ့စည်းရန်၊ အကြမ်းဖက်အုပ်စုတစ်ခုခုတွင် သိလျက်နှင့် ပါဝင်ဆောင်ရွက်ရန်၊ တာဝန်ပေး၍လှုပ်ရှားဆောင်ရွက်စေရန် ပြုလုပ်မှုများ **ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်(၃)နှစ်မှ အများဆုံးထောင်ဒဏ်(၇)နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။** (အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် ၁၆။)

မည်သူမဆို အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရမည့် ပုဂ္ဂိုလ်အပေါ် လူသတ်မှု၊ လူပြန်ပေးမှု သို့မဟုတ် ယင်း၏ခန္ဓာကိုယ်ကို အခြားနည်းဖြင့် ကျူးလွန်မှု သို့မဟုတ် လွပ်လပ်ခွင့်ကို ထိခိုက်နစ်နာစေမှု၊ အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရမည့်ပုဂ္ဂိုလ်၏ ခန္ဓာကိုယ်ကိုဖြစ်စေ၊ လွပ်လပ်ခွင့်ကိုဖြစ်စေ အန္တရာယ်ဖြစ်စေရန် ရည်ရွယ်၍ ယင်း၏တရားဝင်ပရဝဏ်၊ ကိုယ်တိုင်နေထိုင်သည့် အဆောက်အအုံ သို့မဟုတ် စီးနင်းသွားလာသည့် ယာဉ်ကို ပြင်းထန်စွာ ထိခိုက်နစ်နာစေမှု **ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်(၅)နှစ်မှ အများဆုံး ထောင်ဒဏ်(၁၀)နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။** [အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ(က)နှင့် (ခ)။]

မည်သူမဆို ၁၉၉၁ ခုနှစ်၊ စုံစမ်းထောက်လှမ်းရှာဖွေရေးအတွက် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းများ အမှတ်အသားပြုလုပ်ခြင်းဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမပြုသည့်အပြင် မည်သည့်ပေါက်ကွဲစေတတ်သော ပစ္စည်းပါဝင်ကြောင်း မှတ်သားထားခြင်းမရှိသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို နိုင်ငံတော်အတွင်း၌ဖြစ်စေ၊ နယ်နိမိတ်ပြင်ပသို့ဖြစ်စေ အခွင့်ရအာဏာပိုင်၏ ခွင့်ပြုချက်မရှိဘဲထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ တင်သွင်းမှု၊ တင်ပို့မှု၊ ဖြတ်သန်း သယ်ယူပို့ဆောင်မှု သို့မဟုတ် ဆိုက်ကပ်ရပ်နားမှုပြုလုပ်ပါက ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာ ပိုင်ဆိုင်မှုမြောက်သည်။ ဤပုဒ်မ ၃၅၊ ပုဒ်မခွဲ(က)ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှုပြုပါက အဆိုပါပြစ်မှုကို ကျူးလွန်ရာရောက်သဖြင့် **ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် (၅)နှစ်မှ အများဆုံးထောင်ဒဏ်(၁၀)နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။** [အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၅၊ ပုဒ်မခွဲ (က) နှင့် (ခ)။]

မည်သူမဆို သေစေရန် သို့မဟုတ် အပြင်းအထန်နာကျင်စေရန်သော်လည်းကောင်း၊ စီးပွားရေး နစ်နာဆုံးရှုံးမှုကြီးမားစွာ ဖြစ်စေရန်သော်လည်းကောင်း၊ ကျယ်ကျယ်ပြန့်ပြန့်ပျက်စီးစေရန်သော်လည်းကောင်း ရည်ရွယ်၍ အောက်ပါပြုလုပ်မှုတစ်ခုခုကို ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်လျှင် အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဆိုင်ရာပြစ်မှုမြောက်သည် - (က) အများပြည်သူ အသုံးပြုနေသည့်နေရာတွင်ဖြစ်စေ၊ နိုင်ငံပိုင် အဆောက်အအုံ၊ ယာဉ်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းတစ်ခုခုတွင်ဖြစ်စေ၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ် သို့မဟုတ် အခြေခံအဆောက်အအုံ ပစ္စည်းတစ်ခုခုတွင်ဖြစ်စေ၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းကိုပေးအပ်မှု၊ ချထားမှု၊ စွန့်ပစ်မှု သို့မဟုတ် ဖောက်ခွဲမှု သို့မဟုတ် ယင်းတို့ကိုဖျက်ဆီးမှု၊ (ခ) ပုဒ်မခွဲ(က)၌ပါရှိသော ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန်အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု၊ (ဂ) အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုကျူးလွန်ရန် သို့မဟုတ် အကြမ်းဖက်ဗုံးခွဲ တိုက်ခိုက်မှုကျူးလွန်ရာတွင် အားပေးကူညီရန် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်း၊ ဗုံး သို့မဟုတ် လက်နက်ကို ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ ရောင်းချမှု၊ ပေးကမ်းမှု သို့မဟုတ် လက်ဝယ်ထားမှုတို့ ကျူးလွန်ကြောင်း **ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ်(၅)နှစ်မှ အများဆုံးထောင်ဒဏ်(၁၀)နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။** [အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၉၊ ပုဒ်မခွဲ၊ (က) (ခ) နှင့် (ဂ)။]

မည်သူမဆို အကြမ်းဖက်သမားကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်ကို ဖြစ်စေ ဖမ်းဆီး၍ အရေးယူခြင်းမပြုနိုင်စေရန် သို့မဟုတ် လွတ်မြောက်စေရန် အလို့ငှာ ထိမ်ချန်ခြင်း သို့မဟုတ် သိလျက်နှင့် ခိုလှုံခွင့်ပေးခြင်း၊ ပုန်းအောင်းခွင့်ပေးခြင်း၊ ယာယီတည်းခိုနေထိုင်ခွင့်ပေးခြင်း သို့မဟုတ် ဝှက်ထားခြင်း ပြုလုပ်မှုများ **ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်(၃)နှစ်မှ အများဆုံးထောင်ဒဏ် (၇)နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။** (အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် ၁၇။)

**အများဆုံးပြစ်ဒဏ်ချမှတ်ခြင်း**

အကြမ်းဖက်မှုပြစ်မှုတစ်ခုခုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသူသည် ယခင်ကလည်း အကြမ်းဖက်မှုတစ်ခုခုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရလျှင် ထပ်မံကျူးလွန်သော အကြမ်းဖက်မှုအတွက် ပြဋ္ဌာန်းထားသော အများဆုံးပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။ (အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅။)

**အကြမ်းဖက်မှုကို နိုင်ငံရေးပြစ်မှုဟု မှတ်ယူ၍မရ**

ဤ "အကြမ်းဖက်မှုတိုက်ဖျက်ရေး" ဥပဒေနှင့်အကျုံးဝင်သည့် အကြမ်းဖက်မှုများကို နိုင်ငံရေးပြစ်မှု၊ ယင်းနှင့်ဆက်နွှယ်သည့်ပြစ်မှု သို့မဟုတ် နိုင်ငံရေး ရည်ရွယ်ချက်အတွက် ကျူးလွန်သည့်ပြစ်မှုဟု မှတ်ယူခြင်းမပြုရ။ [အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၆၀၊ ပုဒ်မခွဲ (က)။]

**အကြမ်းဖက်မှုများကို အရေးယူခြင်း**

တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ အကြမ်းဖက်မှုများကို ဤဥပဒေဖြင့်သာ အရေးယူရမည်။ (အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၆၉။)

# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်များ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံ

**ရန်ကုန် ဩဂုတ် ၆**

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနက တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပြီး ယနေ့တွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒေသန္တရဌာန၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရာတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအဖွဲ့ဝင်များလည်း လာရောက်ထိုးနှံခဲ့ကြောင်း သိရသည်။



**ကာကွယ်ဆေးထိုးနှံခဲ့**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ၁၉ ဦးရှိပြီး ရုံးအဖွဲ့ဝင်များနှင့် စုစုပေါင်း ၂၅ ဦးရှိရာ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ကာကွယ်ဆေးထိုးနှံခဲ့ခြင်းဖြစ်သည်။

ကာကွယ်ဆေး ထိုးနှံပြီးသူများသည် နှာခေါင်းစည်းတပ်ဆင်ခြင်း၊ လက်ဆေးခြင်း၊ ခြောက်ပေအကွာနေထိုင်ခြင်းစသည့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းနှင့်အညီ သတိပြုနေထိုင်ခြင်းဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါကို အပြည့်အဝကာကွယ်နိုင်မည်ဖြစ်ကြောင်း မင်္ဂလာဒုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝင်းဝင်းမာက ကာကွယ်ဆေးလာရောက်ထိုးနှံသူများကို အသိပညာပေးသည်။

မြို့နယ်ဒေသန္တရဌာနမှ အသက် ၆၅ နှစ်နှင့် အထက်သက်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပုဂ္ဂလိကကျန်းမာရေးဝန်ထမ်းများ၊ ပရဟိတအသင်းအဖွဲ့ စုစုပေါင်းလူဦးရေ ၅၀၀ ကို ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinopharm ဆေးကိုထိုးနှံပေးသည်။ ဆက်လက်၍ တနင်္လာနေ့မှ သောကြာနေ့ထိ မင်္ဂလာဒုံမြို့နယ် ကျန်းမာရေးဦးစီးဌာနအောက်ရှိ ကျေးလက်ကျန်းမာရေးဌာနများဖြစ်သော ထောက်ကြံ့ REC၊ ပတ္တမြားမြို့သစ် REC နှင့် ကုန်းတလဘောင် REC တို့တွင် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများကို ထိုးနှံပေးသွားမည်ဖြစ်ပြီး ဦးတည်အုပ်စုများအတိုင်း ကာကွယ်ဆေးရရှိမှုအပေါ်မူတည်၍ ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကာကွယ်ဆေးထိုးသင့်ပါတယ်။ နယ်ကစာရေးဆရာတစ်ယောက်ဆိုရင် သူ့စိတ်ခံစားချက်တစ်ခုကြောင့် ကာကွယ်ဆေးမထိုးမိတဲ့အတွက် ရောဂါခံစားရတဲ့အခါမှာ အင်မတန်နာကျင်တဲ့ ဝေဒနာနဲ့ ကြီးမားတဲ့ ဒုက္ခကိုကြုံတွေ့ရကြောင်း၊ သူဆေးရုံကဆင်းပြီး လွတ်မြောက်လာပေမယ့် ကာကွယ်ဆေးထိုးတဲ့သူနဲ့ မထိုးတဲ့သူ ကွာခြားမှုရှိကြောင်း သူ့မိတ်ဆွေတွေကို ကာကွယ်ဆေးထိုးဖြစ်အောင် ထိုးဖို့သတင်းမီဒီယာတွေကတစ်ဆင့် တင်ပြထားတာကိုတွေ့ရပါတယ်။ နိုင်ငံတော်က အခုလိုဆောင်ရွက်ပေးမှုအပေါ်မှာလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်"ဟု မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၁)ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က ပြောသည်။

ယနေ့ ကာကွယ်ဆေးထိုးနှံသူများကို ၂၈ ရက်အကြာတွင် ဒုတိယအကြိမ် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီဝင်များလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးလာရောက်ထိုးနှံခဲ့ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ-ကနူး**

# ရေးဖွင့်ထားသည့် အမှုများကို ဥပဒေနှင့်အညီ ပိတ်သိမ်းခြင်း၊ ရုပ်သိမ်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သဖြင့် ဆက်သွယ်သတင်းပို့နိုင်ရန် အသိပေးကြေညာ

**နေပြည်တော်  ဩဂုတ်  ၅**
တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် ဆူပူဆန္ဒပြခြင်းများ၊ ဆန့်ကျင်လှုပ်ရှားမှုများတွင် ပါဝင်ခဲ့မှုများကြောင့် အရေးယူခံရမည်ကို စိုးရိမ်ခဲ့ပြီး တိမ်းရှောင်နေကြကြောင်း တွေ့ရှိရသည်။

ယခုအခါ ၎င်းတို့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဆောင်ရွက်ချက်များအပေါ် ယုံကြည်ခြင်း၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခြင်းဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားခြင်းများကြောင့် ပြန်လည်လာရောက်လိုသော်လည်း စိုးရိမ်ကြောင့်ကြမှုရှိခြင်း၊ မည်ကဲ့သို့ ဆက်သွယ်ဆောင်ရွက်ရမည်ကို မသိခြင်းများကြောင့် အခက်အခဲများဖြစ်ပေါ်နေကြောင်း သိရှိရသည်။

ယခုကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်မည်ဆိုပါက ၎င်းတို့အပေါ် ရေးဖွင့်ထားသည့်အမှုများကို ဥပဒေနှင့်အညီ ပိတ်သိမ်းခြင်း၊ ရုပ်သိမ်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သဖြင့် အောက်တွင် ဖော်ပြထားသည့် ဖုန်းနံပါတ်များသို့ ယုံကြည်စိတ်ချစွာဖြင့် ဆက်သွယ်နိုင်ပါသည်။

ထိုကဲ့သို့ဆက်သွယ်ပါက မည်ကဲ့သို့ဆောင်ရွက်ရမည်ကို လမ်းညွှန်ပေးမည်ဖြစ်ပြီး သက်ဆိုင်ရာမှ အမှုပိတ်သိမ်းခြင်း၊ ရုပ်သိမ်းခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ အပိုဒ် ၃ တွင် ဖော်ပြထားသည့် ပြစ်မှုမျိုးများမှအပ မိမိသဘောဆန္ဒအလျောက် ပြန်လာလိုသူများသည် ဖော်ပြပါ ဖုန်းနံပါတ်များသို့ဖြစ်စေ၊ နီးစပ်ရာရဲစခန်း၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများသို့ဖြစ်စေ ယုံကြည်စိတ်ချစွာဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီး/ပြည်နယ်များသို့ ဆက်သွယ်တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များ၊ Viber ဖုန်းများနှင့် e-mail လိပ်စာများ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ | မှတ်ချက် |
|---|---|---|---|---|
| ၁ | နေပြည်တော်<br>ကောင်စီနယ်မြေ | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅<br>၀၉-၄၂၅၂၈၃၃၃၄<br>(Viber-ဥတ္တရသီရိခရိုင်)<br>၀၉-၄၅၀၈၄၀၈၈၈<br>(Viber-ဒက္ခိဏသီရိခရိုင်) | mpf-naypyitaw<br>@e-moha.gov.mm | |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂<br>၀၉-၇၉၄၆၁၁၃၅၁<br>(Viber-မြစ်ကြီးနားခရိုင်)<br>၀၉-၄၃၀၄၂၀၇၁<br>(Viber-ဗန်းမော်ခရိုင်)<br>၀၉-၄၀၃၇၃၉၁၆၃<br>(Viber-မိုးညှင်းခရိုင်)<br>၀၉-၂၅၀၃၄၄၂၁၉<br>(Viber-ပူတာအိုခရိုင်) | mpf-kachin<br>@e-moha.gov.mm | |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၄၃၁၅<br>၀၈၃-၂၂၄၃၁၆<br>၀၉-၇၇၇၇၄၁၉၈၀<br>(Viber-လွိုင်ကော်ခရိုင်)<br>၀၉-၅၁၉၄၅၂၁<br>(Viber- ဘောလခဲခရိုင်) | mpf-kayar<br>@e-moha.gov.mm | |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉<br>၀၉-၄၅၇၇၇၇၀၇၄<br>(Viber-ဘားအံခရိုင်)<br>၀၉-၄၄၆၇၃၅၂၀၉<br>(Viber-ကော့ကရိတ်ခရိုင်)<br>၀၉-၅၁၃၂၅၁၁<br>(Viber-မြဝတီခရိုင်)<br>၀၉-၄၀၀၄၅၅၁၅၆<br>(Viber-ဖာပွန်ခရိုင်) | mpf-kayin<br>@e-moha.gov.mm | |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃<br>၀၉-၅၃၁၁၆၉၃<br>(Viber-မင်းတပ်ခရိုင်)<br>၀၉-၇၉၆၄၃၆၁၃၃<br>(Viber-မတူပီခရိုင်)<br>၀၉-၂၃၀၀၈၁၇<br>(Viber-ဖလမ်းခရိုင်)<br>၀၉-၅၂၆၂၃၇၃<br>(Viber-ဟားခါးခရိုင်) | mpf-chin<br>@e-moha.gov.mm | |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄<br>၀၉-၄၂၀၇၃၆၈၂၇<br>(Viber-စစ်ကိုင်းခရိုင်)<br>၀၉-၂၅၈၄၆၆၆၈<br>(Viber-ရွှေဘိုခရိုင်)<br>၀၉-၆၇၅၆၈၅၁၅၆<br>(Viber-ကန့်ဘလူခရိုင်)<br>၀၉-၄၀၁၅၅၇၆၅၆<br>(Viber-မုံရွာခရိုင်)<br>၀၉-၉၅၁၄၉၅၄၀၉<br>(Viber-ယင်းမာပင်ခရိုင်)<br>၀၉-၈၉၄၄၃၇၂၂၄<br>(Viber-ကသာခရိုင်)<br>၀၉-၄၀၂၅၀၈၄၆၈<br>(Viber-ကလေးခရိုင်)<br>၀၉-၈၈၀၀၈၇၃၄၀<br>(Viber-ခန္တီးခရိုင်)<br>၀၉-၅၁၉၀၄၈၁<br>(Viber-မော်လိုက်ခရိုင်)<br>၀၉-၂၅၆၅၉၆၈၈၉<br>(Viber-တမူးခရိုင်) | mpf-sagaing<br>@e-moha.gov.mm | |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀<br>၀၉-၂၅၁၁၃၈၅၇၇<br>(Viber-ထားဝယ်ခရိုင်)<br>၀၉-၂၅၆၄၄၅၄၂၄<br>(Viber-မြိတ်ခရိုင်)<br>၀၉-၈၉၅၉၁၂၁၆၉<br>(Viber-ကော့သောင်းခရိုင်) | mpf-tanintharyi<br>@e-moha.gov.mm | |

စာမျက်နှာ ၁၁ သို့ ☆

✰ စာမျက်နှာ ၁၀ မှ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ | မှတ်ချက် |
|---|---|---|---|---|
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁<br>၀၉-၄၀၀၅၄၀၁၄၀<br>(Viber-ပဲခူးခရိုင်)<br>၀၉-၂၅၀၁၃၂၆၅၆<br>(Viber-တောင်ငူခရိုင်)<br>၀၉-၄၄၃၁၃၅၅၂၀<br>(Viber-ပြည်ခရိုင်)<br>၀၉-၄၂၁၇၂၃၅၄၇<br>(Viber-သာယာဝတီခရိုင်) | mpf-bago<br>@e-moha.gov.mm | |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆<br>၀၉-၉၅၄၂၀၆၀၆၁<br>(Viber-မကွေးခရိုင်)<br>၀၉-၄၀၀၃၁၁၁၁၀<br>(Viber-မင်းဘူးခရိုင်)<br>၀၉-၇၉၄၄၄၇၂၈၀<br>(Viber-သရက်ခရိုင်)<br>၀၉-၂၅၇၀၈၀၀၉၈<br>(Viber-ပခုက္ကူခရိုင်)<br>၀၉-၄၅၁၅၀၆၀၂၆<br>(Viber-ဂန့်ဂေါခရိုင်) | mpf-magway<br>@e-moha.gov.mm | |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅<br>၀၉-၉၆၉၉၅၆၄၇၂<br>(Viber-မန္တလေးခရိုင်)<br>၀၉-၄၂၀၇၆၀၂၄၆<br>(Viber-ပြင်ဦးလွင်ခရိုင်)<br>၀၉-၂၆၄၆၂၈၃၁၃<br>(Viber-မြင်းခြံခရိုင်)<br>၀၉-၈၈၅၅၅၅၀၉၀<br>(Viber-မိတ္ထီလာခရိုင်)<br>၀၉-၅၂၁၅၇၇၇၉<br>(Viber-ရမည်းသင်းခရိုင်)<br>၀၉-၅၀၈၂၆၁၅<br>(Viber-ကျောက်ဆည်ခရိုင်)<br>၀၉-၂၅၀၁၁၁၈၃၈<br>(Viber-ညောင်ဦးခရိုင်) | mpf-mandalay<br>@e-moha.gov.mm | |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄<br>၀၉-၂၅၂၈၃၉၇၆၄<br>(Viber-မော်လမြိုင်ခရိုင်)<br>၀၉-၄၅၁၄၅၅၅၂၆<br>(Viber-သထုံခရိုင်) | mpf-mon<br>@e-moha.gov.mm | |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၁၀၂၀<br>၀၉-၄၂၁၀၀၄၂၁၈<br>(Viber-စစ်တွေခရိုင်)<br>၀၉-၇၈၉၉၇၈၃၇၃<br>(Viber-မြောက်ဦးခရိုင်)<br>၀၉-၄၀၂၅၄၇၂၄၄<br>(Viber-မောင်တောခရိုင်)<br>၀၉-၄၀၁၅၈၂၂၃၆<br>(Viber-ကျောက်ဖြူခရိုင်)<br>၀၉-၂၅၄၃၁၅၂၉၉<br>(Viber-သံတွဲခရိုင်) | mpf-rakhine<br>@e-moha.gov.mm | |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅<br>၀၉-၄၂၁၁၂၈၉၅၁<br>(Viber-အရှေ့ပိုင်းခရိုင်)<br>၀၉-၄၃၁၃၇၇၂၉<br>(Viber-အနောက်ပိုင်းခရိုင်)<br>၀၉-၅၁၉၄၂၂၃<br>(Viber-တောင်ပိုင်းခရိုင်)<br>၀၉-၇၈၆၂၈၁၄၅၆<br>(Viber-မြောက်ပိုင်းခရိုင်) | mpf-yangon<br>@e-moha.gov.mm | |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂<br>၀၉-၄၅၉၇၁၆၁၅၅<br>(Viber-လားရှိုးခရိုင်)<br>၀၉-၄၅၀၅၄၀၀၃၄<br>(Viber-ကျောက်မဲခရိုင်)<br>၀၉-၂၆၀၁၉၉၄၃၄<br>(Viber-တောင်ကြီးခရိုင်)<br>၀၉-၄၂၀၀၂၇၀၇၆<br>(Viber-လင်းခေးခရိုင်)<br>၀၉-၇၈၄၀၂၁၅၂၁<br>(Viber-လွိုင်လင်ခရိုင်)<br>၀၉-၅၁၂၇၈၈၂<br>(Viber-ကျိုင်းတုံခရိုင်)<br>၀၉-၅၀၆၈၁၈<br>(Viber-တာချီလိတ်ခရိုင်)<br>၀၉-၄၄၀၂၆၈၄၄၁<br>(Viber-မိုင်းဆက်ခရိုင်)<br>၀၉-၄၅၄၈၆၄၇၃၄<br>(Viber-မူဆယ်ခရိုင်)<br>၀၉-၄၀၃၇၄၇၁၃၂<br>(Viber-ဟိုပန်ခရိုင်)<br>၀၉-၂၆၅၂၉၅၀၇၆<br>(Viber-မိုးမိတ်ခရိုင်) | mpf-shan<br>@e-moha.gov.mm | |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆<br>၀၉-၄၃၀၄၆၄၄၃<br>(Viber-ပုသိမ်ခရိုင်)<br>၀၉-၂၅၉၀၄၂၃၃၀<br>(Viber-ဟင်္သာတခရိုင်)<br>၀၉-၄၅၄၄၆၆၆၇<br>(Viber-မြောင်းမြခရိုင်)<br>၀၉-၉၅၀၉၇၇၃၇၆<br>(Viber-လပွတ္တာခရိုင်)<br>၀၉-၂၀၁၉၉၅၃<br>(Viber-မအူပင်ခရိုင်)<br>၀၉-၂၅၄၄၃၆၄၁၄<br>(Viber-ဖျာပုံခရိုင်) | mpf-ayeyarwaddy<br>@e-moha.gov.mm | |

# အီရန်သမ္မတ အီဘရာဟင် ရိုင်စီက နိုင်ငံအပေါ်ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများ အမြန်ဆုံးဖယ်ရှားရန် ကြိုးပမ်းမည်ဟု ကတိပြု

**တီဟီရန် ဩဂုတ် ၆**

အီရန်သမ္မတ အီဘရာဟင် ရိုင်စီက အီရန်နိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို အမြန်ဆုံး ဖယ်ရှားရန် ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြည်သူများအား ကတိပြုပြောကြားသည်။

သမ္မတ အီဘရာဟင် ရိုင်စီက ယမန်နေ့တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ အဆိုပါကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ အာဖဂန်နစ္စတန်သမ္မတ အာရှ်ရက်ဖ်ဂါနီအပါအဝင် နိုင်ငံပေါင်း ၇၀ မှ သံတမန်များ တက်ရောက်ကြသည်။

အီရန်ပြည်သူများသည် ပိုမိုကောင်းမွန်သည့် လူနေမှုဘဝနှင့် ဝင်ငွေမြင့်မားမှုကို လိုလားလျက်ရှိကြောင်းနှင့် ယင်းလိုအပ်ချက်များကို ၎င်းအနေဖြင့် ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အီရန်သမ္မတ ရိုင်စီက ကတိပြုပြောကြားသည်။

ထို့ပြင် အီရန်နိုင်ငံအပေါ် အမေရိကန်နိုင်ငံက ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို အမြန်ဆုံး ဖယ်ရှားရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်းနှင့် ယင်းသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် ကောင်းမွန်သော သံခင်းတမန်ခင်း နည်းလမ်းများကို အသုံးပြုသွားမည်ဖြစ်ကြောင်း သမ္မတရိုင်စီက ဆိုသည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့သည် ၂၀၁၅ ခုနှစ် အီရန်နျူကလီးယားသဘောတူစာချုပ် ပြန်လည်အသက်ဝင်လာစေရေးအတွက် သွယ်ဝိုက်ဆွေးနွေး ညှိနှိုင်းမှုများကို မကြာခဏပြုလုပ်လျက်ရှိသည်။

သို့သော် ၎င်းတို့၏ ဆွေးနွေးမှုများသည် စီးပွားရေးပိတ်ဆို့မှုများကို ဖယ်ရှားရန်အထိ အောင်မြင်မှုမရှိသေးပေ။ မကြာမီအချိန်အထိ စီးပွားရေးပိတ်ဆို့မှုများ ဖယ်ရှားရန် ဆောင်ရွက်နိုင်ခြင်းမရှိပါက အီရန်ပြည်သူများ၏ မကျေနပ်ချက်များသည် ပိုမိုကြီးထွားလာနိုင်ဖွယ်ရှိသည်။



သမ္မတ ရိုင်စီက အစိုးရအဖွဲ့ဝင်တာဝန်ရှိသူများ၏ အမည်စာရင်းများကို ပါလီမန်အစည်းအဝေးသို့ တင်သွင်းမည်ဖြစ်သည်။

အီရန်နျူကလီးယားအရေးနှင့် ပတ်သက်ပြီး အပြန်အလှန်သဘောတူညီမှုရရှိရေးသည် အချိန်ကြာမြင့်နိုင်ဖွယ်မရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ နက်ပရိုက်စ်က မီဒီယာသို့ ပြောကြားသည်။

ဥရောပသမဂ္ဂနှင့် အခြားသောနိုင်ငံများက ကြားဝင်ညှိနှိုင်းပေးလျက်ရှိသည့် အီရန်နျူကလီးယားအရေးနှင့်ပတ်သက်ပြီး ဗီယင်နာညှိနှိုင်းရေး စားပွဲဝိုင်းသို့ အမြန်ဆုံးလာရောက်ရန် အီရန်အစိုးရအဖွဲ့အသစ်အား နက်ပရိုက်စ်က တိုက်တွန်းပြောကြားခဲ့သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**




# အင်ဒိုနီးရှားနိုင်ငံ၌ ၃၉၅၃၂ ဦး ရောဂါထပ်မံကူးစက်ခံရ

**ဂျကာတာ ဩဂုတ် ၆**

အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၉၅၃၂ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ် ကူးစက်ခံရသူပေါင်း ၃၆၀၇၈၆၃ ဦးရှိလာပြီဖြစ်ကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၆၃၅ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၀၄၀၁၀ ရှိလာပြီဖြစ်သည်။

သို့သော်လွန်ခဲ့သော ၂၄ နာရီအတွင်း ၄၈၈၃၂ ဦး ကျန်းမာရေးအခြေအနေ ကောင်းမွန်လာပြီး ဆေးရုံများမှ ပြန်လည်ဆင်းသွားသည့်အတွက် လက်ရှိအချိန်အထိ ဆေးရုံမှ ပြန်လည်ဆင်းသွားသူပေါင်း ၂၉၉၆၄၇၈ ဦး ရှိလာသည်။

နိုင်ငံအတွင်းရှိ ပြည်နယ် ၃၄ ခုသို့ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့လျက်ရှိပြီး အချို့ဒေသများတွင် ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်အထိ ကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံမှုခံယူပြီးသူ ၂၂ ဒသမ ၈၉ သန်းရှိပြီး ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံမှုခံယူပြီးသူ ၄၉ ဒသမ ၃၉ သန်းရှိသည်။

နိုင်ငံတစ်ဝန်း၌ ပြည်သူ ၂၀၈ ဒသမ ၂ သန်းအား ကာကွယ်ဆေး ထိုးနှံပေးရန် အင်ဒိုနီးရှားအစိုးရက စီစဉ်ထားသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

■

# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၆၆၀ ထပ်မံတွေ့ရှိ

**မော်စကို ဩဂုတ် ၆**

ရုရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၆၆၀ ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၆၄၀၂၅၆၄ ဦးရှိလာကြောင်း ရုရှားနိုင်ငံရောဂါတုံ့ပြန်ရေးစင်တာက ယနေ့ပြောသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၇၉၂ ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၆၃၃၀၁ ဦးရှိလာသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၂၀၁၄၁ ဦး ကျန်းမာရေးအခြေအနေကောင်းမွန်လာပြီး ဆေးရုံများမှ ပြန်လည်ဆင်းသွားသည့်အတွက် လက်ရှိအချိန်အထိ ဆေးရုံမှ ပြန်လည်ဆင်းသွားသူပေါင်း ၅၇၂၀၃၅၃ ဦးရှိလာသည်။

ရောဂါကူးစက်မှုဒဏ်ကို ဆိုးရွားစွာခံစားနေရသည့် မြို့တော်မော်စကို၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်- ၁၉ ရောဂါကူးစက်ခံရသူ ၂၅၈၃ ဦး ထပ်မံတွေ့ရှိရသည့်အတွက် မြို့တော်အတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၅၂၂၀၄ ဦးရှိသည်။

လက်ရှိအချိန်အထိ ပြည်သူ ၃၈ ဒသမ ၉ သန်း (လူဦးရေ၏ ၂၇ ရာခိုင်နှုန်း) အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**






# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ၂၀၈၈၉ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ ဩဂုတ် ၆**

မလေးရှားနိုင်ငံတွင် ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ၂၀၈၈၉ ဦးကို ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၂၄၅၉၅ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ယခုကိုဗစ်-၁၉ရောဂါထပ်မံကူးစက်ခံရသူများတွင် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ ၁၃ ဦးနှင့် ပြည်တွင်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၈၇၆ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် နော့ဟီရှန်အဗ္ဗဒူလာက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

အလားတူ ကိုဗစ်-၁၉ ရောဂါကြောင့် ၁၆၀ ထပ်မံသေဆုံးသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၀၁၇၉ ဦးရှိလာသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါမှ ပြန်လည်သက်သာလာသူ ၁၆၃၉၄ ဦး ထပ်မံတွေ့ရှိရသဖြင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၉၉၃၀၂၀ ရှိလာသည်။

နိုင်ငံအတွင်း ဆေးရုံများရှိ အထူးကြပ်မတ်ကုသဆောင်များတွင် ကိုဗစ်-၁၉ ရောဂါဖြင့် တက်ရောက်ကုသမှုခံယူနေသူ ၁၀၉၆ ဦးရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# တရုတ်နိုင်ငံက ယခုနှစ်မကုန်မီ ကမ္ဘာ့နိုင်ငံများသို့ ကာကွယ်ဆေးအလုံးရေ နှစ်ဘီလီယံ ထောက်ပံ့ပေးမည်

**ပေကျင်း ဩဂုတ် ၆**



တရုတ်နိုင်ငံက ယခုနှစ်မကုန်မီ ကမ္ဘာ့နိုင်ငံများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ နှစ်ဘီလီယံ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က ကတိပြုပြောကြားသည်။

တရုတ်နိုင်ငံက ကြီးမှူးကျင်းပသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဆိုင်ရာ နိုင်ငံတကာဖိုရမ်သို့ ပေးပို့သည့် ပေးစာတစ်စောင်တွင် သမ္မတရှီကျင့်ဖျင်က အထက်ပါအတိုင်း ရေးသားထားကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

**ထောက်ပံ့ပေးလျက်ရှိ**

တရုတ်နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ကာကွယ်ဆေးများ ထောက်ပံ့ပေးလျက်ရှိပါကြောင်း နိုင်ငံခြားရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

ကုလသမဂ္ဂအဖွဲ့၏ ကာကွယ်ဆေးဖြန့်ဖြူးရေး COVAX အစီအစဉ်သို့လည်း ကာကွယ်ဆေးအလုံးရေ သန်း ၁၀၀ ထပ်မံထောက်ပံ့ပေးမည်ဖြစ်ကြောင်း သမ္မတ ရှီကျင့်ဖျင်က ကတိပြုပြောကြားသည်။

လက်ရှိအချိန်အထိ တရုတ်နိုင်ငံက ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ ကျော် (အဓိကအားဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ)သို့ ကာကွယ်ဆေးအလုံးရေ သန်း ၇၀၀ ကျော် ထောက်ပံ့ပေးပြီးဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများအား ကာကွယ်ဆေးထောက်ပံ့ပေးခြင်းသည် နိုင်ငံရေးအရ အမြတ်ထုတ်ခြင်းမျိုးမဟုတ်ဘဲ ကပ်ရောဂါအား ကမ္ဘာမြေပေါ်မှ အမြန်ဆုံးပျောက်ကွယ်သွားရန် လုပ်ဆောင်ခြင်းသာဖြစ်ကြောင်း ဇူလိုင် ၂၉ ရက်တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဇိုလီဂျင်းက ပြောကြားသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

■

# ကမ္ဘောဒီးယားနိုင်ငံ၌ ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၂၇ ဦးရှိ

**ဖနောင်ပင် ဩဂုတ် ၆**

ကမ္ဘောဒီးယားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၆၇ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူပေါင်း ၃၂၇ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ပြည်တွင်းနေထိုင်သူ ၂၅ ဦးနှင့် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ ၄၂ ဦး စစ်ဆေးခဲ့ရာ ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံထားရသည်ကိုတွေ့ရှိရကြောင်း ကမ္ဘောဒီးယားနိုင်ငံ ပက်စ်တာအင်စတီကျူ၏ ဓာတ်ခွဲခန်းမှ စစ်ဆေးချက်များအရသိရှိရသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ မြို့တော်ဖနောင်ပင်အပါအဝင် ပီရေဗီဟီယား၊ အော်ဒါမန်ချေ၊ ဘန်တီးမန်ချေ၊ ဆီရန်ရီ၊ ကန်ပေါင်သွန်၊ ကန်ပေါင်ချန်၊ စဖေးရိုင်နှင့် စတန်ထရန်ပြည်နယ်များတွင် ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုများ တွေ့ရှိရကြောင်း သိရသည်။

နိုင်ငံအတွင်း လူမှုပတ်ဝန်းကျင်များတွင် ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုများတွေ့ရှိနေရသဖြင့် သတိပြုနေထိုင်ကြရန် နိုင်ငံသားများအား ကျန်းမာရေးဝန်ကြီး မန်ဗန်ဟန်းက ပြောကြားသည်။

နိုင်ငံသားများအနေဖြင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းသုံးခုဖြစ်သည့် နှာခေါင်းစည်းဝတ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးခြင်းနှင့် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပြီး ရှောင်ကြဉ်ရမည့် အချက်သုံးချက်ဖြစ်သည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသွားအလာကန့်သတ်ထားသောနေရာများသို့ သွားရောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ လူထူထပ်သောနေရာများသို့ သွားရောက်ခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် လူတစ်ဦးနှင့်တစ်ဦး လက်ဆွဲနှုတ်ဆက်ခြင်းကဲ့သို့သော ထိတွေ့ကိုင်တွယ်ခြင်းမှ ရှောင်ကြဉ်ခြင်းတို့ကို တိကျစွာဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# နီပေါနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၀၀၇ ဦးထပ်မံတွေ့ရှိ

**ခတ္တမန္ဒူ ဩဂုတ် ၆**

နီပေါနိုင်ငံ၌ ယမန်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၀၀၇ ဦး ထပ်မံတွေ့ရှိခဲ့ရပြီး ၎င်းအရေအတွက်သည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များကို ဖြေလျှော့ခဲ့ပြီးနောက် နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်သူဦးရေအများဆုံးအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ယမန်နေ့က ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၀၀၇ ဦးနှင့် အဆိုပါရောဂါကြောင့် သေဆုံးသူ ၃၇ ဦး ထပ်မံတွေ့ရှိခဲ့ရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၇၀၈၀၇၉ ဦးနှင့် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၉၉၉၄ ဦးရှိလာသည်။

နိုင်ငံအတွင်း မကြာသေးမီအချိန်က ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများ မြင့်တက်လာခြင်းသည် နိုင်ငံအတွင်း လက်ရှိဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်းကို ဆက်လက်ဖြစ်ပွားစေရန် ပံ့ပိုးသကဲ့သို့ဖြစ်နေကြောင်း နီပေါနိုင်ငံကျန်းမာရေးနှင့် လူဦးရေဆိုင်ရာဝန်ကြီး ဒေါက်တာ ခရစ်ရှီးနား ပရာဆတ်ပေါဒယ်လ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ မြို့တော်ခတ္တမန္ဒူနှင့် နိုင်ငံ၏ အခြားနေရာဒေသများတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု မြင့်တက်လာခြင်းမှာ ကိုဗစ်-၁၉ ရောဂါဆိုင်ရာကန့်သတ်ချက်များကို ဖြေလျှော့ပေးခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ဧပြီလအစောပိုင်းမှစတင်၍ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုများ ကျဆင်းလာသောကြောင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာကန့်သတ်မှုများကို ဖြေလျှော့ပေးခဲ့သော်လည်း မေ ၁၁ ရက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၃၁၇ ဦး တွေ့ရှိခဲ့ရပြီး ထိုအချိန်မှစတင်၍ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်း စတင်ဖြစ်ပွားခဲ့သည်။ မြို့တော် ခတ္တမန္ဒူရှိ ဆေးရုံများတွင် လွန်ခဲ့သောရက်များအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ဆေးရုံတက်ရောက်ကုသသူဦးရေ များပြားလာခဲ့ပြီး ထရီဗူဗန်ဆေးရုံတွင်လည်း တက်ရောက်ကုသသူများ ရှိခဲ့သည်။

နိုင်ငံအတွင်း မကြာသေးမီက ခရီးသွားလာမှုများ ပြုလုပ်ခဲ့သဖြင့် ရောဂါဖြစ်ပွားမှုများ ပြန်လည်မြင့်တက်လာခြင်းဖြစ်ကြောင်း ထရီဗူဗန်ဆေးရုံ ကိုဗစ်-၁၉ ရောဂါဆိုင်ရာစီမံခန့်ခွဲရေး ကော်မတီမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဒေါက်တာ ရှန်တာကူးမားဒတ်စ်က ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းမရှိဘဲ လုပ်ငန်းခွင်သို့လာရောက်သည့် ဝန်ထမ်းသုံးဦးအား စီအင်န်အင်န်သတင်းဌာနက အလုပ်မှထုတ်ပယ်

**ဝါရှင်တန် ဩဂုတ် ၆**




အမေရိကန်သတင်းဌာန တစ်ခုဖြစ်သည့် စီအင်န်အင်န်က ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူခြင်းမရှိသည့် ဝန်ထမ်းသုံးဦးအား အလုပ်မှ ထုတ်ပယ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

စီအင်န်အင်န် သတင်းဌာန အကြီးအကဲ ဂျက်ဖ်ဇူကာ ရေးသားထားသည့် ပေးစာတစ်စောင်ကို မီဒီယာလုပ်ငန်း ဌာနခွဲအချို့က လက်ခံရရှိကြောင်း ၎င်းတို့က ဆိုသည်။

ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းမရှိဘဲ လုပ်ငန်းခွင်သို့ လာရောက်သည့် ဝန်ထမ်းသုံးဦးအား တာဝန်မှ ရပ်စဲလိုက်ကြောင်း အဆိုပါပေးစာတွင် ရေးသားထားသည်။

သို့သော် အဆိုပါဝန်ထမ်း သုံးဦး၏ ရာထူးနှင့် အလုပ်ဌာနများကို ဖော်ပြထားခြင်းမရှိကြောင်း သိရသည်။

ဝန်ထမ်းများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူပြီးမှသာ အမေရိကန်ရုံးဌာနများသို့ ဝင်ရောက်ရမည်ဟု စီအင်န်အင်န် သတင်းဌာနက အမိန့်ထုတ်ပြန်ထားသည်။

စီအင်န်အင်န်ဝန်ထမ်းများသည် တစ်ဦးနှင့်တစ်ဦး အနီးကပ် ဆက်သွယ် အလုပ်လုပ်ရသည့်အတွက် ကာကွယ်ဆေးမဖြစ်မနေ ထိုးထားရန် လိုအပ်ကြောင်း ဇူကာ၏ပေးစာတွင် သတိပေးဖော်ပြထားသည်။ ထို့ပြင် ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်း မရှိသည်နှင့်ပတ်သက်ပြီး ၎င်းတို့အနေဖြင့် လုံးဝသည်းခံခွင့်လွှတ်နိုင်ခြင်း မရှိကြောင်းလည်း အဆိုပါပေးစာတွင် ထည့်သွင်းရေးသားထားသည်။

ကာကွယ်ဆေးထိုးနှံမှု ခံယူပြီးဖြစ်ကြောင်း သက်သေခံလက်မှတ်ပြနိုင်မှသာ ဝန်ထမ်းများအား လုပ်ငန်းခွင်သို့ ဝင်ခွင့်ပြုမည့် အစီအစဉ်ကို ဇူကာ၏ပေးစာတွင် အကြံပြုဖော်ပြထားသည်။

နိုင်ငံအတွင်း ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့လျက်ရှိသည့်တွက် အမေရိကန်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းများက ၎င်းတို့၏ ဝန်ထမ်းများအား ကာကွယ်ဆေးထိုးနှံမှု ခံယူပြီးမှသာ လုပ်ငန်းခွင်သို့ လာရောက်ခွင့်ပြုလျက်ရှိကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၀၁၉၁၆၃၈၄ | ဦး |
| သေဆုံးသူ | ၄၂၈၄၅၈၉ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၈၁၆၄၁၂၄၆ | ဦး |

# ကျိုက်ထိုမြို့နယ် ရန်ကုန်-မော်လမြိုင်ကားလမ်းဟောင်း မိုင်တိုင်အမှတ်(၉၀/၂-၁)ကြား ကျောက္ကလပ်တံတားအနီး၌ လူမှုကူညီရေးအသင်းမှယာဉ်တစ်စီး မိုင်းခွဲခံရ



မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ကြိုးဆွဲမိုင်းပေါက်ကွဲမှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် သြဂုတ် ၆

နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် နိုင်ငံတော်ပိုင် အဆောက်အအုံများ၊ အေးချမ်းစွာ နေထိုင်လိုသော ပြည်သူလူထုအချို့၏ နေအိမ်များ၊ အများပြည်သူ သွားလာလှုပ်ရှားနေသော လမ်းမကြီးများပေါ်တွင် လက်လုပ်ဗုံးများ ပစ်ဖောက်ခြင်း၊ ထောင်ထားခြင်းများအား ပြုလုပ်နေကြသည်ကို တွေ့ရှိရသည်။ ၎င်းအပြင် လတ်တလောကျန်းမာရေးလုပ်ငန်းများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် စိတ်စေတနာ ပြည့်ဝစွာဖြင့် အနစ်နာခံပေးဆပ်လုပ်ကိုင်လျက်ရှိသော စေတနာ့ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များကိုလည်း နည်းမျိုးစုံဖြင့် ဦးတည် တိုက်ခိုက်လာသည်ကို တွေ့ရှိရသည်။

**သွားရောက်စစ်ဆေး**

ထိုသို့ လုပ်ဆောင်လျက်ရှိရာ မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ရန်ကုန်-မော်လမြိုင် ကားလမ်းဟောင်း မိုင်တိုင်အမှတ် (၉၀/၂-၁) ကြား ကျောက္ကလပ်တံတားအနီး၌ လူနာတင်ယာဉ်တစ်စီးမိုင်းဖောက်ခွဲခံရကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ လိုရာပြည့် လူမှုကူညီရေးအသင်းမှ သိမ်ဇရပ်မြို့ မြို့မ(၁)ရပ်ကွက်နေ ကိုကျော်စွာဝင်း (၂၁)နှစ် (ဘ) ဦးတင်ထွန်းသည် အသင်းပိုင် လူနာတင်ယာဉ်ဖြင့် ကျိုက်ထိုမြို့မှ သူ့ရလင်း (၂၆) နှစ် (ဘ) ဦးကျော်လင်းနှင့် ဦးမိုးအောင် (၅၃)နှစ် (ဘ) ဦးလှအောင်တို့အား သွားရောက်တင်ဆောင်၍ သိမ်ဇရပ်မြို့သို့ ပြန်လာစဉ် သိမ်ဇရပ်မြို့ဝင်ဆိုင်းဘုတ်အနီး အရောက် တရုတ်နိုင်ငံလုပ် ကြိုးဆွဲလက်ပစ်ဗုံးဖြင့် ဖောက်ခွဲခံရသဖြင့် ယာဉ်၏ ရှေ့လေကာမှန်ကြီး၊ ယာရှေ့နောက်မှန်ကြီး နှစ်ချပ်တို့ ကွဲအက်ပျက်စီးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





ကွမ်းထဲတွင် ဆေးထည့်စားခြင်း၊ ဆေးရွက်ကြီး ငုံခြင်းနှင့် ဆေးလိပ်သောက်ခြင်းတို့ကြောင့် လူတို့၏ အသက်ကို သေစေနိုင်သည်အထိ အန္တရာယ်ရှိပါသည်။

ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

စာတည်း



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၇-၈-၂၀၂၂ စနေနေ့

**MRTV**

- ၀၆:၀၀ ဓမ္မသုတ်ဂရားနသုတ်တော်ရွတ်သုတ် အနှလုံးတင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၃၀ နတ်ဥယျာဉ်အသားသီးဗ
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၅ မြန်မာ့ယှဉ်ကို "မေတ္တာမေတ်တမ်း"
- ၁၂:၃၀ "ခင်သမောဘတိုင်းမိမိ" ဇာတ်ကား
- ၁၃:၂၀ အလွှာအမြင်(အပိုင်း-၁)
- ၁၃:၃၅ MRTV National News
- ၁၆:၃၅ ပုံပြင်ကမ္ဘာ့သစ်တည် "မြေမြို့နှင့်စုဖူးဆီး"
- ၁၆:၅၀ အားထိပ်အမျိုးသမီးရုပ်ပြင်တွင် စီးပွားရေးလုပ်ငန်းရှင်များအကြောင်း (ဖိုင်းနိမ်း)
- ၁၇:၀၅ ရွှေမြို့သလေးတမ္ဘာမြေ
- ၁၇:၂၀ ရှုမဝရှုဝင်ဘာအဖိုးအထိုးအစဉ်
- ၁၇:၃၅ MRTV Travelogue
- ၁၈:၀၀ မြို့တွင်းသတင်း
- ၁၈:၃၀ သုတစာကြားသိရှိကော
- ၁၉:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်တရားရဲ့ခြေရာ" (အပိုင်း-၁၁)
- ၂၀:၀၀ မြို့တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်းကြေညာ
- ၂၁:၀၀ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ သောက်ရှုက်ချက်များအကြောင်းသိကောင်းစရာ
- ၂၁:၂၀ "သုတစွယ်စုံပဒေသာကြီး" (ဇာတ်လော်ကြီး–မေဘဏ္ဍာ) (ဇာတ်ဆုံး)

**mitv**

- 07:01 News
- 07:26 Great Shwedagon - The Prayer Halls And Buddha Images (Part-1)
- 07:52 Thin Byu Mat
- 08:00 Weekly Review
- 08:16 Mulberry Art Painting: Muu Muu
- 08:30 Paper Flower
- 08:36 Daingnak Style
- 08:50 Myanmar Traditional Art Bronze Casting
- 09:01 Myanmar Family Life: Myanmar Code of Dress
- 09:14 Serene and Happy Rural Life in Myanmar
- 09:25 Chef Life: Myo Min Soe Oo
- 09:35 Travelogue: Ngwe Saung Beach
- 09:56 Dances of Myanmar (Bwe Traditional Dance)
- 11:21 Tea Leaves

**MRTV NRC**

- ကမာ (၀၆:၀၀ မှ ၀၈:၃၀) ကမာဘာသာစကားမြန်ကြားစဉ် (အပိုင်း-၃)
- ဝကာကရင် (၀၈:၀၀ မှ ၀၉:၀၀) တိမ်တိုက်ကြားကလသာဝ
- အရှေ့ဘိုးကရင် (၀၉:၃၀ မှ ၁၀:၀၀) ပုံမယ်သိနှင့်ကျွန်မအမေ
- အရှေ့ကြကရင် (၁၀:၀၀ မှ ၁၁:၀၀) ပိုးခါးပေမိုးသံစုံမှစည်းမျဉ်းလိုက်ပါ
- ချင်း(ဖိုင်းဇိုး) (၁၁:၀၀ မှ ၁၂:၀၀) ရာသာကောကတ္တရာပျော်ကျော်အလှအစုံများ
- ချင်း(မြို့) (၁၂:၀၀ မှ ၁၃:၀၀) ဗွာစနက်သောလိုက်ရှိတ်
- မွန် (၁၃:၀၀ မှ ၁၄:၀၀) မွန်ရိုးရာထွန်းဝတ်ကြီးလာဝဲ
- ရှိုင် (၁၄:၀၀ မှ ၁၅:၀၀) ရှိုင်ကာခံဖြည့်ကိုအလည်ပြောကြမယ်
- ရွှီး (၁၅:၀၀ မှ ၁၇:၀၀) ရွှီးဘာသာစကားမြန်ကြားစဉ်(အပိုင်း-၅)
- ဝ (၁၇:၀၀ မှ ၂၀:၀၀) ဒေသထင်ရှားစီးပိုးဝင်ဘူမိုးရှုမှု(အပိုင်း-၇)
- ကချင် (၂၀:၀၀ မှ ၂၁:၀၀) ရိုးမိရိုးရာဝတ်စားဆင်ယင်မှု

**MRTV Farmer**

- ၀၇:၀၀ အဖွင့်အခမ်း
- ၁၀:၀၀ မြို့ပတ်ဒေသစိုက်ပျိုးဝတ်ထုတ် ဈေးနှုန်းသတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၇)
- ၁၁:၀၀ ဥပဒေရေးရာမှဖြေကြားပေးလိမ့်မည် "အကျိုးမျှတဆိုင်ရာအကြောင်း သိမှတ်စရာဥပဒေ"
- ၁၁:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၈)

**MRTV Sports**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အလေ့အကျင့်ဆိုင်ရာနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကအသိ သုတ်အကြောင်း
- ၀၈:၀၀ မြန်မာ့ပြည်ပအားကစားပွဲများ
- ၂၀:၀၀ မြို့တွင်းသတင်း

MRTV Farmers' Channel MRTV ကို ရုပ်မြင်သံကြားမှ ကြည့်ရှုနိုင်သည့် Education Channel ကို ရုပ်မြင်သံကြားအင်တာနက်မှတစ်ဆင့် ကြည့်ရှုနိုင်ပါသည်။

SCAN ME

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# အတွေးအကြံ

ခင်ကြူကြူမွေး

သင်သည် တောင်ထိပ်၌ပေါက်နေသော ထင်းရှူးပင်
မဖြစ်နိုင်လျှင် တောင်ကြားက ချုံပုတ်လေး ဖြစ်ပါစေ။
သို့ရာတွင် အကောင်းဆုံးချုံပုတ်တော့ ဖြစ်ပါစေ....။
သစ်ပင်မဖြစ်နိုင်လျှင် ချုံပုတ်ဖြစ်ပါစေ။
ချုံပုတ်မဖြစ်နိုင်လျှင် မြက်ပင်တစ်စုဖြစ်ပါစေ။
လမ်းမတစ်ခုကို လှပမှုပြုသည့်
မြက်ပင်တစ်စု ဖြစ်ပါစေ....။ ။

ဒေါက်ဂလပ်စ်မာလော့
(အီမာဆင်၏ဆောင်းပါးကိုမှီး၍
ကဗျာဆရာ ဒေါက်ဂလပ်စ်မာလော့က
ရေးဖွဲ့ခဲ့ရာ ကမ္ဘာကျော်ကဗျာဖြစ်ခဲ့၏)

အထက်ပါကဗျာရဲ့ အနှစ်သာရသဘောက ကျွန်မတို့အားလုံးဟာ တောင်ထိပ်ပေါ်က ထင်းရှူးပင်တွေလို ခေါင်းဆောင်ထိပ်ပိုင်းနေရာတွေမှာ ရောက်ချင်မှရောက်မယ်။ ရှိနေချင်မှ ရှိနေလိမ့်မယ်။ ဒါပေမဲ့ ဘယ်နေရာရောက်ရောက်၊ ဘယ်လိုအခြေအနေဖြစ်ဖြစ်၊ နောက်လိုက်ကောင်းတွေ ဖြစ်နေသင့်တယ်။ ကိုယ့်တာဝန်ကိုသာ အကောင်းဆုံးလုပ်ဖို့က ပဓာနပါ။ ကျော်ကြားလောက်အောင် သူ့အခိပ္ပာယ်ကောင်းလှပါပေတယ်။ ပြောလိုရင်းက စိတ်ထားပေ့ါ။ စိတ်ထားတတ်ဖို့က အရေးကြီးတာပဲ။

လောကဓံတရားရှစ်ပါးဆိုတာ ဘုရားအလောင်းတော်တောင် မရှောင်လွှဲနိုင်ပါဘူး။ မြတ်စွာဘုရားတောင်မှ မတော်မတရားစွပ်စွဲပုတ်ခတ်ခံရခြင်း၊ ရိုင်းရိုင်းစိုင်းစိုင်း ဆဲဆိုစော်ကားခံရခြင်း၊ အသက်ကိုပင် ရန်ရှာတိုက်ခိုက်တာတွေခံရခြင်း စတဲ့အတွေ့အကြုံတွေ ရင်ဆိုင်ခဲ့ရဖူးတာ ကြည့်ပေတော့။ သုံးလောကထွတ်ထား ဂေါတမဗုဒ္ဓမြတ်စွာဘုရား (ဘီစီ ၅၆၃-၄၈၃)ကတော့ ရန်တကာကို မေတ္တာဖြင့်သာ အလွယ်တကူ အေးချမ်းတည်ငြိမ်စွာ ပယ်ရှင်းအောင်မြင်ခဲ့တာချည်းပါ။

စိတ်ထားမှန်ဖို့က မေတ္တာအခြေခံရပေမယ်။ ချစ်သောမျက်စိဖြင့်သာ ကြည့်ပါက အရာရာ လောကကြီးဟာ အပြစ်အနာအဆာမရှိ။ ခွင့်လွှတ်နိုင်တယ်။ သည်းခံနိုင်တယ်။ အရင်းခံက မိမိရဲ့စိတ်ထားပါပဲ။ ယောနိသော မနသီကာရ ဆိုလေ့ရှိကြတယ်။

စိတ်ပျက်စရာတွေကြုံပေမယ့် မတုန်လှုပ်။ စိတ်ရှုပ်စရာတွေ တွေ့ပေမယ့် စိတ်မညစ်။ ဒေါသဖြစ်စရာတွေ ခံစားရပေမယ့် စိတ်မဆိုးဘဲ ခွင့်လွှတ်ဖြေဖျောက်လိုက်နိုင်တယ်။

တကယ်တော့ ဒေါသဖြစ်ရတာက ကိုယ့်အလိုမကျလို့ပဲလေ။ အလိုမကျတဲ့အခြေအနေကြောင့် ကိုယ့်မှာဒေါသဖြစ်ရတာကိုး။ အလိုကျတဲ့အခြေအနေကြုံရပြန်တော့ ကြိုက်တယ်။ ကျေနပ်တယ်။ ထပ်လိုချင်ပြန်တယ်။ အဲဒါက လောဘခေါ်တယ်။

လောဘဖြစ်တာဖြစ်မှန်းမသိ၊ ဒေါသဖြစ်နေတာ ကိုယ့်ကိုယ်ကိုယ်သတိမထားမိ။ မိမိကိုယ်မှာရှိနေတဲ့ လောဘတွေ၊ ဒေါသတွေ လွန်ကဲပူလောင်နေမှန်းမသိခြင်း၊ အဝိဇ္ဇာသဘောကိုတော့ မောဟလို့ခေါ်ပါတယ်။

မသိမှုအဝိဇ္ဇာက ဖုံးလွှမ်းနေတော့ လိုချင်တပ်မက်ခြင်းတဏှာ (လောဘ၊ ရာဂ၊ အခြေအနေအရ ခေါ်ဆိုကြ) ကြောင့် ဒေါသတွေလည်း ဖြစ်ပေါ်ရတာပဲ။

ဒေါသဖြစ်ရင် မေတ္တာကင်းပျောက်သွားပြီ။ ဒေါသနဲ့ မေတ္တာက လုံးလုံးဆန့်ကျင်ဘက်ဖြစ်ကြတဲ့ သဘောသဘာဝရှိကြတယ်။

မေတ္တာရှိရင် ဒေါသဆိုတာ ကင်းစင်တယ်။ မေတ္တာရဲ့သဘောက အဒေါသ။ ဒေါသမရှိ။ မေတ္တာနာမ အထသော အဒေါသောတဲ့။

ဒေါသဆိုတဲ့ အမုန်းတရား အမုန်းစကားတွေ သူတစ်ပါးကို ပုတ်ခတ်၊ ရန်လို၊ နှိပ်စက်၊ သတ်ဖြတ်တိုက်ခိုက်ခြင်းတွေ လုပ်နေတဲ့ သူအချို့ရဲ့ မျက်နှာဖုံး လက်သုံးစကားက အမုန်းစကားပယ်ရှားရေး တကယ်မှာတော့ ငါနှင့်မတူ ငါ့ရန်သူ၊ ငါ့ကို ဆရာမတင်, နေရာမပေးသမျှ ငါကတော့ ဒုက္ခအမျိုးမျိုးပေးနေရမှာပဲဆိုတဲ့ ရန်လိုဒေါသ၊ မောဟလောင်မီးကျနေကြတာပါ။

စိတ်နေစိတ်ထား အရေးကြီးလှပါတယ်။

စိတ်ဆိုတာ အကောင်အထည် ဒြပ်တော့မရှိပေမယ့် ရုပ်တရား နာမ်တရားတို့ရဲ့ ရှေ့ဆောင်အကြီးအမှူးဖြစ်ပေတယ်။ စိတ်က ဖန်တီးဦးဆောင်သူပဲ။ အကြင်သူဟာ မကောင်းတဲ့စိတ်နဲ့၊ ယုတ်မာတဲ့စိတ်နဲ့ပြောရင်ဖြစ်ဖြစ်၊ ပြုရင်ဖြစ်ဖြစ် ဘယ်လိုဖြစ်ပေါ်မလဲဆိုရင် လှည်းဘီးဟာ ရှေ့ကနွားခြေရာရဲ့ နောက်ကိုသာ လိုက်သလိုပဲ ဆင်းရဲခြင်းဟာ ထိုသူရဲ့နောက်သို့ ထက်ကြပ်မကွာ လိုက်ပါလေတယ်။

ဒီသဘောသဘာဝကို ပြသစရာ ဥပမာသာဓကတွေ အများကြီးရှိနေပြီးသားပါ။ ထောင်ကျခံနေကြရတဲ့ အကျဉ်းသားတွေကိုပဲ ကြည့်လိုက်ပါ။ ခိုးမှု၊ သတ်မှု၊ လုယက်မှု၊ လိမ်လည်မှု၊ မသမာမှု စတဲ့ ကိုယ်ပြုခဲ့တဲ့ကံတွေရဲ့ပွဲတင်သံတွေ ခံစားနေရကြောင်း တွေ့ရပါလိမ့်မယ်။ အင်းစိန်ထောင်ထဲက အကျဉ်းသားတွေမှမဟုတ်။ လူ့သမိုင်းစဉ်တသီတတန်းကြီးကို ဉာဏ်နဲ့ရှုမြင်ဆင်ခြင်ကြည့်လိုက်ရင်လည်း သူခိုး၊ သူဝှက်၊ လူလိမ်လူညာ၊ လူယုတ်မာသာသနာဖျက်တွေဟာ ဘယ်သူမပြုမိမိမှုကြောင့် ဒုက္ခန္တံအတွင်း သက်ဆင်းကျရောက်သွားခဲ့ကြတယ်။

မကောင်းတာပြုပြီး ကောင်းရာမွန်ရာသို့ရောက်သူရယ်လို့ သံသရာစက်ဝန်းကြီးထဲမှာ ဘယ်သူမှမရှိပါ။ ကံ၊ ကံရဲ့အကျိုးနိယာမသဘောကို ဘယ်သူတစ်စုံတစ်ယောက်မှ မလွန်ဆန်နိုင်ပါ။ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ကို မရှောင်လွှဲနိုင်သလိုဘဲ အကုသိုလ်၊ ဒုစရိုက်၊ ပါပဆိုတဲ့ မကောင်းမှုပြုခဲ့သမျှ ပြစ်မှုနဲ့အညီအမျှ သူပြန်လည်ခံစားရမှာ မလွဲ။ ကျွန်မတို့ ဒီလိုပဲနားလည်ပါတယ်။

ဘယ်သူမဆို ဒီသဘောတရားက မှန်စမြဲ။ အကြင်သူသည် ကောင်းမွန်ကြည်လင်သောစိတ်နဲ့ပြောလျှင်သော်လည်းကောင်း၊ ပြုလုပ်လျှင်သော်လည်းကောင်း၊ စိတ်ကောင်း၊ စေတနာကောင်းအရင်းခံနဲ့ လုပ်ဆောင်ရင် ဘယ်လိုဖြစ်မလဲ။ အရိပ်ဟာ ထိုလူရဲ့နောက်ကို ကပ်ပြီး ပါနေသကဲ့သို့ ချမ်းသာခြင်းဟာ သူ့နောက်ကပ်၍ ထက်ကြပ်မကွာ ပါလေ့ရှိပါတယ်။

**စိတ်ဆိုတာ အကောင်အထည် ဒြပ်တော့မရှိပေမယ့် ရုပ်တရား နာမ်တရားတို့ရဲ့ ရှေ့ဆောင်အကြီးအမှူးဖြစ်ပေတယ်။ စိတ်က ဖန်တီးဦးဆောင်သူပဲ။ အကြင်သူဟာ မကောင်းတဲ့စိတ်နဲ့၊ ယုတ်မာတဲ့စိတ်နဲ့ ပြောရင်ဖြစ်ဖြစ်၊ ပြုရင်ဖြစ်ဖြစ် ဘယ်လိုဖြစ်ပေါ်မလဲဆိုရင် လှည်းဘီးဟာ ရှေ့ကနွားခြေရာရဲ့ နောက်ကိုသာ လိုက်သလိုပဲ ဆင်းရဲခြင်းဟာ ထိုသူရဲ့နောက်သို့ ထက်ကြပ်မကွာ လိုက်ပါလေတယ်**

မကောင်းမှုပြုခြင်းဟာ ပါပကံကတော့ နွားခြေရာခွက်နောက်မှာ လှည်းဘီးထက်ကြပ်မကွာလိုက်ပါသလို အမျှင်မပြတ်၊ တရစပ်လိုက်ပါတယ်။ ဆင်းရဲခြင်းဆိုးကျိုးက မတူကြဘူးနော် ကံအကျိုးပေးချင်း။

ကောင်းမှုပြုခြင်း ကုသိုလ်တရား ပုညကိရိယတရားတွေကျတော့ အရိပ်လိုလိုက်တယ်လို့ ဥပမာသာဓက ပေါ်လွင်အောင်ပြထားတယ်။ ကောင်းမှု ပုညပြုသူရဲ့နောက်ကို အရိပ်ကလိုက်ပါရဲ့။ အလင်းရောင်ပေးနေတဲ့ နေတို့၊ လတို့၊ သစ်ပင်ရိပ်၊ ဝါးပင်ရိပ်တို့၊ မိုးတိမ်တို့ကွယ်ရင်တော့ အရိပ်ကကွယ်ပျောက်တတ်တယ်ဆိုတဲ့ အခြေအနေကို တွေ့ရပေလိမ့်မယ်။

အလိုလေး မကောင်းမှုပါပပြုမှုချက်က ကံ၊ ကံရဲ့အကျိုးအရ လှည်းဘီးက နွားခြေရာအတိုင်း ထက်ကြပ်မကွာ အမြဲတစေ အဆက်မပြတ်လိုက်သလို မလွဲမသွေ သဘောဆောင်သော်လည်း ကောင်းမှုပုညကံရဲ့ ရလဒ်ကတော့ အရိပ်ပမာ မခွဲခွာဟု ဆိုပင်ဆိုသော်လည်း နေရောင်ကို တိမ်တိုက်ဖုံးနေရင်ဖြစ်ဖြစ်၊ သစ်ရိပ်ဝါးရိပ်အောက် မိမိရောက်နေရင်ဖြစ်ဖြစ် ကောင်းမှုရဲ့အကျိုးဆက်အရိပ်က ပျောက်ကွယ်ကောင်းပျောက်ကွယ်နေလိမ့်မယ်။ သဘောပေါက်ရပါပြီ။

ကောင်းမှုပုညကံတွေဆိုတာ ဘာတွေလဲ။ ကိုယ်ပြုရမှာ၊ ပြုစရာတွေ သိနေရမယ်။ လိုက်နာကျင့်သုံးနေရမယ်။ ပုညကုသလတရားတွေ သိပါစေ။

မကောင်းမှု ဒုစရိုက်ပါပကံတွေဆိုတာ ဘာတွေလဲ။ ဘယ်သူမဆို ရှောင်ကြဉ်ရမယ့်တရားတွေ။ ဥပမာ မဲလိမ်တာ၊ မဲခိုးတာ၊ မသမာတဲ့နည်းလမ်းနဲ့ အနိုင်ယူဖို့ကြံစည်စီမံတာ၊ ကောက်ကျစ်ညစ်ပတ်တဲ့နည်းနဲ့ အဓမ္မအာဏာယူဖို့ ဇွတ်လုပ်တာမျိုးဟာ ရှောင်ကြဉ်ရမှာထဲပါမှာပဲ။ ဒါမျိုးတွေ လုပ်ဆောင်ခဲ့တဲ့လူတွေဟာ ဖြူဖြူမည်းမည်း၊ ကြီးကြီးငယ်ငယ် ပြုသူရဲ့မကောင်းမှုဒုစရိုက်အလိုက် လားရာရောက်ရာက အပါယ်လေးပါး စတဲ့ဘုံတွေပဲပေ့ါ။ နောက်ဘဝ ဘဝတွေမှာပါ သံသရာအဆက်ဆက်မကောင်းစေတဲ့ ဆင်းရဲတရားတွေကို သိမ်းပိုက်ရပေတော့မယ်။

ဘာပြုလို့ဒီလိုဖြစ်ရရှာတာလဲ။

အကြောင်းရင်းတရားကတော့ သီလဗ္ဗျသနပါ။

ဆွေမျိုးပျက်စီးရင် အကူအညီ အမှီအခို လျော့ပါးသွားတယ်ပေ့ါ။

ရေဘေး၊ မီးဘေးစတာတွေကြောင့် ဥစ္စာပစ္စည်းတွေဆုံးရှုံးရတာမျိုးလည်း ဖြစ်တတ်ပေသေးတယ်။ အနေဆင်းရဲ၊ အစားဆင်းရဲ ဖြစ်ရတတ်တာပေ့ါ။

သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါ၊ ကျောက်ကပ်ရောဂါ၊ အဆုတ်ရောဂါစသဖြင့် ရောဂါဘယ နှိပ်စက်ဖိစီးလို့ ကျန်းမာရေးထိခိုက်ရင်တော့ ဘဝမှာတော်တော်ချို့တဲ့သွားရပြီး နောက်ဆက်တွဲ ဆင်းရဲပင်ပန်းမှုတွေရှိပေမှာပဲ။

သီလဗျသနဆိုတဲ့ ကိုယ်ကျင့်တရား၊ သီလပျက်ပြားခြင်းကတော့ ပြင်းထန်ဆိုးရွား၊ အမှားကြီးမှားတာပဲ။ ကြီးမားတဲ့ဘေးဆိုး၊ ရန်ဆိုး၊ အန္တရာယ်ကပ်ဆိုးမျိုးနဲ့ ဆင်းရဲခြင်းကြီးစွာ ကြုံတွေ့ရမှာမလွဲ။ သူပြုတဲ့ကံ ပြုသူထံ ပဲ့တင်သံလို ပြန်လာမှာပဲ။

ကိုယ်ကျင့်သီလပျက်စီးနေသူဟာ အမှိုက်ခြင်း အမှိုက်တောင်းထဲရောက်ရတော့မှာ ဓမ္မတာ။ ဘုရားစင်တင်ထားရင် နေရာလွဲမှာပေ့ါ။ စားပွဲခုံပေါ်တင်ထားရင် အားလုံး ညစ်ပေနံစော်ကုန်မှာပေ့ါ။ သူ့နေရာသူ ထားလိုက်ပေတော့။

သူဟာ ကိုယ်ကျင့်တရားသီလမရှိသူ ဖြစ်ရုံမျှမက အသိအမြင်ခေါင်းပါးလှတဲ့ ပုမသိပမသိ လူစားလည်း ဖြစ်ပေတယ်။ ဘုမသိဘမသိဆိုတဲ့ ဝေါဟာရဟာ မူလ ပုနဲ့ပ ကို ဆိုလိုခြင်းလို့ မှတ်သားဖူးပါတယ်။

သိပြီးသား ပုဂ္ဂိုလ်များ အများအပြား ရှိပြီးသားမို့ အကျယ်မတင်ပြတော့ပါ။

ပု=ပုည=ကောင်းမှု၊ကောင်းခြင်း

ပ=ပါပ=ဆိုးခြင်း၊မကောင်းခြင်း

ထိုသို့ ပုမသိ ပမသိ ပုဂ္ဂိုလ်မျိုးဟာ ရှေးအတိတ်ကောင်းမှုကံအစုစုတို့ကြောင့် ချမ်းသာစည်းစိမ်နေရာတို့မှာ ချမ်းသာစွာအချိန်ကာလတစ်ခု စံစားရပေမယ့် သူပြုတဲ့ကံ ပဲ့တင်သံ သူ့ထံ ပြန်လာဖို့ရာက သူဟာမှန်ကန်စွာ ခွဲခြားဝေဖန်ပြီး ရှောင်ရန်နဲ့ ဆောင်ရန်ကိုတော့ သိမြင်သင့်ပေတယ်။

ရှောင်ရန် အခြေခံအချက်များကိုမသိ။

ဆောင်ရန် ကုသိုလ်ပုညတရားများလည်း မဖြည့်မကျင့်။ သူသွားသောလမ်းဟာ ဆင်းရဲကြမ်းတမ်းပင်ပန်းရှာဦးမယ်။ သင်ခန်းစာယူစရာ ကောင်းလှပါတယ်။ ပညာဆိုတာဟာ အကောင်းအဆိုး အမှန် အမှား၊ အကျိုးအကြောင်း၊ အပြုနဲ့အဖျက်၊ ဓမ္မနဲ့ အဓမ္မစတဲ့ အရာတွေကို ခွဲခြားသိမြင်နိုင်စွမ်းရှိခြင်း မဟုတ်ပါလား။

အရင်းနဲ့အဖျားကို မခွဲခြားတတ်။

အပြုနဲ့အဖျက်မှာ ဘက်ရွေးတာလွဲမှား။

**ဓမ္မကိုလျစ်လျူရှု၊ အဓမ္မကိုပြုမိတဲ့အခါ ပုမသိ ပမသိ ဘဝတစ်ခုဟာ အများတကာအတွက် ကြီးမားတဲ့သင်ခန်းစာကို ပေးထားရစ်ပါတော့တယ်။**

"အနှစ်မရှိသည်၌ အနှစ်ရှိ၏ဟူ၍လည်းကောင်း၊ အနှစ်ရှိသည်၌ အနှစ်မရှိဟူ၍လည်းကောင်း ယူဆလျက် မှားသောအကြံအစည်၌ ကျက်စားလေ့ရှိသော သူတို့သည် အနှစ်သာရကို မရနိုင်ကုန်။ အနှစ်ရှိသည်၌ အနှစ်ရှိ၏ဟူ၍လည်းကောင်း၊ အနှစ်မရှိသည်၌ အနှစ်မရှိသည်ဟူ၍လည်းကောင်း သိလျက် မှန်သောအကြံအစည်၌ ကျက်စားလေ့ရှိသောသူသည် အနှစ်သာရကို ရကုန်၏"။ ။

ဗုဒ္ဓ(ဘီစီ ၅၆၃-၄၈၃)

**ကျွန်မလည်း ဖတ်ထားမှတ်ထားတာတွေထဲက အတွေးပေါ်ရာရေးပြီး တင်ပြမျှဝေလိုက်တာပါ။ သာမန်ပြည်သူထဲက ပြည်သူတစ်ယောက်ရဲ့ စိတ်ကူးရရာ တွေးမိနေတာလေးတွေပါ။ ဘေးရန်ကင်းကွာ စာဖတ်သူအားလုံး ကျန်းမာချမ်းသာကြပါစေ။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ။**

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ အတည်ပြုချက်နဲ့ အရေးပေါ်အသုံးပြုခွင့်ရတဲ့ ကာကွယ်ဆေးတွေကို ပြည်သူလူထုကို ထိုးနှံပေးတာဖြစ်တဲ့အတွက် စိတ်ချယုံကြည်စွာနဲ့ထိုးနှံပါ။ ဒီလိုထိုးနှံခြင်းအားဖြင့် အသက်ကြီးတဲ့သူတွေ၊ ရောဂါနောက်ခံရှိနေသူတွေကိုလည်း ထိထိရောက်ရောက် ကာကွယ်နိုင်ပါတယ်ဆိုတာ ပြည်သူလူထုကို သိစေချင်**

**ဒေါက်တာခင်ခင်ကြီး**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာအစီအစဉ်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဩဂုတ် ၅ ရက် ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာအစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။

**အစီအစဉ်မှူး။** ။ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ တတိယလှိုင်း ဖြစ်ပွားနေတာနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးနဲ့ တွေ့ဆုံမေးမြန်းသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ တတိယလှိုင်း ရောဂါဖြစ်ပွားမှုတွေနဲ့အတူ ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ကာကွယ်ဆေးရဲ့ အကျိုးကျေးဇူးတွေက ဘယ်လိုရှိမလဲဆိုတာကို ပြောပြပေးပါဦး။

**ဒေါက်တာခင်ခင်ကြီး။** ။မြန်မာနိုင်ငံမှာ ဆိုရင် ယခုအချိန် အထိ ကာကွယ်ဆေးထိုးနှံပြီးတဲ့ လူဦးရေက တဖြည်းဖြည်းနဲ့ များပြားလာနေပါတယ်။ စုစုပေါင်းကာကွယ်ဆေးထိုးနှံပြီးသူ ၁ ဒသမ ၈ သန်းကျော်ဖြစ်တဲ့အတွက်ကြောင့် မိမိတို့ရည်မှန်းထားတဲ့ အသက် ၁၈ နှစ်နှင့်အထက်လူဦးရေရဲ့ ခြောက်ရာခိုင်နှုန်းကျော် ထိုးနှံပြီးပြီဆိုတာကို သတင်းကောင်းပါးလိုပါတယ်။

လက်ရှိကာကွယ်ဆေး ရောက်ရှိနေတာက သုံးသန်းဖြစ်ပါတယ်။ ဒီဩဂုတ်လအတွင်းမှာ ကာကွယ်ဆေး သုံးသန်း ထပ်မံရောက်ရှိမှာဖြစ်တဲ့အတွက် ကာကွယ်ဆေး ခြောက်သန်းက ပြည်သူတွေကို ထိုးနှံပေးဖို့အတွက် အဆင်သင့်အနေအထား ရောက်ရှိမှာဖြစ်ပါတယ်။ ကာကွယ်ဆေးတွေကို ကုန်းကြောင်းနဲ့ လေကြောင်းတွေကနေတစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာရှိတဲ့ ကာကွယ်ဆေးထိုးနှံပေးရမယ့် လူအုပ်စုတွေဆီကို ရောက်ရှိထိုးနှံနိုင်ဖို့အတွက် ပို့ဆောင်ပေးခဲ့တာကို ပြည်သူအများ သိရှိပြီးဖြစ်ပါတယ်။

## ကြပ်ကြပ်မတ်မတ် ဆောင်ရွက်နေ

ယခုအချိန်တွင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ ကာကွယ်ဆေးတွေကို သက်ဆိုင်ရာ စုရပ်အလိုက် ရောဂါကူးစက်မှုမရှိအောင်နဲ့ လူစုလူဝေးမဖြစ်အောင် စနစ်တကျ ထိုးနှံပေးနိုင်ဖို့အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးကော်မတီတွေအနေနဲ့ ကြပ်ကြပ်မတ်မတ် ဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ကာကွယ်ဆေးထိုးနှံတာနဲ့ ပတ်သက်ပြီး ဘယ်လောက်အထိ အကျိုးကျေးဇူးတွေရှိသလဲ၊ ကာကွယ်ဆေးထိုးနှံပြီးရင် ရောဂါကူးစက်ခံရဦးမှာလား၊ ရောဂါကူးစက်ခံရရင် ဘယ်လောက်အထိ ဆိုးနိုင်သလဲ ဒါတွေကို ဆွေးနွေးမှာဖြစ်ပါတယ်။

တချို့တွေက ကာကွယ်ဆေးနဲ့ပတ်သက်ပြီး ယခုထိုးနှံပေးနေတဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံထုတ် Sinopharm နဲ့ Sinovac ကာကွယ်ဆေးတွေက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က အသိအမှတ်ပြုရဲ့လား၊ ဒီဟာတွေက ခုနကပြောသလို ကာကွယ်ဆေးတွေထိုးနှံတဲ့အခါမှာ ထိရောက်မှုက ဘယ်လိုမျိုးတွေရှိသလဲ ဒါတွေနဲ့ပတ်သက်ပြီး သိချင်ကြပါတယ်။

ယခုထိုးနှံပေးနေတဲ့ Sinopharm နဲ့ Sinovac ကာကွယ်ဆေးတွေက သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးကို ရောက်ရှိနေပြီး တချို့တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ပြည်သူတွေကို စတင်ထိုးနှံပေးနေပြီလို့ သိရပါတယ်။ ဩဂုတ် ၁ ရက်ကစတင်ပြီး ရန်ကုန်တိုင်းဒေသကြီးနဲ့ နေပြည်တော်တို့မှာ စတင်ထိုးနှံပေးနေပါပြီ။ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် အမြန်ဆုံး ကာကွယ်ဆေးထိုးနှံနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။



**စစ်တွေမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။** ဓာတ်ပုံ - တင်ထွန်း(ပြန်/ဆက်)

ဒီလိုကာကွယ်ဆေးတွေကို ထိုးနှံပေးတဲ့အခါမှာ ရောဂါပြင်းထန်စွာဖြစ်ပွားနိုင်တဲ့ လူအုပ်စုတွေ ဦးစားပေးပါတယ်။ နောက်တစ်ခုက ကျန်းမာရေးဝန်ထမ်းတွေ၊ ပုဂ္ဂလိကကျန်းမာရေးဝန်ထမ်းတွေ၊ စေတနာ့ဝန်ထမ်းတွေအနေနဲ့ ရောဂါဖြစ်ပွားတဲ့သူတွေကို ကုသမှုတွေပေးနေတဲ့အခါမှာ သူတို့ကိုယ်တိုင်ကျန်းမာမှ ကုသပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့တွေကလည်း ဦးစားပေးဖြစ်ပါတယ်။ တချို့ကိစ္စရပ်တွေမှာ ပုံမှန်အတိုင်း လုပ်ငန်းဆောင်တာတွေ လည်ပတ်နိုင်ဖို့အတွက် အရေးပါတဲ့နေရာမှာ တာဝန်ထမ်းဆောင်နေရတဲ့ ပို့ဆောင်ဆက်သွယ်ရေးတွေ၊ တခြားသော ဝန်ကြီးဌာနမှာရှိတဲ့ ဝန်ထမ်းတွေ ဒါတွေကိုလည်း ထိုးနှံပေးပါတယ်။

## ဦးစားပေးရွေးချယ်ထား

နောက်တစ်ချက်က ရောဂါဖြစ်ပွားကူးစက်ရင် အစုလိုက်၊ အပြုံလိုက်ကူးစက်နိုင်တဲ့ ဘိုးဘွားရိပ်သာတို့၊ အကျဉ်းထောင်တို့ ဒီလိုနေရာတွေကိုလည်း ရောဂါကူးစက်မှုကနေ အမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် ထိုးနှံပေးပါတယ်။ ပြောချင်တာက အခုကာကွယ်ဆေးထိုးပေးဖို့ ရွေးချယ်ထားတဲ့အုပ်စုတွေသည် ကာကွယ်ဆေးထိုးနှံထားရင် ရရှိမယ့် အကျိုးကျေးဇူးက အများဆုံးရနိုင်မယ့် လူအုပ်စုတွေကို ပိုပြီးဦးစားပေးရွေးချယ်ထားတာ ဖြစ်ပါတယ်။

ဒီနေရာမှာ အသက် ၆၅ နှစ်နှင့်အထက်လို့ ပြောပေမယ့် ကာကွယ်ဆေးတွေ ထပ်ပြီးရရှိလာပြီဆိုရင် နောက်ထပ် အသက် ၆၀ အထက်၊ ၅၅ နှစ်အထက်၊ တဖြည်းဖြည်းနဲ့ အသက်အပိုင်းအခြားကို လျှော့ပြီး ထိုးနှံပေးမှာဖြစ်ပါတယ်။ ဒါကိုလည်း စိတ်မပူကြဖို့ ပြောလိုပါတယ်။ မိမိအလှည့်ကို စောင့်ဖို့အတွက်က စိတ်ရှည်ရှည်နဲ့ စောင့်ဖို့လိုပါတယ်။ ဒီနေရာမှာ ကာကွယ်ဆေးထိုးနှံတဲ့သူတွေက ဘယ်လို အကျိုးကျေးဇူးတွေရနိုင်သလဲ။ ဒါနဲ့ပတ်သက်ပြီး အမေရိကန်ရောဂါထိန်းချုပ်မှုနှင့် ကာကွယ်ရေးဗဟိုဌာန(CDC) ကနေ ဇူလိုင် ၂၉ ရက်မှာ ထွက်ပေါ်လာတဲ့ သူတို့ရဲ့ သုတေသနတွေ့ရှိချက်တွေကို ပြည်သူတွေကို တင်ပြလိုပါတယ်။

## ကာကွယ်ဆေးထိုးနှံသင့်

ဒီမှာဘာထူးခြားသလဲဆိုတော့ ကာကွယ်ဆေးထိုးထားတဲ့အခါ ကာကွယ်ဆေးမထိုးထားသူနဲ့ နှိုင်းယှဉ်ရင် ရောဂါဖြစ်ပွားမှု ရှစ်ဆ လျော့နည်းပါတယ်။ ဒါဆို ရောဂါဖြစ်ပွားမှုက လျော့တယ်၊ ဆေးရုံတက်ရောက်ရမှုကရော ဒါလည်း ၂၅ ဆ လျော့နည်းပါတယ်။ ကာကွယ်ဆေးထိုးထားသူအနေနဲ့ ရောဂါကြောင့် သေဆုံးမှုကလည်း ၂၅ ဆ လျော့နည်းတာကိုတွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် ကာကွယ်ဆေးထိုးနှံသင့်တာကို တိတိကျကျ သိနိုင်ပြီဖြစ်ပါတယ်။

ဒီနေရာမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကနေပြီး အသိအမှတ်ပြုတဲ့ ကာကွယ်ဆေးတွေရဲ့ထိရောက်မှုသည် ၇၀ နဲ့ ၉၀ ရာခိုင်နှုန်း ရှိပါတယ်လို့ ပြောထားပြီး ဖြစ်ပါတယ်။ ဒီကာကွယ်ဆေးတွေထဲမှာ ယခုထိုးနှံပေးမယ့် တရုတ်ပြည်သူ့သမ္မတနိုင်ငံထုတ် Sinopharm နဲ့ Sinovac ကာကွယ်ဆေးတို့ အပါအဝင်ဖြစ်ပါတယ်။ ဒါ့အပြင် ကာကွယ်ဆေးတွေ ထိုးနှံထားရင် ရောဂါပြင်းထန်စွာ ခံစားရမှုတွေ၊ ဆေးရုံတက်ရောက်ရမှုနဲ့ သေဆုံးမှုကနေ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသိအမှတ်ပြုထားတဲ့ ကာကွယ်ဆေးတွေက ၉၀ ရာခိုင်နှုန်းအထက် ကာကွယ်ပေးနိုင်တယ်လို့ ပြောထားပါတယ်။

ဒါနဲ့ပတ်သက်ပြီး တချို့တွေက ၉၀ ရာခိုင်နှုန်းအထက် ကာကွယ်တယ်ဆိုတော့ ၁၀၀ ရာခိုင်နှုန်း မဟုတ်ဘူးလားလို့ မေးစရာရှိပါတယ်။ ဆေးပညာမှာ ၁၀၀ ရာခိုင်နှုန်း ကာကွယ်နိုင်တယ်၊ ကုသပေးနိုင်တယ်ဆိုတာ မရှိပါဘူး။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတွေကို အဓိက ထုတ်လုပ်ရတဲ့ ရည်ရွယ်ချက်အနေနဲ့ ကူးစက်ရောဂါတွေ ဖြစ်လာပါက ကူးစက်ရောဂါတွေကြောင့် ရောဂါပြင်းထန်စွာ ခံစားရမှုတွေ၊ သေဆုံးမှုတွေကနေ လျော့ကျနိုင်အောင် ရည်ရွယ်ထုတ်လုပ်တာဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတွေသည် မသေဆေး မဟုတ်ပါဘူး။

## ထက်လျှို

လူတစ်ယောက်အနေနဲ့ သူ့မှာ နဂိုတည်းက သွေးတိုး၊ ဆီးချို၊ နှလုံး၊ ကျောက်ကပ်၊ ကင်ဆာနဲ့ ကိုယ်ခံအားကျဆင်းနေတဲ့ရောဂါ စသဖြင့် ဒီလိုရောဂါအခံတွေရှိနေမယ်၊ အသက်ကလည်း ကြီးနေမယ်၊ အဝလွန်တာ ဒီလိုမျိုး ကိုဗစ်ရောဂါပိုဖြစ်စေတဲ့၊ ဆိုးစေတဲ့ အကြောင်းရင်းက ရှိနေမယ်ဆိုရင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေမယ့် သူတို့အနေနဲ့ သေဆုံးမှု အနည်းငယ်ရှိနိုင်တာကို ကွဲကွဲပြားပြား သိစေချင်ပါတယ်။ ဒါဆိုရင် ရောဂါဖြစ်ပွားမှုကို ရှစ်ဆ လျော့စေတယ်၊ ဆေးရုံတက်ရောက်ရမှုနဲ့ သေဆုံးမှုကို ၂၅ ဆ လျော့စေတဲ့အတွက် ကာကွယ်ဆေး လုံး၀ (လုံး၀) ထိုးသင့်တယ်ဆိုတာကို သိစေချင်ပါတယ်။ ဒါက ကာကွယ်ဆေးထိုးနှံပြီးသူနဲ့ ကာကွယ်ဆေးမထိုးရသေးသူတို့ကို သိသာထင်ရှားအောင် ပြောပြခြင်းဖြစ်ပါတယ်။

## သက်သေပြနေ

ကာကွယ်ဆေးမထိုးထားရင် ဘယ်လောက်တောင် အန္တရာယ်များနိုင်သလဲဆိုတာကို ဘယ်ဂျီယံနိုင်ငံက အသက် ၉၀ အမျိုးသမီးဖြစ်စဉ်က သက်သေပြနေပါတယ်။ သူမဟာ ကာကွယ်ဆေးမထိုးထားတဲ့အတွက်ကြောင့် မျိုးရိုးဗီဇပြောင်းလဲထားတဲ့ 'အယ်လ်ဖာ'နဲ့ 'ဘီတာ' ပိုး နှစ်မျိုးလုံးကို သူတစ်ယောက်ထဲမှာပဲ ကူးစက်ခံရတယ်ဆိုတဲ့ ထင်ရှားတဲ့သက်သေရှိပြီးဖြစ်ပါတယ်။ ကာကွယ်ဆေးမထိုးထားဘူးဆိုရင် ဗီဇပြောင်း ကိုဗစ်ပိုးတွေက တစ်ကောင်သာမက နှစ်ကောင်တစ်ပြိုင်တည်း ဝင်ရောက်ကူးစက်ခံရနိုင်တယ်ဆိုတာကို သိစေချင်ပါတယ်။

**အစီအစဉ်မှူး။** ။ ကာကွယ်ဆေး ထိုးထားပြီးသူတွေအနေနဲ့ ရောဂါပိုး ကူးစက်ခံရနိုင်မှု အခြေအနေရှိသလားဆိုတာကို ပြောကြားပေးပါဦး။

**ဒေါက်တာခင်ခင်ကြီး။** ။ဒါနဲ့ ပတ်သက်ပြီး ကာကွယ်ဆေးထိုးနှံပြီးသူထဲမှာလည်း ရောဂါပိုးကူးစက်နိုင်တဲ့ အခွင့်အလမ်းရှိပါတယ်။ ဒါကို Breakthrough Infection လို့ခေါ်ပါတယ်။ Breakthrough Infection ဆိုတာက ကိုဗစ်ရောဂါကာကွယ်ဆေး နှစ်ကြိမ်အပြည့်ထိုးထားတယ်။ ဒုတိယအကြိမ် ထိုးနှံပြီးလို့ နှစ်ပတ်ကျော်သွားပြီ။ နောက်ပိုင်းမှာ သူ့ကို ထပ်မံစမ်းသပ်ကြည့်လိုက်လို့ ရောဂါပိုးတွေ့ရှိတယ်။ ပိုးကူးစက်ခံရတယ် ဒါမျိုးတွေရှိနိုင်ပါတယ်။ ဒါမျိုးတွေကို အခုထက်ထိ သုတေသနပြုနေဆဲဖြစ်ပါတယ်။

အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာန(CDC) က ကာကွယ်ဆေး နှစ်ကြိမ်ပြည့် ထိုးပြီးသူတွေမှာလည်း ရောဂါပိုးပြန်လည်ကူးစက်မှု အနည်းငယ်ဖြစ်နိုင်ခြေရှိတယ်လို့ ပြောထားပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ လူတွေက ဘာပြောလဲဆိုရင် "ကာကွယ်ဆေးထိုးထားလည်း ပြန်ဖြစ်တာပဲ၊ ဘာလုပ်မှာလဲ၊ ဘာလို့ထိုးထားမလဲ၊ အသားနာတာပဲရှိတယ်" ဒီလိုမျိုး ပြည်သူတွေကြားထဲမှာ ဝိဝါဒကွဲပြားစရာဖြစ်ပါတယ်။ သို့သော် ကာကွယ်ဆေးထိုးထားခြင်းရဲ့ အလွန်ထင်ရှားတဲ့ ကောင်းကျိုးတွေ ရှိပါတယ်။

**စာမျက်နှာ ၁၇ သို့** ◆

◆ စာမျက်နှာ ၁၆ မှ

လက်ရှိ အမေရိကန်နိုင်ငံမှာ ကာကွယ်ဆေး ထိုးနှံပြီးသူ ၁၆၂ သန်းရှိပါတယ်။ ဒီလို ကာကွယ်ဆေးအမြောက်အမြား ထိုးနှံနိုင်တဲ့အတွက်ကြောင့် ရောဂါလက္ခဏာပြတဲ့ ရောဂါပိုးတွေ့ရှိသူ တစ်ပတ်ကို ၃၅၀၀၀ သာရှိပါတော့တယ်။ ဒါကိုကြည့်ရင် ကာကွယ်ဆေးထိုးပြီးသူ ၁၆၂ သန်းရှိတဲ့အတွက် ရောဂါဖြစ်ပွားသူနည်းတယ်ဆိုတာ ထင်ရှားပါတယ်။ ဒါက ဘယ်လောက် ကောင်းကျိုးရှိတယ်ဆိုတာ သိနိုင်ပါတယ်။

**ရာခိုင်နှုန်းအားဖြင့်နည်းပါး**

ဒါဆိုရင် Breakthrough Infection တွေ မရှိဘူးလားဆိုတော့ ရှိနိုင်ပါတယ်။ သုတေသန တစ်ခုနဲ့တစ်ခု နည်းနည်းကွဲပြားပါတယ်။ အများစုသော သုတေသနက CDC သုည ဒသမ ၀၂ ရာခိုင်နှုန်းပဲရှိတယ်လို့ ပြောပါတယ်။ တချို့ သုတေသနတွေကတော့ သုည ဒသမ ၀၅ ရှိတယ်ဆိုတော့ ပြောရရင် ရာခိုင်နှုန်းအားဖြင့်နည်းပါးတယ်။ သို့သော် အခုနောက်ပိုင်းမှာ ဒယ်လ်တာဗီဇပြောင်းပိုး ပေါ်ထွက်လာတာနဲ့အတူ Breakthrough Infection လို့ခေါ်တဲ့ ကာကွယ်ဆေးထိုးပြီးတဲ့သူတွေမှာ ပိုးတွေ့ရှိမှုကတော့ ပြန်လည်မြင့်လာတဲ့သဘောရှိပါတယ်။

ဆေးထိုးထားပြီးနောက် ကူးစက်ခံရတယ်ဆိုတာကတော့ လူဦးရေပမာဏ အလွန်နည်းတယ်လို့ပြောပါတယ်။ ဘယ်လိုမှာ ပိုပြီးတွေ့သလဲဆိုတော့ အသက်ကြီးတဲ့သူတွေ၊ ကိုယ်ခံအားကျနေတဲ့သူတွေမှာ ပြန်ဖြစ်နိုင်နှုန်း သာမန်ထက်ပိုများနိုင်ပါတယ်။ သာမန်ပြည်သူလူထုမှာတော့ ဆေးထိုးပြီး ပြန်ဖြစ်တယ်ဆိုတာ အလွန်နည်းပါတယ်။ ကာကွယ်ဆေးရဲ့ အကျိုးရှိမှု၊ ထိရောက်မှုကတကယ်ကို ကောင်းမွန်ပါတယ်လို့ ပြောထားပါတယ်။ ကာကွယ်ဆေးထိုးပြီး ပြန်ဖြစ်တယ်ဆိုတာ အလွန်ရှားတယ်၊ ရာခိုင်နှုန်းနည်းတယ်ဆိုပြီး CDC က ပြောပါတယ်။

ကာကွယ်ဆေးရဲ့ ကာကွယ်နိုင်မှုတွေ၊ ကာကွယ်ဆေးထိုးနှံနိုင်မှု၊ လွှမ်းခြုံနိုင်မှုတွေ များလာလေလေ Breakthrough ဖြစ်တာ နည်းလာလေလေ ဖြစ်ပါတယ်။ ဒီအပေါ်လည်း မူတည်နေပါတယ်။ ကာကွယ်ဆေးရဲ့ထိရောက်မှုကို ဘယ်အရာတွေက နှောင့်ယှက်ဖျက်ဆီးနေသလဲဆိုရင် ကူးစက်မှုတွေကို မြန်ဆန်စေတဲ့၊ ကမ္ဘာမှာ ဖြစ်ပွားမှုများစေတဲ့ ဒယ်လ်တာပဲ ဖြစ်ပါတယ်။ WHO ရဲ့ ဇူလိုင် ၂၇ ရက် ထုတ်ပြန်ချက်အရဆိုရင် ၁၃၂ နိုင်ငံကို ရောက်ရှိနေပြီဖြစ်ပါတယ်။

အမေရိကန်နိုင်ငံမှာဆိုရင် ဇွန်လကုန်မှာ ၂၀ ရာခိုင်နှုန်းကျော်ကနေ ဇူလိုင်လကုန်မှာ ၈၀ ရာခိုင်နှုန်းကျော်ရှိမယ်လို့ တွက်ဆထားပေမယ့် တကယ် ဇူလိုင်လကုန်မှာ ဒယ်လ်တာရဲ့ ကူးစက်မှုက ၈၃ ရာခိုင်နှုန်းဖြစ်နေပြီဆိုတာ တွေ့ရှိရမှာဖြစ်ပါတယ်။ ယူကေမှာတော့ ဖြစ်ပွားမှုရဲ့ ၁၀၀ ရာခိုင်နှုန်းနီးနီးက ဒယ်လ်တာလို့ပြောရတဲ့အနေအထားဖြစ်ပါတယ်။

**၄၀ ရာခိုင်နှုန်းလျော့**

ကာကွယ်ဆေးနဲ့ပတ်သက်ရင် ကာကွယ်ဆေးထိုးနှံထားတဲ့လူတွေမှာ ဘယ်လိုအကျိုးကျေးဇူးတွေ ဖြစ်နိုင်သလဲ၊ ထိုးနှံထားသူနဲ့ မထိုးရသေးသူ ဘယ်လိုကွာခြားသလဲဆိုရင် Viral load လို့ခေါ်တဲ့ ဗိုင်းရပ်စ်ရဲ့ပမာဏက ကာကွယ်ဆေးထိုးထားသူမှာ ၄၀ ရာခိုင်နှုန်းလျော့ပါတယ်။ ဒါဟာ နည်းနည်းနောနော ပမာဏမဟုတ်ပါဘူး။ တစ်မီလီလီတာမှာ အရင်တုန်းက ကာကွယ်ဆေးမထိုးထားသူက ၃ ဒသမ ၈ အထိပွားနိုင်ပေမယ့် ထိုးထားတဲ့အတွက် ၂ ဒသမ ၃ ပဲပွားပါတော့တယ်။

ကူးစက်နိုင်တဲ့ ရက်ကိုကြည့်မယ်ဆိုရင်လည်း ဆေးထိုးထားသူမှာ အလွန်တိုသွားပါတယ်။ ဆေးမထိုးထားတဲ့သူမှာ ကူးစက်နိုင်တဲ့ရက်က ၈ ဒသမ ၉ ရက်အထိရှိနိုင်ပေမယ့် ဆေးထိုးထားတဲ့သူမှာ ၂ ဒသမ ၇ ရက်၊ သုံးရက်တောင်မရှိတော့ဘူးဆိုတော့ အတော့်ကို သိသာသွားတဲ့ အနေအထား ဖြစ်ပါတယ်။

ဆေးထိုးပြီးသားသူတွေမှာ ဖျားနာတဲ့သံသယလက္ခဏာဖြစ်ပေါ်မှုအနေနဲ့လည်း နည်းသွားပါတယ်။ ကာကွယ်ဆေးမထိုးထားတဲ့သူမှာ ၆၃ ရာခိုင်နှုန်းလောက်က ဖျားတဲ့လက္ခဏာပြပေမယ့် ကာကွယ်ဆေးထိုးထားရင်တော့ ၂၅ ရာခိုင်နှုန်းပဲ ဖျားနာတဲ့လက္ခဏာရှိတတ်ပါတယ်။

ဒ့ါအပြင် ကိုဗစ်-၁၉ ရဲ့ ရောဂါလက္ခဏာတွေ ခံစားရတဲ့ အချိန်ကာလကလည်း တိုသွားပါတယ်။ ဆေးမထိုးထားတဲ့သူမှာ ရောဂါလက္ခဏာရဲ့ အချိန်ကာလကြာမှုက ၁၆ ဒသမ ၇ ရက် ကြာပေမယ့် ဆေးထိုးထားသူမှာ ၁၀ ဒသမ ၃ ရက်ပဲကြာတဲ့အတွက် ရောဂါလက္ခဏာခံစားရချိန် တိုသွားပါတယ်။ ဒါတွေက ကျန်းမာရေးဝန်ထမ်းတွေမှာ လုပ်ဆောင်ထားတဲ့ သုတေသနတွေ့ရှိချက်ဖြစ်ပါတယ်။

ဒီတွေ့ရှိချက်အရဆိုရင် ဗိုင်းရပ်စ်ရဲ့ပမာဏကလည်း ၄၀ ရာခိုင်နှုန်းလျော့ကျမယ်၊ တစ်နည်းအားဖြင့် သူရောက်ပြီဆိုတာနဲ့ ကိုယ်ခံအားက တိုက်ထုတ်တဲ့အတွက် ခန္ဓာကိုယ်မှာ ကြာကြာမနေနိုင်ဘူးဆိုတော့ ရောဂါလက္ခဏာဖြစ်ပွားမှု၊ ဖျားနာနိုင်တဲ့အန္တရာယ်ကလည်း နည်းသွားမယ်၊ ရောဂါလက္ခဏာတွေခံစားရတဲ့ ကာလကလည်း တိုသွားမယ်ဆိုတာတွေက ထူးခြားချက်ဖြစ်ပါတယ်။

ဘယ်လောက်အထိ ကာကွယ်ဆေးက ရောဂါကူးစက်မှုကို ထိရောက်နိုင်သလဲဆိုရင် ကာကွယ်ဆေးအပြည့်ထိုးထားတဲ့သူမှာ ၉၁ ရာခိုင်နှုန်း ထိရောက်ပြီး ကာကွယ်ဆေးတစ်ကြိမ် ထိုးထားသူ၊ အပြည့်မထိုးရသေးသူတွေမှာ ၈၁ ရာခိုင်နှုန်း ထိရောက်ပါတယ်။ ဒီတွေ့ရှိချက်က ဒီဇင်ဘာ ၁၄ ရက်မှ ဧပြီ ၁၀ ရက်အတွင်းမှာ ကျန်းမာရေးဝန်ထမ်းတွေမှာ ပြုလုပ်ထားတဲ့ လေ့လာတွေ့ရှိချက်ဖြစ်ပါတယ်။

**လျှော့မတွက်ကြပါနဲ့**

လက်ရှိ WHO က အသိအမှတ်ပြုထားတဲ့ ကာကွယ်ဆေးတွေက ‘ဒယ်လ်တာ’ အပါအဝင် ကိုဗစ်-၁၉ ရောဂါပိုးဗီဇမျိုးကွဲတွေကို ကောင်းစွာ ကာကွယ်ပေးနိုင်တဲ့ အာနိသင်ရှိပါတယ်။ ကာကွယ်မှုအနေနဲ့ အနည်းငယ်လျော့ကျနိုင်ပေမယ့် ကောင်းစွာကာကွယ်နိုင်ပါတယ်။ ဒယ်လ်တာနဲ့ နဂိုမူလ ကိုဗစ်-၁၉ ရောဂါပိုးနဲ့ နှိုင်းယှဉ်မယ်ဆိုရင် ကူးစက်မှုက ဒယ်လ်တာက အလွန်လျင်မြန်ပါတယ်။ ဘယ်လောက်အထိမြန်သလဲဆိုရင် အရင်က တကယ့် ကူးစက်မြန်တယ်ဆိုတဲ့ SARS , MERS ပိုးတွေ၊ အီဘိုလာရောဂါပိုးတွေ၊ သာမန်အအေးမိနှာစေးစေတဲ့ပိုးတွေ၊ ရာသီတုပ်ကွေး Season Flu တွေ၊ ၁၉၁၈ ခုနှစ်မှာ ဖြစ်ပွားတဲ့ Spanish Flu တွေ၊ ကျောက်ရောဂါပိုးတွေထက်စာရင် ပိုပြီး ကူးစက်မြန်တယ်ဆိုတော့ ဒယ်လ်တာရဲ့ ကူးစက်မြန်မှုက ဒုက္ခပေးနိုင်စွမ်းများတယ်ဆိုတာ သိစေချင်ပါတယ်။ တချို့သောသူတွေက ‘ဒယ်လ်တာ’ဗီဇပြောင်းပိုးရဲ့ အစွမ်းကို လျှော့တွက်ကြတာရှိပါတယ်။ လျှော့မတွက်ကြပါနဲ့။

နောက်တစ်ခုက ရေကျောက်ရောဂါပိုးနဲ့ဆိုရင် သူ့ရဲ့ကူးစက်နိုင်မှုက တန်းတူလောက်ရှိနေပါတယ်။ ဝက်သက်ရောဂါပိုးကတော့ ‘ဒယ်လ်တာ’ ထက်ပိုပြီး ကူးစက်မြန်ပါတယ်။ ကိုဗစ်-၁၉ ရောဂါပိုးကို ဖြစ်စေနိုင်တဲ့ SARS-CoV-2 ရဲ့မျိုးနွယ်တွေက အများကြီးရှိသော်လည်း လူကို ကူးစက်စေနိုင်တဲ့ မျိုးနွယ်အနေနဲ့ ခုနစ်ခုပဲရှိပါတယ်။ အဆိုးဆုံးကတော့ သုံးခုရှိပါတယ်။

အဲဒါတွေကတော့ SARS၊ MERS နဲ့ အခု ကိုဗစ်-၁၉ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ က အဆိုးဆုံးဖြစ်ပါတယ်။ ကျန်တဲ့လူမှာဖြစ်တဲ့ လေးမျိုးကတော့ သာမန်အအေးမိ၊ ဖျားနာလောက်ဖြစ်ပြီး အကြီးအကျယ် ဒုက္ခမပေးနိုင်ပါဘူး။ ဒါဆိုရင် သူ့ရဲ့မျိုးနွယ်တွေကတော့ SARS တို့၊ MERS တို့ ဖြစ်တယ်ဆိုတာ ပြောလိုခြင်းဖြစ်ပြီး ပေါ့ဆလို့မရဘူးဆိုတာကို သိစေချင်ပါတယ်။

ကိုဗစ်-၁၉ ကို စစ်ဆေးတဲ့အခါ RT PCR နည်းပညာမှာ CT value ဘယ်လောက်ရှိသလဲဆိုတာနဲ့ဖြတ်ပြီး ပိုး ရှိတယ်၊ မရှိဘူးဆုံးဖြတ်တာဖြစ်ပါတယ်။ CT value နိမ့်လေလေ ပိုးကောင်ရေများလေလေဖြစ်ပါတယ်။ CT value များလေလေ ပိုးကောင်ရေ နိမ့်လေလေဖြစ်ပါတယ်။ ‘ဒယ်လ်တာ’ ပိုးမျိုးဗီဇမှာ CT value က အတော့်ကို နိမ့်ပါတယ်။

**လေ့လာတွေ့ရှိချက်**

အိန္ဒိယမှာ ကာကွယ်ဆေးထိုးပြီးနောက် ပြန်ဖြစ်တဲ့ ကျန်းမာရေးဝန်ထမ်းအချို့ကို ပြုလုပ်ထားတဲ့ သုတေသနအရ ‘ဒယ်လ်တာ’ကြောင့် ရောဂါကူးစက်ခံရတယ်ဆိုရင် CT value နိမ့်တယ်ဆိုတာကို တွေ့ရပါတယ်။ ဘယ်လောက်အထိကွာသလဲဆိုရင် ၂ ဒသမ ၅ နည်းပါတယ်။ ‘ဒယ်လ်တာ’ကြောင့်ဆိုရင် CT value က ၁၆ ဒသမ ၅ ရှိပေမယ့် ‘ဒယ်လ်တာ’မဟုတ်သူတွေမှာ CT value က ၁၉ ရှိတယ်ဆိုတာကို သိစေချင်ပါတယ်။

နောက်တစ်ခုက ‘ဒယ်လ်တာ’ပိုးကူးစက်ပြီဆိုရင် CT value နိမ့်ခြင်း၊ ပိုးကောင်ရေများခြင်းက ၁၈ ရက်ကြာတယ်၊ နဂိုမူလပိုးဆိုရင် ၁၃ ရက်ကြာတယ်ဆိုတာကိုတွေ့ရပါတယ်။ ရောဂါပိုးကူးစက်ခံရတယ်၊ ပြန်ဖြစ်တယ် အဲဒါကို Reinfection လို့ခေါ်ပါတယ်။ Reinfection ကလည်း ‘ဒယ်လ်တာ’ကြောင့်ဆိုရင် ၁ ဒသမ ၄၆ ဆ များပါတယ်။ လွယ်လွယ်ပြောရမယ်ဆိုရင် တစ်ဆခွဲများပါတယ်။ Reinfection က ယခင်က ပိုးကူးစက်ခံရသူက ပြန်ပြီး ကူးစက်ခံရတာကို ဆိုလိုတာဖြစ်ပါတယ်။ ဒါဟာ ခြောက်လကြာပြီးနောက် ပြုလုပ်တဲ့ လေ့လာတွေ့ရှိချက်ဖြစ်ပါတယ်။ ပြောချင်တာက ခြောက်လအတွင်းဆိုရင် Reinfection လို့ခေါ်တဲ့ ရောဂါပိုးကူးစက်ခံရသူတွေမှာလည်း ပြန်ဖြစ်တာ ရှားတယ်ဆိုတာကို သိစေချင်ပါတယ်။

နောက်တစ်ခုက ကာကွယ်ဆေးထိုးထားတဲ့သူတွေမှာရော ဆေးမထိုးထားတဲ့သူတွေလို ‘ဒယ်လ်တာ’မျိုးဗီဇပိုး ကူးစက်ခံရနိုင်သလားဆိုရင် ကူးစက်နိုင်ခြေရှိတယ်ဆိုတဲ့ သုတေသန တွေ့ရှိချက်တွေရှိပါတယ်။ ဒါပေမယ့် သူ့ရဲ့ကူးစက်နိုင်မှုက အချိန်ကာလတိုတယ်၊ ကူးစက်နိုင်မှုကလည်း နည်းတယ်ဆိုတဲ့ အထောက်အထားတွေရှိပါတယ်။ CDC ကလည်း ပြောထားတာရှိပါတယ်။ ‘ဒယ်လ်တာ’ ပိုးကူးစက်ခံရသူတွေက နှာခေါင်းနဲ့ လည်ချောင်းမှာ ပိုးအရေအတွက်အများကြီးရှိတယ်။ ‘ဒယ်လ်တာ’ ကူးစက်ခံရသူက အခြားသူထက် ပိုးကို အဆတစ်ထောင် ပိုပြီးသယ်ဆောင်နိုင်တယ်ဆိုတဲ့ အထောက်အထား၊ သုတေသနတွေလည်းရှိပါတယ်။

**ထုတ်ပြန်ချက်အသစ်**

ကာကွယ်ဆေးထိုးထားတဲ့အတွက် နှာခေါင်းနဲ့ လည်ချောင်းမှာ ရောဂါပိုးရောက်နေပြီဆိုပြီး ခန္ဓာကိုယ်က အချက်ပေးလိုက်တဲ့အခါ နှာခေါင်းနဲ့ လည်ချောင်းမှာရှိနေပြီးသား ကိုယ်ခံစွမ်းအားစစ်သည်တွေက ရောဂါပိုးတွေကို လာပြီးတိုက်ခိုက်ပါတယ်။ အစပိုင်း နှစ်ရက်လောက်မှာတော့ သူတို့အနေနဲ့ လုံလောက်အောင် တိုက်ခိုက်နိုင်စွမ်းမရှိဘူး။ သို့သော် နောက်ပိုင်းမှာ ခန္ဓာကိုယ်က ကိုယ်ခံစွမ်းအားတွေက စုပေါင်းပြီးတိုက်တဲ့အခါ အဆုတ်ကို ရောက်ရှိဒုက္ခပေးနိုင်တဲ့၊ ဝေဒနာခံစားရတဲ့ အထိဖြစ်နိုင်တဲ့အခြေအနေကို မရောက်တော့ဘဲ သာမန်နှာစေး၊ ချောင်းဆိုး၊ ဖျားတာလောက်နဲ့ပဲ ပြီးသွားပါတယ်။ အစောပိုင်းကာလ နှစ်ရက်မှာသူက သူများကို ကူးစက်နိုင်ပါတယ်။ ဒါကြောင့် CDC ရဲ့ လမ်းညွှန်ချက်အသစ်က ကာကွယ်ဆေးနှစ်ကြိမ် ထိုးထားပြီးရင်တောင်မှ ရက်အနည်းငယ်သူများကို ကူးစက်နိုင်စွမ်းရှိတဲ့အတွက် လူအများနဲ့ တွေ့ဆုံတဲ့အခါ ပါးစပ်နှာခေါင်းစည်း (Mask)ကို ပြန်တပ်ဖို့ ထုတ်ပြန်ချက်အသစ်လည်း ရှိပါတယ်။

တချို့တွေကတော့ ပိုးကောင်ရေအနေနဲ့ ဒယ်လ်တာသည် ၁၀ ဆများတယ်လို့ ပြောကြတာ ရှိပါတယ်။ ဒယ်လ်တာမျိုးဗီဇက ရောဂါကို ပြင်းထန်ဆိုးရွားစွာ ဖြစ်စေနိုင်ပါတယ်။ ကနေဒါမှာ ပြုလုပ်တဲ့ သုတေသနအရဆိုရင် ဆေးရုံတက်ရောက်ရမှုက ၂ ဒသမ ၂ ဆများပါတယ်။ အထူးကြပ်မတ်ကုသဆောင်ထဲရောက်ရမှုက ၃ ဒသမ ၈၇ ဆ များပါတယ်။ ဒါဆိုရင် ဆေးရုံတက်ရောက်ရမှု နှစ်ဆကျော်၊ အထူးကြပ်မတ်ကုသဆောင် (ICU) ထဲရောက်ရမှုက လေးဆနီးနီး များတယ်ဆိုတဲ့ သဘောဖြစ်ပါတယ်။ သေဆုံးမှုက ၂ ဒသမ ၃၇ ဆိုတော့ နှစ်ဆခွဲလောက် သေဆုံးနိုင်ပါတယ်။ ဒါဆိုရင် ဒယ်လ်တာမျိုးဗီဇက လုံးဝပေ့ါဆလို့မရဘူးဆိုတဲ့အနေအထား ဖြစ်ပါတယ်။

စင်ကာပူနိုင်ငံမှာ ပြုလုပ်တဲ့ သုတေသနအရဆိုရင် သူက အောက်ဆီဂျင်လိုအပ်မှု၊ ICU ရောက်ရှိမှု၊ သေဆုံးမှုတွေကို ၄ ဒသမ ၉ ဆ၊ ငါးဆနီးနီး ပိုများစေတယ်လို့ ပြောပါတယ်။ ဒယ်လ်တာမျိုးဗီဇက အဆုတ်ရောင်နမိုးနီးယားဖြစ်ပွားမှုကိုလည်း ၁ ဒသမ ၈၈ ဆ (နှစ်ဆနီးပါး) ပိုများတယ်လို့ အဓိပ္ပာယ်ရပါတယ်။

စကော့တလန်မှာပြုလုပ်တဲ့ သုတေသနအရ ဆေးရုံတက်ရောက်ရမှုကို ၁ ဒသမ ၈၅ ဆ (နှစ်ဆနီးနီး)များတယ်ဆိုတာ တွေ့ရှိရပါတယ်။ ဒယ်လ်တာမျိုးဗီဇသည် ကူးစက်မှုအနေနဲ့ ကာကွယ်ဆေးထိုးထားသူမှာလည်း ကူးစက်မှုမြန်စေတယ်၊ ကာကွယ်ဆေးမထိုးထားသူမှာ ကူးစက်ခံရပြီဆိုရင် ရောဂါပြင်းထန်မှု၊ သေဆုံးမှုတွေများနိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်ကိုပြောလိုခြင်း ဖြစ်ပါတယ်။

ပြည်သူတွေကို သိစေချင်တာက ဒယ်လ်တာမျိုးဗီဇသည် အလွန်ကူးစက်မြန်ပါတယ်။ Lancet မှာပြုလုပ်တဲ့ သုတေသနအရဆိုရင် လူ ငါးယောက်က ရှစ်ယောက် ကူးစက်နိုင်တယ်ဆိုတော့ သူ့ရဲ့ ကူးစက်နိုင်မှုသည် အလွန်မြန်ပါတယ်။ နဂိုမူရင်းပိုးထက် နှစ်ဆကျော်ကူးစက်မှုမြန်ပါတယ်။ ဒါဆိုရင် ကူးစက်မှုကလည်းအလွန်မြန်တယ်၊ ပိုပြီးပြင်းထန်စွာဖြစ်စေနိုင်တယ်၊ ဆေးထိုးပြီးရင်တောင် Breakthrough Infection လို့ခေါ်တဲ့ ပြန်ပြီးရောဂါဖြစ်နိုင်စွမ်းကလည်း အနည်းငယ်ရှိတယ်ဆိုတော့ ပေ့ါဆလို့မရပါဘူး။

**ကာကွယ်ဆေးထိုးနှံသင့်**

သို့သော် ကာကွယ်ဆေးတွေက ရောဂါပြင်းထန်စွာဖြစ်ပွားမှုက ၉၀ ရာခိုင်နှုန်းအထက် ကာကွယ်နိုင်တာဖြစ်တဲ့အတွက် ကာကွယ်ဆေးထိုးနှံသင့်တယ်ဆိုတာကို သိစေချင်ပါတယ်။ Mask ပါးစပ်နှာခေါင်းစည်းတပ်တာ၊ လက်ဆေးတာ၊ လူအုပ်စုရှောင်တာ၊ တစ်ယောက်နဲ့ တစ်ယောက် ခပ်ခွာခွာနေတာ၊ ချောင်းဆိုး နှာချေရင် အုပ်ဆိုးတာ၊ လေကောင်းလေသန့်ရတဲ့ နေရာတွေမှာနေတာ ဒါတွေက ကာကွယ်ဆေးနဲ့ အလားတူအရေးပါတယ်ဆိုတာကို ပြောကြားလိုပါတယ်။ ဒါကြောင့် ကာကွယ်ဆေးထိုးထားတယ်ဆိုပြီး ပေ့ါဆလို့မရပါဘူး။ သေချာတာကတော့ ဒီရောဂါကြောင့် သေဆုံးဖို့ ရာခိုင်နှုန်းနည်းသွားတာက အသေအချာပါပဲ။ သို့သော် နောက်ခံရောဂါရှိသူ၊ အသက်ကြီးသူတွေမှာတော့ ဂရုစိုက်ရမယ့်အနေအထားဖြစ်ပါတယ်။

ဒါကြောင့် ကာကွယ်ဆေးထိုးနှံဖို့ ဘယ်လောက်အရေးကြီးတယ်ဆိုတာ ပြည်သူလူထုကို သိစေချင်ပါတယ်။ ကာကွယ်ဆေးထိုးနှံခွင့်ရသူတွေအနေနဲ့ မိမိအတွက် ဆုလာဘ်ကြီးလို့ ယူဆပြီး အမြန်ဆုံးထိုးနှံပါ။ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် ကာကွယ်ဆေးထိုးနှံဖို့ အခွင့်အရေးရှိသူတွေကို အကြောင်းကြားပေးမှာ ဖြစ်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက် ကူးစက်မှုမရှိစေဖို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနည်းလမ်းတွေအတိုင်း ထိုးနှံပေးမှာ ဖြစ်ပါတယ်။

ဆန္ဒတွေသိပ်မစောကြပါနဲ့။ တစ်မြို့နယ်ချင်း၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ကာကွယ်ဆေးထိုးနှံခွင့်ရရှိသူတွေ မကျန်ရအောင် ဆောင်ရွက်မှာဖြစ်ပါတယ်။ ကာကွယ်ဆေးက လက်ရှိမှာ သုံးသန်းရှိပါတယ်။ လူသုံးသန်းကိုထိုးနှံပေးမှာဖြစ်တဲ့အတွက် ထိုးနှံခွင့်မရမှာကို စိုးရိမ်စရာမလိုပါဘူး။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ အတည်ပြုချက်နဲ့ အရေးပေါ်အသုံးပြုခွင့်ရတဲ့ ကာကွယ်ဆေးတွေကို ပြည်သူလူထုကို ထိုးနှံပေးတာဖြစ်တဲ့အတွက် စိတ်ချယုံကြည်စွာနဲ့ ထိုးနှံပါ။ ဒီလိုထိုးနှံခြင်းအားဖြင့် အသက်ကြီးတဲ့သူတွေ၊ ရောဂါနောက်ခံရှိနေသူတွေကိုလည်း ထိထိရောက်ရောက် ကာကွယ်နိုင်ပါတယ်ဆိုတာ ပြည်သူလူထုကို သိစေချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။



# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ဘားအံမြို့နယ် မွေးမြူရေးဇုန်သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**ဘားအံ ဩဂုတ် ၆**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်၊ စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းက ဘားအံမြို့နယ် မွေးမြူရေးဇုန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့ အမှတ်(၂၂)ခြေလျင်တပ်မဌာနချုပ်အတွင်းရှိ စိုက်ပျိုး၊ မွေးမြူရေးဆောင်ရွက်ထားရှိမှုများကိုကြည့်ရှုရာ အမှတ်(၂၂)ခြေလျင်တပ်မဌာနချုပ်မှ စစ်ဦးစီးမှူး ပထမတန်း ဒုတိယဗိုလ်မှူးကြီး ဝေလင်းအောင်က လိုက်လံရှင်းလင်းတင်ပြသည်။

အဆိုပါ အမှတ်(၂၂)ခြေလျင်တပ်မဌာနချုပ်တွင် DYL အမျိုးအစား ဝက်ကောင်ရေ ၁၀၁ ကောင်၊ နို့စားနွား ၁၄ ကောင်၊ ဆိတ် အကောင် ၉၀၊ ဥစားကြက် ၇၈၄ ကောင် မွေးမြူထားရှိပြီး ဥစားကြက်များမှ တစ်နေ့ပျမ်းမျှကြက်ဥ အလုံး ၇၂၀ ခန့် ထွက်ရှိကြောင်း၊ ထို့အပြင် ကြက်သားပေါက်ကောင်ရေ ၁၀၀၀ ခန့်ကိုလည်း ထပ်မံမွေးမြူထားရှိကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမွေးမြူရေးဇုန်သို့ ရောက်ရှိရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဒေါက်တာအောင်မြင့်ဟန်က မွေးမြူရေးဇုန်နှင့် ပတ်သက်၍ မွေးမြူရေးလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။ အဆိုပါမွေးမြူရေးဇုန်တွင် ဥစားကြက်ကောင်ရေ ၆၀၀၀၀၊ ဝက် ၁၇၇ ကောင်၊ ဆိတ် ၁၈၉ ကောင်၊ နွား ၁၄၅ ကောင်၊ ငုံး အကောင် ၁၀၀၀ မွေးမြူထားရှိရာ မွေးမြူရေးလုပ်ကိုင်သူ လုပ်ငန်းရှင် ၁၄၁ ဦးရှိပြီး ဘားအံမွေးမြူရေးဇုန်တွင် တစ်နေ့လျှင် ကြက်ဥအထွက်နှုန်း ၈၀ ရာခိုင်နှုန်းရှိပြီး အလုံးရေ ၄၈၀၀၀ ထွက်ရှိကြောင်း ရှင်းလင်းတင်ပြသည်။

**ညှိနှိုင်းဆောင်ရွက်ပေး**

ထို့နောက် မွေးမြူရေးဇုန်ဥက္ကဋ္ဌ ဦးစောသာပေါင်းက မွေးမြူရေးဇုန်တွင် လက်ရှိဆောင်ရွက်လျက်ရှိသော အခြေအနေများကိုလည်းကောင်း၊ တက်ရောက်လာသော မွေးမြူရေးတောင်သူများက လိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မွေးမြူရေးဇုန်အတွင်းရှိ မွေးမြူရေးခြံများသို့ လိုက်လံကြည့်ရှုစစ်ဆေးခဲ့ရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့နယ် ဝဲကရင်ကျေးရွာအုပ်စုရှိ နောင်သာယာ စံပြစိုက်ပျိုးမွေးမြူရေးစခန်းသို့ သွားရောက်ခဲ့ရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး နောင်သာယာ စံပြစိုက်ပျိုးမွေးမြူရေးစခန်း ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

»»» စာမျက်နှာ ၁၈ မှ

**ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ**
**(COVID-19 Vaccination Fund) OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း**
**(၂-၈-၂၀၂၁ ရက်နေ့မှ ၆-၈-၂၀၂၁ ရက်နေ့ထိ)**

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၅-၈-၂၀၂၁ | ၁၄,၂၀၀,၀၀၀ |
| ၁ | အလုပ်သင်ဗိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၆)ကျောင်းဆင်းအရာရှိများနှင့်မိသားစုများ | ၄,၂၀၀,၀၀၀ |
| ၂ | Shwe Taung Development Co.,Ltd (ရန်ကုန်မြို့) | ၁၀,၀၀၀,၀၀၀ |
| | ၆-၈-၂၀၂၁ | ၅,၄၀၀,၀၀၀ |
| ၁ | "ရွှေအင်ကြင်း" ဝေယျာဝစ္စအသင်း၊ စံပြရပ်ကွက်၊ (သာယာနီကျွန်းမြို့နယ်) | ၃၀၀,၀၀၀ |
| ၂ | ဦးဆန်းဦး+ဒေါ်သစ်သစ်ဝေ (မိသားစု) စံပြရပ်ကွက်၊ (သာယာနီကျွန်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၃ | ဦးဇော်ဝင်းမြင့်+ဒေါက်တာသုဇာရှင်ဇော် သမီး ဒေါက်တာဝင်းလဲ့နိုင် (မရမ်းကုန်းမြို့နယ်) | ၅,၀၀၀,၀၀၀ |
| | (၂-၈-၂၀၂၁ ရက်နေ့မှ ၆-၈-၂၀၂၁ ရက်နေ့ထိ) စုစုပေါင်း | ၁၆၄,၄၂၀,၀၀၀ |

**မှတ်ချက်။** (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်း ဖြစ်ပါသည်။
(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့် နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ**

# နေပြည်တော်ကောင်စီအဖွဲ့ဝင်များ နေပြည်တော်တိုင်းစစ်ဌာနချုပ် စံပြဘက်စုံစိုက်ပျိုးမွေးမြူရေးခြံသို့ သွားရောက်လေ့လာ





**နေပြည်တော် ဩဂုတ် ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် နေပြည်တော်ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးမင်းနောင်၊ ဦးဇေယျာလင်း၊ ဦးမြင့်စိုး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် စံပြဘက်စုံစိုက်ပျိုးမွေးမြူရေးခြံသို့ သွားရောက်လေ့လာကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့ကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မျိုးတင်က စံပြဘက်စုံစိုက်ပျိုးမွေးမြူရေးခြံအတွင်း ရာသီသီးနှံစိုက်ပျိုးထားရှိမှု၊ ဥစားကြက်မွေးမြူရေးခြံများနှင့် အအေးခန်း ဥစားကြက်မွေးမြူရေးခြံများ၊ အသားတိုးကြက်မွေးမြူရေးခြံ၊ ဝက်မွေးမြူရေးခြံ၊ နို့စားနွား မွေးမြူရေးခြံနှင့် အသားတိုးနွားမွေးမြူရေးခြံများ၊ ငါးမွေးမြူရေးကန်များသို့ လိုက်လံပြသပြီး မွေးမြူထားရှိသည့် အခြေအနေများကို လည်းကောင်း၊ အစားအစာကျွေးမွေးမှုကိုလည်းကောင်း၊ နွားနို့၊ အသားများနှင့် ကြက်ဥများထွက်ရှိမှုကို လည်းကောင်း အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထွက်ရှိသော နွားနို့၊ အသားများနှင့် ကြက်ဥများကို တပ်ရင်းတပ်ဖွဲ့ မိသားစုများသာမက ပိုလျှံ၍ ပြည်သူများကိုလည်း ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ကျန်းမာရေးဝန်ကြီးဌာနမှ ပြည်သူသို့ အသိပေးပန်ကြားချက်

ပြည်သူတို့အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် **ပြည်သူများ ပူးပေါင်းပါဝင်မှုသာ လုပ်ငန်းများအချိန်တိုအတွင်း အောင်မြင်မည် ဖြစ်ပါသည်။** သို့ဖြစ်ပါ၍ အောက်ဖော်ပြပါအချက်များကို အားလုံးကိုယ်စီလိုက်နာကြပါရန် အသိပေး ပန်ကြားအပ်ပါသည်-

၁။ တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ပါ၊

၂။ အိမ်တွင် ဧည့်သည်လက်ခံခြင်း လုံးဝမပြုပါနှင့်၊ မိမိကိုယ်တိုင်လည်း ဧည့်သည်အဖြစ် သွားရောက်ခြင်း လုံးဝမပြုပါနှင့်၊

၃။ အိမ်တွင် အသက်(၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ (သို့မဟုတ်) ဆီးချို၊ သွေးတိုး၊ နှလုံး..စသည့် နာတာရှည်ရောဂါတစ်ခုခု ခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို တပ်ဆင်ထားစေပါ၊ လေဝင်လေထွက်ကောင်းသည့်နေရာတွင် နေစေပါ၊

၄။ မဖြစ်မနေအပြင်ထွက်ရပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ကို မဖြစ်မနေတပ်ဆင်ပါ၊ လက်ကို စနစ်တကျဆေးကြောပါ၊ အခြားသူများနှင့် (၆)ပေအကွာ ခပ်ခွာခွာနေပါ၊ လေဝင်လေထွက် မကောင်းသောအခန်းများသို့ သွားရောက်ခြင်းမှ ရှောင်ကြဉ်ပါ၊

၅။ လူစုလူဝေး လုံးဝရှောင်ကြဉ်ပါ၊

၆။ ဖြစ်နိုင်ပါက တစ်ပတ်လျှင်တစ်ကြိမ်ခန့်သာ ဈေးဝယ်ယူပါ၊ ပါးစပ်နှင့်နှာခေါင်းစည်း စနစ်တကျ တပ်ဆင်ထားခြင်းမရှိသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်၊

၇။ အပြင်ထွက်ရာမှ အိမ်ပြန်ရောက်သောအခါတွင် အိမ်သို့ရောဂါပိုးများ သယ်ဆောင်လာခြင်း မရှိစေရန် သတိပြုပါ၊ အသုံးပြုပြီးသော ပါးစပ်နှင့်နှာခေါင်းစည်း(Mask)နှင့် တစ်ခါသုံးပစ္စည်းများကို အိမ်အပြင်တွင် စနစ်တကျစွန့်ပစ်ပါ၊ အဝတ်အစားမလဲမီ/ ကိုယ်လက်သန့်စင်ခြင်းမပြုမီ အိမ်သားများနှင့် အနီးကပ်ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ၊

၈။ အလှည့်ကျရရှိသော ကာကွယ်ဆေးသည် မိမိအတွက်အကောင်းဆုံးဖြစ်၍ ကာကွယ်ဆေး ထိုးနှံခြင်းကို အကြိမ်ပြည့်ခံယူပါ၊ ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်း များကို ဆက်လက်လိုက်နာပါ၊

၉။ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် တတ်နိုင်သည့်ဘက်မှ လူအင်အား၊ ငွေကြေး၊ ပစ္စည်း၊ ကျွမ်းကျင်မှုပညာရပ်များဖြင့် စနစ်တကျ ပါဝင်ပူးပေါင်းပံ့ပိုးပေးကြပါရန် ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန (၂ - ၈ - ၂၀၂၁)

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၆၃၀၃၅၈၉ | ၂၉၈၀၅၅၉၃ | ၆၃၁၈၉၁ |
| ၂။ | အိန္ဒိယ | ၃၁၈၅၆၇၅၇ | ၃၁၀၁၅၈၄၄ | ၄၂၆၇၈၅ |
| ၃။ | ဘရာဇီး | ၂၀၀၆၆၅၈၇ | ၁၈၈၄၀၂၃၂ | ၅၆၀၈၀၁ |
| ၄။ | ရုရှား | ၆၄၀၂၅၆၄ | ၅၇၂၀၃၅၃ | ၁၆၃၃၀၁ |
| ၅။ | ပြင်သစ် | ၆၂၃၃၈၇၆ | ၅၇၃၂၁၅၁ | ၁၁၂၀၉၈ |
| ၆။ | ဗြိတိန် | ၅၉၈၂၅၈၁ | ၄၅၈၅၄၁၅ | ၁၃၀၀၈၆ |
| ၇။ | တူရကီ | ၅၈၄၆၇၈၄ | ၅၄၈၄၈၂၁ | ၅၁၈၇၅ |
| ၈။ | အာဂျင်တီးနား | ၄၉၈၉၄၀၂ | ၄၆၃၀၄၃၆ | ၁၀၇၀၂၃ |
| ၉။ | ကိုလံဘီယာ | ၄၈၂၁၆၀၃ | ၄၆၂၄၆၆၉ | ၁၂၁၈၉၉ |
| ၁၀။ | စပိန် | ၄၅၆၆၅၇၁ | ၃၇၇၃၉၅၆ | ၈၁၉၃၁ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၃၆၀၇၈၆၃ | ၂၉၉၆၄၇၈ | ၁၀၄၀၁၀ |
| ၂။ | ဖိလစ်ပိုင် | ၁၆၃၈၃၄၅ | ၁၅၃၅၃၇၅ | ၂၈၆၇၃ |
| ၃။ | မလေးရှား | ၁၂၂၄၅၉၅ | ၉၉၃၀၂၀ | ၁၀၁၇၉ |
| ၄။ | ထိုင်း | ၇၁၄၆၈၄ | ၄၉၅၉၀၄ | ၅၈၅၄ |
| ၅။ | မြန်မာ | ၃၂၂၈၃၈ | ၂၃၄၄၅၄ | ၁၁၂၆၂ |
| ၆။ | ဗီယက်နမ် | ၁၈၉၀၆၆ | ၅၈၀၄၀ | ၂၇၂၀ |
| ၇။ | ကမ္ဘောဒီးယား | ၈၀၈၁၃ | ၇၄၀၄၅ | ၁၅၂၆ |
| ၈။ | စင်ကာပူ | ၆၅၆၀၅ | ၆၃၄၅၇ | ၄၀ |
| ၉။ | လာအို | ၇၇၇၈ | ၃၈၈၇ | ၇ |
| ၁၀။ | ဘရူနိုင်း | ၃၃၉ | ၂၈၉ | ၃ |

# ဩဂုတ် ၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၃၅၈၈ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၆-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၅-၈-၂၀၂၁)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၆-၈-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၁,၉၃၅)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃,၅၈၈) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၂၃၅,၈၀၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၃၂၂,၈၃၈) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ(၄,၁၄၆)ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၂၃၄,၄၅၄)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂၇၄)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၁,၂၆၂) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊ နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊ မိမိတို့ နေအိမ်တွင် အသက် ၆၅ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခု ခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၆-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၉၈၁) ခု | (၂၇၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၂) ခု | (၃၃) ဦး |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၅၁) ခု | (၁၃၆) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၈၃) ခု | (၆၄) ဦး |
| လားရှိုးမြို့ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၁၆) ခု | (၃၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၅၃) ခု | (၅၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၆၃၁) ခု | (၆၇၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၀၆၈) ခု | (၂,၃၂၈) ဦး |
| စုစုပေါင်း | (၁၁,၉၃၅) ခု | (၃,၅၈၈) ဦး |

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်အထိ (တေဇောဓာတ် လောင်ကျွမ်းခြင်း) စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း

**ဆရာကြည်**



(၂၃-၇-၂၀၂၁ ရက်နေ့မှ အဆက်)

**ဘုရားလောင်းသည်**
**အိပ်မက်ကြီးငါးပါး မြင်မက်တော်မူခြင်း**

ဘုရားလောင်းသည် တစ်ကိုယ်တည်း တရားအားထုတ်၍ ၁၀၃ ခုနှစ် ကဆုန်လဆန်း ၁၄ ရက် ညဘက်မိုးသောက်ယံသို့ ရောက်သောအခါ အောက်ပါ အိပ်မက်များကို မက်တော်မူသည်။

(၁) ဘုရားလောင်းသည် ဤကမ္ဘာမြေပြင်ကြီးကို အိပ်စက်တော်မူ၏။ ယူဇနာ ၅ဝ ရှိသော ဟိမဝန္တာတောင်ကြီးကို ခေါင်းအုံးအိပ်စက်လျက် တောင်သမုဒ္ဒရာရေပြင်ပေါ်၌ အရှေ့ အနောက် ခြေထောက်နှစ်ဖက်ထားပြီး အိပ်စက်တော်မူသည်ဟု မြင်မက်ခြင်း။

(၂) ဘုရားလောင်း၏ချက်တော်မှ သန္တာနီအဆင်းရှိသော "တိရိယ" အမည်ရှိ မြက်မျိုးသည် ပေါက်ရောက်ပြီး တဖြည်းဖြည်းကြီးထွားလာ၍နေစဉ်မှာပင် အထက်ဘဝဂ်တိုင်အောင် တက်သွားသည်ဟု မြင်မက်တော်မူခြင်း။

(၃) ဘုရားလောင်းသည် တစ်ကိုယ်လုံး ဖြူဖွေးနေသော ပိုးလောက်တို့သည် ဒူးဆစ်တိုင်အောင် ခြေဖျားတော်မှ တရွရွတက်လာပြီး ဖုံးလွှမ်းသွားသည်ဟု အိပ်မက်မြင်မက်တော်မူခြင်း။

(၄) အရောင်အဆင်းအမျိုးမျိုးရှိကြသော ငှက်အပေါင်းတို့ အရပ်လေးမျက်နှာမှ ပျံသန်းလာကြပြီး ဘုရားလောင်း၏ခြေတော်ရင်းသို့ရောက်လာ၍ ၎င်းငှက်အားလုံးသည် သူတို့တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူသည်ဟု အိပ်မက် မြင်မက်တော်မူခြင်း။

(၅) ဘုရားလောင်းသည် ကြီးထွားလာသော မစင်တောင်ကြီးပေါ်သို့တက်၍ စင်္ကြံသွား၏။ ၎င်းမစင်များသည် အလောင်းတော်၏ ခြေတော်၌ မကပ်ငြိဘဲနေသည်ဟု အိပ်မက်မြင်မက်တော်မူခြင်း။

ထိုသို့ဖြင့် မက်တော်မူသောအိပ်မက်တို့ကို သူကိုယ်တိုင် အောက်ပါအတိုင်း နိမိတ်ဖတ်လေသည်။

(၁) ပထမအိပ်မက်တော်သည် ဘုရားလောင်း ဧကန်စင်စစ် ယနေ့ပင်ဘုရားဖြစ်မည်ဟု နိမိတ်ဖတ်သည်။

(၂) ဒုတိယအိပ်မက်တော်သည် အလယ်အလတ်လမ်းစဉ်ဖြစ်သော မဇ္ဈိမပဋိပဒါလမ်းစဉ်၊ မဂ္ဂင်ရှစ်ပါးတရားတို့ကို ကျင့်ရန်အတွက် လူနတ်ဗြဟ္မာတို့အား ဟောကြားရအံ့ဟူ၍ နိမိတ်ဖတ်သည်။

(၃) တတိယအိပ်မက်တော်သည် ဝတ်ဖြူစင်ကြယ် ဝတ်သော သူတော်ကောင်းများသည် ဘုရားလောင်းတော်ထံသို့ ဆည်းကပ်ရန်လာကြသည်ဟု နိမိတ်ဖတ်သည်။

(၄) စတုတ္ထအိပ်မက်တော်သည် ဘုရားသာသနာသို့ ဝင်ရောက်လာပြီး ရဟန္တာအဖြစ်သို့ ရောက်ကြသည်ဟု နိမိတ်ဖတ်သည်။

(၅) ဘုရားလောင်းသည် ပစ္စည်းလေးပါးကို များစွာရဖို့ရန် ထိုပစ္စည်းများပေါ်၌ ငြိတွယ်ကပ်ငြိခြင်းမရှိဘဲ သုံးဆောင်တော်မူရန် ဖြစ်ရလတ္တံ့ဟု နိမိတ်ဖတ်တော်မူသည်။

**ဘုရားလောင်းသည် ဆွမ်း (နို့ဃနာ) ကို ဘုန်းပေးပြီးနောက် ရွှေခွက်ကို မြစ်ထဲသို့ မျှောလေသည်။ သူသည် ဧကန်စင်စစ် ယနေ့ပင် ဘုရားဖြစ်ပါက ရွှေခွက်သည် ရေကိုဆန်တက်ပါစေဟု အဓိဋ္ဌာန်ပြုလေသည်။ ရွှေခွက်သည် စီးနေသောရေကိုဖြတ်၍ မြစ်လယ်သို့ရောက်သည့်အခါ မြစ်အလယ်ဗဟိုမှ အတောင်ရှစ်ဆယ်ခန့်တက်၍ ဝဲဖြင့်နစ်မြုပ်သွားလေသည်။ ထိုနစ်မြုပ်သွားသော ရွှေခွက်သည် ကာဠနဂါးမင်းစံရာဗိမာန်အနီးရှိ ရှေ့ဘုရားသုံးဆူ၏ ရွှေခွက်သုံးလုံးကိုထိလျက် ယင်းရွှေခွက်များ၏အောက်၌ တည်လေသည်**

**သုဇာတာသူဋ္ဌေးမသည် ဘုရားလောင်းအား**
**ဃနာနို့ဆွမ်း ကပ်လှူခြင်း**

ဘုရားလောင်းသည် အိပ်မက်ကြီး ငါးချက်ကို မြင်မက်ပြီး နိမိတ်ဖတ်ပါသည်။ ထို့အတူ သူသည် ယနေ့ပင် ဘုရားဧကန်စင်စစ်ဖြစ်မည်ဟု ဆုံးဖြတ်ပါသည်။ ကဆုန်လပြည့်နေ့ နံနက်စောစောတွင် မိုးလင်းသည်နှင့်တစ်ပြိုင်နက် ကိုယ်လက်သုတ်သင်တော်မူသည်။ ထို့နောက် "သေနာ" နိဂုံး ရွာအနီးရှိ ညောင်ပင်ဆီသို့သွား၍ ကိုယ်တော်တိုင် အလင်းရောင်များ တောက်ပလျက်ရှိသည်။ အရှေ့ဘက်ကို မျက်နှာမူ၍ တင်ပျဉ်ခွေထိုင်တော်မူသည်။

ထိုညောင်ပင်ကလည်း "မဟာသေန" မည်သော သူဋ္ဌေးကြီး၏သမီး သုဇာတာသူဋ္ဌေးမသည် အရွယ်ရောက်သော် ဆုတောင်းမှုတစ်ခုပြုသည်။ သူနှင့် မျိုးတူယောကျ်ားရ၍ ရှေးဦးစွာ သားဦးယောကျ်ား (သား) ရပါစေသားဟု ဆုတောင်းသည်။ ဆုတောင်းပြည့်သောကြောင့် နှစ်စဉ်ကဆုန်လပြည့်နေ့၌ နို့ဃနာဆွမ်းကို ကပ်ပါသည်။ ညောင်ပင်ရှိ နတ်မင်းကို ပသခြင်းဖြစ်ပါသည်။ ထို့ကြောင့် သုဇာတာသည် ယခုနှစ်၌လည်း နို့ဃနာဆွမ်းကပ်ရန် စီစဉ်လေသည်။

ဃနာနို့ဆွမ်းအတွက် ဤသေနာနိဂုံးရွာရှိ နွယ်ချိုတော၌ နို့စားနွားမ ၁၀၀၀ ကို ငါပြုစု၍ နွားမရှစ်ရာကို နို့ညှစ်စေ၏။ နို့ရည်အားလုံးကို ကျန်နွားမနှစ်ရာအား တိုက်ကျွေးစေ၏။ တစ်ဖန် ယင်းနွားမနှစ်ရာအား ငါပြုစုပြီး နွားမတစ်ရာ့ခြောက်ဆယ်တို့၏ နို့ရည်ကို ကျန်နွားမလေးဆယ်အား တိုက်ကျွေးစေခဲ့၏။ ယင်းနွားမလေးဆယ်တို့အား ငါပြုစု၍ နွားမ ၃၂ ကောင်တို့၏နို့ရည်ကို ကျန်နွားမရှစ်ကောင်တို့အား တိုက်ကျွေး၏။ နို့ရည်သည် ပျစ်၍နေသော်လည်း ချိုမြိန်သောအရသာရှိစေရန် စီစဉ်ခြင်းဖြစ်ပါသည်။

ဃနာနို့ဆွမ်းချက်ရာ၌ နတ်မင်းကြီးလေးပါးက ခုံလောက်ရှိအောင် လုပ်ပေး၏။ သိကြားမင်းကလည်း မီးကို အစွန်းမထွက်ညီအောင် လုပ်ပေး၏။ ထို့အပြင် ဗြဟ္မာမင်းကြီးကလည်း ထီးမိုးပေး၏။ နတ်အပေါင်းတို့ကလည်း အရသာရှိစေရန် နတ်သြဇာများကို ထည့်ပေး၏။ ဤနို့ရည်သည် အမြှုပ်ကြီးများထ၍ လက်ယာရစ်နေပေသည်။ အပြင်သို့ တစ်ဖက်တစ်ပေါက်မှ မလွင့်စဉ်ပါ။ သုဇာတာသူဋ္ဌေးမက သူကျွန်မ (ပုဏ္ဏား) အား သူ နှစ်စဉ်ပူဇော်နေသော ညောင်ပင်အောက်၌ မြက်များရှင်းရန် ခိုင်းလိုက်၏။ ထိုသို့သောစေခိုင်းချက်ကြောင့် ကျွန်မသည် မြက်များရှင်းရန်သွား၏။ ထိုအခါ၌ ဘုရားလောင်းတော်ကို တွေ့၍ သူ့ထင်မြင်ချက်မှာ နတ်မင်းကိုယ်ထင်ပြသည်ဟု ထင်ပါသည်။ သူ့ထင်မြင်ချက်ကို သုဇာတာအား သွားပြောသောအခါ သုဇာတာသည် အလွန်မှကြည်နူး၍ ဝမ်းမြောက်ရွှင်လန်းစေပါသည်။

သုဇာတာသည် အသပြာတစ်သိန်းတန် ရွှေခွက်တွင် ဃနာနို့ဆွမ်းကိုထည့်၍ အခြားရွှေခွက်တစ်ခွက်ဖြင့်ဖုံးကာ ဘုရားလောင်းအား သွားရောက်လှူဒါန်းကပ်လှူစေသည်။ ဘုရားလောင်းလည်း ထိုရွှေခွက်ဃနာနို့ဆွမ်းကို အလှူခံတော်မူခဲ့ပါသည်။

**မြစ်ထဲသို့ ရွှေခွက်မျှောတော်မူခြင်း**

ဘုရားလောင်းတော်သည် သုဇာတာ လာကပ်သော ဃနာနို့ဆွမ်းကို လက်ခံတော်မူပြီးနောက် နေရဉ္ဇရာမြစ်သို့ သွားရောက်လေသည်။ ရေချိုးမြဲဖြစ်သော "သုပ္ပတိဋ္ဌိက" ဆိပ်ကမ်းတွင် ရေချိုးတော်မူသည်။ ရေချိုး၍ပြီးသောအခါ အေးမြသောသစ်ပင်ရိပ်တွင် အရှေ့ဘက်သို့ မျက်နှာမူရပ်တော်မူ၏။ နို့ဃနာဆွမ်းကို ထန်းသီးမှည့်အစေ့ပမာရှိသော ဆွမ်းလုတ် ၄၉ လုတ်တိတိ ဘုဉ်းပေးတော်မူ၏။ ထိုဆွမ်း ၄၉ လုတ်သည် ၄၉ ရက်စာဖြစ်ပါသည်။

ဘုရားလောင်းသည် ဆွမ်း (နို့ဃနာ) ကို ဘုန်းပေးပြီးနောက် ရွှေခွက်ကို မြစ်ထဲသို့ မျှောလေသည်။ သူသည် ဧကန်စင်စစ် ယနေ့ပင်ဘုရားဖြစ်ပါက ရွှေခွက်သည် ရေကိုဆန်တက်ပါစေဟု အဓိဋ္ဌာန်ပြုလေသည်။ ရွှေခွက်သည် စီးနေသောရေကိုဖြတ်၍ မြစ်လယ်သို့ ရောက်သည့်အခါ မြစ်အလယ်ဗဟိုမှ အတောင်ရှစ်ဆယ်ခန့်တက်၍ ဝဲဖြင့် နစ်မြုပ်သွားလေသည်။ ထိုနစ်မြုပ်သွားသော ရွှေခွက်သည် ကာဠနဂါးမင်းစံရာဗိမာန်အနီးရှိ ရှေ့ဘုရားသုံးဆူ၏ ရွှေခွက်သုံးလုံးကိုထိလျက် ယင်းရွှေခွက်များ၏ အောက်၌ တည်လေသည်။

ကာဠနဂါးမင်းသည် ရွှေခွက်များ ရိုက်ခတ်သံကြောင့် အိပ်ရာမှနိုးလာပြီး မနေ့ကပင် ဘုရားတစ်ဆူပွင့်တော်မူသည်။ ယခုလည်း ယနေ့၌ ဘုရားတစ်ဆူ ပွင့်ပြန်ပြီဟူ၍ ချီးကျူးထောမနာပြုစကားကို ဆိုလေသည်။ ဘုရားလောင်းတော်လည်း နေရဉ္ဇရာမြစ်အနီးရှိ အင်ကြင်းတောတွင် "အာနာပါနကမ္မဋ္ဌာန်း"ကို အားထုတ်တော်မူသည်။ ယင်းသို့ စီးဖြန်းအားထုတ်တော်မူ၍ လောကီဈာန်သမာပတ်ရှစ်ပါးနှင့် အဘိညာဉ်ငါးပါးတို့ ရရှိလေသည်။

ညနေချမ်းအချိန်သို့ ရောက်ရှိသော် နတ်ဗြဟ္မာများ စီစဉ်ထားသောလမ်းကိုလျှောက်၍ မဟာဗောဓိပင်သို့ ရှေးရှုကြွတော်မူလေသည်။ ထိုအချိန်၌ မြက်ထမ်းပုဏ္ဏား "သောတ္ထိယ" သည် ဘုရားအလောင်းတော်ကိုမြင်လျှင် ဘုရားလောင်းသည် မြက်ကို အလိုရှိဟန်ဖြစ်သည်ကိုသိ၍ မြက်ရှစ်ဆုပ် လှူဒါန်းလေသည်။ ဘုရားလောင်းသည် ယင်းမြက်ရှစ်ဆုပ်ဖြင့် မဟာဗောဓိပင်သို့ ချဉ်းကပ်၍ တောင်အရပ်၌ ရပ်လျက်ရှိပေသည်။ ထိုအခါ မြေပြင်စကြဝဠာသည် စောင်းသည်ထင်၍ ဤအရပ်သည် သဗ္ဗညုတဉာဏ် ရရှိနေရာ မဟုတ်မြင်၍ မြောက်အရပ်၊ အနောက်အရပ်တို့ကိုရပ်လျက် အစဉ်အတိုင်း လှည့်တော်မူခဲ့သည်။ ရှေ့နည်းတူ မြင်ပြန်ပါသည်။

ထို့ကြောင့် အရှေ့ဘက်အရပ်သို့ လှည့်သွားပြီး ရပ်တော်မူလျက် ဤအရပ်သာလျှင် ဘုရားဖြစ်မည့်ဌာနအမှန်ဖြစ်ကြောင်း စိတ်ထင်နှလုံးသွင်းပြီး မြက်ရှစ်ဆုပ်ကို အဖျားကကိုင်၍ ဖြန့်ကြဲတော်မူလေ၏။ ထိုမြက်တို့သည် မြက်အသွင်ပျောက်၍ ၁၄ တောင် ပမာဏရှိသော ခမ်းနားဆန်းကြယ်သည့် "အပရာဇိတရတနာပလ္လင်" ကြီး ပြန်ပေါ်လာပေသည်။

စာမျက်နှာ ၂၂ သို့ ✻

✽ **ကျောဖုံးမှ**

နေ့စဉ်ကူညီဆောင်ရွက်ပေးလျက်ရှိရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ကုသရေး ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို အပြည်ပြည်ဆိုင်ရာလေကြောင်း၊ ရေကြောင်းများ၊ တရုတ်နိုင်ငံ ကုန်သွယ်ရေးစခန်းများသာမက ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကုန်သွယ်ရေးစခန်းများမှ တင်သွင်းနိုင်ရေး သံတမန်လမ်းကြောင်းမှ ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အိမ်သုံးအောက်ဆီဂျင်စက် ၃၃၈၉ ခုအပါအဝင် မူဆယ်၊ မြဝတီ၊ ချင်းရွှေဟော်၊ ကော့သောင်း၊ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင်အရည် (Bowser) ယာဉ် ငါးစီးဖြင့် ၉၅ တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) သုံးတန်၊ အောက်ဆီဂျင်ဓာတ်ငွေ့(အိုးဖြင့်) နှစ်တန်၊ အောက်ဆီဂျင်(အိုးခွံ) ၅၉၉၂ ခု၊ Oxygen Plant တစ်ခု၊ လုပ်ငန်းသုံးအောက်ဆီဂျင်စက် လေးခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၄၄၅၉ ခု၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၃၆၈၈၀၊ လက်အိတ် သုည ဒသမ ၀၄ တန်နှင့် နှာခေါင်းစည်း ၅၄ တန် တင်သွင်းနိုင်ခဲ့သည်။ အထက်ပါပစ္စည်းများကို ကုမ္ပဏီ ၃၃ ခုမှ ယာဉ်စီးရေ ၆၁ စီးဖြင့် တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တင်သွင်းခွင့်ပြု**

ဩဂုတ်လအတွင်း ယာဉ်စီးရေ ၃၅၀ ဖြင့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်ဖြင့် ၃၂၄ တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) ၄၄ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့ အိုးဖြင့် ၅၃ တန်၊ အောက်ဆီဂျင် (အိုးခွံ) ၃၉၄၅၈ ခု၊ Oxygen Plant ငါးခု၊ လုပ်ငန်းသုံးအောက်ဆီဂျင်စက် ကိုးခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၃၈၀၉၉ ခု၊ Test Kit ၁၄၁၆၄၂ ခု၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၂၃၁၉၀၂ စုံ၊ လက်အိတ် ၃၈ တန်နှင့် နှာခေါင်းစည်း ၅၀၂ တန် တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

ဇူလိုင်လအတွင်း ယာဉ်စီးရေ ၇၄၉ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်ဖြင့် ၇၂၇ တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်)၅၆၇တန်၊အောက်ဆီဂျင်ဓာတ်ငွေ့ (အိုးဖြင့်) ၁၁၄ တန်၊အောက်ဆီဂျင်(အိုးခွံ) ၄၀၄၉၁ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၆၉၁၄၆ခု၊ Oxygen Plant ရှစ်ခု၊ ဆေးရုံသုံးအောက်ဆီဂျင်ဖြည့်စက် လေးခု၊ လုပ်ငန်းသုံးအောက်ဆီဂျင်စက် ၁၁ ခု၊ Test Kit ၃၂၂၈၇၈ ခု၊ နှာခေါင်းစည်း ၁၁၀၄ တန်၊ တစ်ကိုယ်ရေ သုံးကာကွယ်ရေးဝတ်စုံ ၁၈၂၉၇၅ စုံ တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ် ကုသရေး ပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာ ကုန်သွယ်ရေးစခန်းများမှ တာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

■






❍ **အာဆီယံမှ**

အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ပုံမှန်အရ ၂၀၂၀ ပြည့်နှစ်နှစ်ကုန်ပိုင်းတွင် ကျင်းပရမည်ဖြစ်သော်လည်း ကပ်ရောဂါကြောင့် ယခုနှစ်သို့ ရွှေ့ဆိုင်းခဲ့ရပြီး ဧပြီလတွင် ကျင်းပရန်မဖြစ်နိုင်သဖြင့် နှစ်ကုန်ပိုင်းသို့ ထပ်မံရွှေ့ဆိုင်းထားရခြင်းဖြစ်သည်။ အုပ်စုမဲခွဲပွဲနှင့်အတူ ပြိုင်ပွဲကျင်းပမည့်ပုံစံကိုပါ တစ်ပေါင်းတည်း ထုတ်ပြန်ရန် စီစဉ်ထားသော်လည်း မဲခွဲပွဲရွှေ့ဆိုင်းခဲ့သဖြင့် ထုတ်ပြန်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် အသင်းစုစုပေါင်း ၁၀ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး ငါးသင်းနှစ်အုပ်စုခွဲ၍ ပြုလုပ်မည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ကပ်ရောဂါအခြေအနေကြောင့် ပြီးခဲ့သည့်နှစ်ကတည်းက အာဆီယံအဆင့်ပြိုင်ပွဲများ ကျင်းပနိုင်ခြင်းမရှိသေးဘဲ ရပ်နားထားရခြင်းဖြစ်သည်။

အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ၁၉၉၆ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး လာမည့်ပြိုင်ပွဲတွင် ၁၃ ကြိမ်မြောက် ကျင်းပမည်ဖြစ်သည်။ ကျင်းပပြီးစီးခဲ့သည့် ၁၂ ကြိမ်တွင် ထိုင်းအသင်းက ငါးကြိမ်ဖြင့် အအောင်မြင်ဆုံးဖြစ်နေပြီး စင်ကာပူအသင်းက လေးကြိမ်၊ ဗီယက်နမ်အသင်းက နှစ်ကြိမ်၊ မလေးရှားအသင်းက တစ်ကြိမ် ဗိုလ်စွဲထားသည်။ မြန်မာအသင်းမှာမူ အမြင့်ဆုံး ဆီမီးဖိုင်နယ်အဆင့်သို့ နှစ်ကြိမ်သာ တက်ရောက်ဖူးပြီး ၂၀၀၄ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တို့တွင် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

**ကိုညီလေး**

● **တိုက်စစ်မှူးမက်ဆီမှ**

ကစားသမားတချို့ကို ရောင်းချရဖို့ရှိနေတဲ့အတွက် စာချုပ်သစ်ချုပ်ဆိုမယ့်ကိစ္စ ပျက်ခဲ့ရတာ ဖြစ်ပါတယ်။

တိုက်စစ်မှူး မက်ဆီအနေနဲ့ ဘာစီလိုနာအသင်းနဲ့ စာချုပ်သက်တမ်း မကုန်ဆုံးမီက နည်းပြဟောင်း ဂွါဒီယိုလာနဲ့ တစ်ကျော့ပြန်လက်တွဲဖို့ မန်စီးတီးအသင်းဆီ ပြောင်းရွှေ့ကစားမယ်ဆိုတဲ့ သတင်းတွေ ထွက်ပေါ်ခဲ့တဲ့အပြင် မေဂျာလိဂ်ကို ပြောင်းရွှေ့ကစားဖို့လည်း ယခင်ကစီစဉ်ခဲ့တာဖြစ်ပါတယ်။

ယခုနှစ် ဇူလိုင် ၁၅ ရက်မှာ မက်ဆီအနေနဲ့ ယခင်ရရှိနေတဲ့ လုပ်ခလစာကို တစ်ဝက်လျှော့ယူပြီး ၂၀၂၆ ခုနှစ်အထိ ဆက်ကစားဖို့ သဘောတူညီခဲ့တာကြောင့် အသင်းပြောင်းရွှေ့ကစားမယ့် အစီအစဉ်ပျက်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဩဂုတ် ၆ ရက်မှာတော့ ဘာစီလိုနာအသင်းရဲ့ ဘဏ္ဍာရေးအခက်အခဲတွေကြောင့် တိုက်စစ်မှူး မက်ဆီကို စာချုပ်သစ်ချုပ်ဆိုပြီး အသင်းမှာ ဆက်ထားတော့မှာ မဟုတ်ကြောင်းနဲ့ အသင်းကနေ မက်ဆီ ထွက်ခွာတော့မှာဖြစ်ကြောင်း ဘာစီလိုနာအသင်းက ကြေညာခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူးမက်ဆီဟာ အသက် ၁၃ နှစ်အရွယ်ဖြစ်တဲ့ ၂၀၀၀ ခုနှစ်အတွင်းက အာဂျင်တီးနားကလပ် နယူးဝဲလ်အိုးလ်ဘွိုင်းစ်အသင်းကနေ ဘာစီလိုနာအသင်းဆီ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး ၂၀၀၄ ခုနှစ်မှာ ဘာစီလိုနာပထမအသင်းမှာ စတင်ပွဲထွက်ကစားခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး မက်ဆီဟာ ဘာစီလိုနာအသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၇၇၈ ပွဲပါဝင်ကစားပေးခဲ့ပြီး ချန်ပီယံလိဂ် သွင်းဂိုး ၁၂၀ အပါအဝင် သွင်းဂိုးစုစုပေါင်း ၆၇၂ ဂိုးအထိသွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။ မက်ဆီအနေနဲ့ ဘာစီလိုနာကစားသမားဘဝတစ်လျှောက်မှာ ကမ္ဘာ့အကောင်းဆုံးဘောလုံးကစားသမားကို ပေးအပ်ချီးမြှင့်တဲ့ ဘလွန်းဒီအောဆုကို ခြောက်ကြိမ်အထိ ဆွတ်ခူးနိုင်ခဲ့ပြီး ဘာစီလိုနာအသင်းအတွက် စပိန်လာလီဂါဖလား ၁၀ ကြိမ်၊ ချန်ပီယံလိဂ်ဖလားလေးကြိမ်၊ စပိန်ကိုပါဒယ်ရေးဖလားခုနစ်ကြိမ်၊ ယူအီးအက်ဖ်အေစူပါဖလားသုံးကြိမ်နဲ့ ကမ္ဘာ့ကလပ်အသင်းများဖလားသုံးကြိမ်တို့ကို ရယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

✽ **စာမျက်နှာ ၂၁ မှ**

**မာရ်နတ်သားကို အောင်မြင်တော်မူခြင်း**

ဘုရားလောင်းသည် ဗောဓိပင်ကို ကျောခိုင်း၍ အရှေ့ဘက်ကို မျက်နှာမူလျက် အပရာဇိတပလ္လင်ပေါ်၌ ထိုင်တော်မူပြီး ဘုရားမဖြစ်မချင်း ဤနေရာမှ မထတော့ဟူ၍ ဆုံးဖြတ်အဓိဋ္ဌာန်ပြုလေသည်။ ထိုအခါ၌ ဗြဟ္မာမင်းကလည်း ထီးတော်မိုးသည်။ ဘုရားလောင်းသည် အာနာပါနစျာန်ကို ဝင်စားတော်မူလေသည်။ သိကြားမင်းကလည်း တစ်ကြိမ်မှုတ်လျှင် လေးလကြာမျှ အသံမစဲသော အတောင် ၁၂၀ ရှိ "ဝိဇယုတ္တရ" မည်သော ခရုသင်းကိုမှုတ်သည်။ ပဥ္စသီခနတ်သားသည် ဗေဠုဝနတ်စောင်းကို တီးသည်။ သုယာမနတ်မင်းသည် သားမြီးယပ်ဖြင့်ခတ်သည်။

ကာဠနဂါးကလည်း နဂါးမကချေသည် အပေါင်းခြံရံလျက် ထောမနာပြုကြလေသည်။

အထူးထူးသော နတ်ဗြဟ္မာအပေါင်းတို့သည် ပူဇော်သက္ကာရပြုကြပါသည်။ ထိုအချိန်၌ ဝသဝတ္တီနတ်ပြည်မှ မာရ်နတ်မင်းသည် သူ့အစွမ်းရှိသမျှ လက်နက်မျိုးစုံကိုင်ဆောင်လျက် လက်ရုံးပေါင်းတစ်ထောင်ဖန်ဆင်း၍ ယူဇနာငါးဆယ်ရှိ "ဂိရိမေခလာ" ဆင်ကိုစီးပြီး ဆင်းလာသည်။ ထို့အပြင် လက်ဝဲလက်ယာ တစ်ဆယ့်နှစ်ယူဇနာကိုလည်းကောင်း၊ ကိုးယူဇနာကိုလည်းကောင်း၊ စကြဝဠာတစ်တိုင်းထိ လက်နက်မျိုးစုံ ကိုင်ဆောင်ပြီး နတ်စစ်သည်များခြံရံလျက် ပလ္လင်တော်ကို တိုက်ခိုက်လုယူရန် ကြိမ်းမောင်းဟစ်ကြွေး၍ မဟာဗောဓိပင်သို့ ချီတက်လာကြပါသည်။

ယင်းအချိန် ဘုရားလောင်းအနားတွင်ရှိသော နတ်ဗြဟ္မာအပေါင်းတို့သည် မာရ်နတ်သား၏ စစ်သည်များကိုကြောက်၍ ဖယ်ခွာသွားကြလေသည်။ ဘုရားလောင်းတစ်ပါးတည်းသာ ရှိပေသည်။ ဘုရားလောင်း၏တန်ခိုးအရှိန်ကြောင့် မာရ်နတ်သားတို့စစ်သည်အားလုံး မဟာဗောဓိပင်နားသို့ မကပ်နိုင်ဘဲ အထက်ဝန်းကျင်မှ ဝိုင်းပတ်နေကြပေသည်။ မာရ်နတ်သားသည် သူ့စစ်သည်တို့အား ဘုရားလောင်းကို မျက်နှာချင်းဆိုင်တိုက်၍ မရသောကြောင့် နောက်ကျောမှနေပြီး စစ်ထိုးကြရန် အမိန့်ပေးသည်။ ဘုရားလောင်းသည် သူ့နားတွင် နတ်များ တစ်ဦးတစ်ယောက်မျှ မရှိပေ။ သူ၏ဆွေမျိုးညီအစ်ကိုမောင်နှမများလည်း မရှိကြ၍ သူဖြည့်ဆည်းခဲ့သော ပါရမီတော်ကိုသာ အားကိုးသည်။ ဘုရားလောင်းသည် မာရ်နတ်သားအား သတ္တဝါများကို ကယ်တင်ရန်အတွက် ဤပလ္လင်တော်ကို လိုလားရခြင်းဖြစ်ပါသည်ဟု ပြောလိုက်ပါသည်။ ထို့အပြင် သူသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ဆည်းခဲ့ပါသည်။ ဘဝပေါင်းများစွာ ပါရမီတော်ကို ဖြည့်ဆည်းခဲ့၏။ ဘုရားလောင်းသည် သူဖြည့်ဆည်းခဲ့သော ပါရမီတော်ကြောင့် ဤမဟာပထဝီမြေသည် ယခုသူ့အား သက်သေအဖြစ်တုန်လှုပ်ပါဟု လက်ယာလက်ညှိုးဖြင့် ညွှန်ပြတော်မူလေသည်။

သို့ဖြစ်ပါ၍ မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါအောင်လည်ပြီး တုန်လှုပ်လေသည်။ မိုးခြိမ်းသံကဲ့သို့ ကြောက်ခမန်းလိလိ မြေကြီးသည် မြည်ဟည်းသည်။ ကောင်းကင်မှလည်း မီးကျီမိုးပမာ မီးဖွားများကို တဖွားဖွားရွာလေသည်။ မြေပြင်နှင့်ကောင်းကင်ကြားတွင် ရောက်ရှိသော မာရ်နတ်သားနှင့်တကွ မာရ်နတ်သားစစ်သည်တို့သည် ကြောက်လန့်၍ ထွက်ပြေးကြလေသည်။ ထိုသို့အားဖြင့် မာရ်နတ်သားကို အောင်မြင်လေသည်။ မာရ်နတ်ထွက်ပြေးကြသောအခါ နတ်ဗြဟ္မာတို့သည် ကောင်းချီးဩဘာပေး၍ ကြွေးကြော်စုရုံးလာကြပြီး ဘုရားလောင်းအား ပန်းနံ့သာတို့ဖြင့် ပူဇော်ကန်တော့ကြလေသည်။ ။

**(ဆရာကြည်၏ "ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း" စာအုပ်အား စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။)**

# လူရိုး

(၃၁-၇-၂၀၂၁ ရက်နေ့မှအဆက်)
သို့ရာတွင် မိမိတို့အင်္ဂလိပ်ထုံးစံအရ သေတမ်းစာတွင်ကျေးဇူးဆပ်ခဲ့သည်က သာ၍ကျေးဇူးလေးနက်ဂုဏ်ရှိသည်ဟုယူဆကာ သေတမ်းစာတွင် ထွေးမောင်အတွက် ထည့်ရေးထားလေ၏။

ရောဂါပျောက်ပြီးနောက် နှစ်နှစ်လောက်အကြာတွင် အမယ်ကြီးသည် ကြမ္မာဆိုးဝင်လာလေရကား မော်တော်ကားမှောက်၍ အနိစ္စရောက်ရှာလေ၏။

သေတမ်းစာကို ဆိုင်ရာရှေ့နေများက ရှိုကြည့်ရှုရာ မိမိပိုင်ငွေတစ်သိန်းနီးပါးတန် ပစ္စည်းတို့ကို ဝေဖန်ထုခွဲစီမံချက်အရပ်ရပ်တို့အနက် "ငွေငါးထောင်တိတိ ကြည့်မြင်တိုင် ပိတောက်တန်း အိမ်နံပါတ် ၂၈ နေ၊ ခာတ်မီးပြင်သမား သားသမီးသုံးယောက်နှင့် မောင်ထွေးမောင် - မလှတို့အားပေးရန်၊ ဤသို့ပေးသည်မှာ မိမိ၏ပြင်းထန်သောဝေဒနာကို ရှင်းရှင်းပျောက်အောင် ကုသပေး၍ မိမိ၏အသက်ကို ကယ်ဆယ်သောကျေးဇူးကို ဆပ်ခဲ့ခြင်းဖြစ်သည်" ဟု တွေ့ရှိကြရလေ၏။

ရှေ့နေသည် ထွေးမောင်လင်မယားကို မိမိ၏ရုံးခန်းသို့ခေါ်၍ သေတမ်းစာအကြောင်းကို ပြောပြရာ ထွေးမောင်တို့မှာ မယုံကြည် ကြောင်တောင်တောင် ဖြစ်နေကြလေ၏။

"မဟုတ်ပါဘူး၊ အမိန့်တော်ရမင်းရဲ့ တစ်ခုခုမှားပါလိမ့်မယ်၊ အဲဒီ အင်္ဂလိပ်မကြီးကိုလည်း မသိပါဘူး၊ တစ်ခါမှလည်း မတွေ့ဖူးပါဘူး၊ ဆေးကုပေးတယ်ဆိုတာလည်း မဟုတ်ရပါဘူး၊ ကျွန်တော် ဆေးအကြောင်းဆိုလို့ လျက်ဆားတောင် မဖော်တတ်ပါဘူး၊ လူမှားပါလိမ့်မယ်ခင်ဗျာ" ဟု ရိုးသားစွာ ငြင်းနေလေ၏။

"ဟာ-ဘယ်မှာ မှားရမလဲကွဲ့၊ ကြည့်မြင်တိုင် ပိတောက်တန်း အိမ်နံပါတ် ၂၈ ထွေးမောင် -မလှ၊ အားလုံးမှန်တယ် မဟုတ်လား"

"အဲဒါတော့မှန်ပါတယ်"

"ကလေးသုံးယောက်ဆိုတာကကော"

"ဒါလည်းမှန်တာပဲ"

"ခာတ်မီးပြင်တယ်ဆိုတာကော"

"ဒါလည်းမှန်တာပဲ၊ နို့ပေမဲ့ ဆေးကုတယ်ဆိုတာ ..."

"ဟော့-တော်၊ မင်းအရူးလား၊ အားလုံးမှန်နေမှပဲ၊ ဆေးကုတာကို မင်းရူးလို့ မေ့နေတာဖြစ်မှာပေါ့၊ တော်-မရှည်နဲ့၊ ငါ့မှာ အချိန်မရှိဘူး၊ ရော့-လက်မှတ်ထိုး၊ ရော့-ချက်ယူသွား၊ ဘဏ်မှာ ငွေငါးထောင် ထုတ်ယူချေ"

"ကျွန်..ကျွန် .. ကျွန်တော် မထုတ်တတ်ဘူးခင်ဗျ"

"ဟော့-ဘရွှေ လာစမ်း၊ ဒီလူကို ဘဏ်မှာ ငွေထုတ်ပေးလိုက်စမ်းကွယ်" ဟု မိမိစာရေးအားပြောလေ၏။

"ကျွန်တော်-ကျွန်တော်-မဟုတ်ရပါဘူးဗျာ၊ နောက်လွဲနေရင် အမှုတွေဘာတွေ ဖြစ်နေပါဦးမယ်"ဟု ထွေးမောင်သည် ထပ်၍လောလေရာ -

"ဟာ- တယ်ရှည်တဲ့ လူပါကလား၊ ကိုင်း-ဘရွှေ၊ မြန်မြန်ဆွဲခေါ်သွားစမ်းပါကွယ်၊ ငါ့မှာလည်း ဒီမှာ အလုပ်တွေရှုပ်နေလို့ပါ" ဟု ငေါက်လိုက်လေ၏။

ထွေးမောင်တို့ လင်မယားမှာ စိန်လက်စွပ်ဝတ်ရမလိုလို၊ မုန့်ဟင်းခါးစားရမလိုလို၊ အော်ငိုရမလိုလို၊ အော်ရယ်ရမလိုလို၊ ဟိုလိုလို သည်လိုလိုနှင့် ကြောင်တက်တက်ဖြစ်ကာ စကားမှ မပြောနိုင်ကြအောင်ရှိလေ၏။

မယ်လှသည် ငွေစက္ကူထုပ်ကြီးကို ရင်ခွင်တွင်ပိုက်ထားလိုက်၊ ခဏကြာလျှင် ဆန်အိုးထဲသို့ထည့်၍ အပေါ်က ကျောက်တုံးနှင့် ဖိထားလိုက်၊ ခဏကြာလျှင် စိတ်မလုံ၍ ခေါင်းရင်းဖျာအောက်တွင် ထိုးထားလိုက်နှင့် ဗျာများ၍ နေလေ၏။

စင်စစ်သော်ကား ထိုငွေရောက်လာမှုကြောင့် မစားနိုင် မသောက်နိုင်၊ ညအခါ၌လည်း မအိပ်နိုင်နှင့် ခမျာတို့မှာ ဒုက္ခကောင်းကောင်း ရောက်ရရှာလေ၏။

တစ်ရက်နှစ်ရက်ရှိသော် မိတ်ဆွေကောင်းများက ဘဏ်တွင်အပ်ထားပေးကြလေ၏။ ဘဏ်တွင်

> **ငွေရ၍ လေးငါးရက်အကြာတွင် ထွေးမောင် - မယ်လှတို့ လူစိတ်ရိုးရိုးသို့ ပြန်ရောက်ကြသော် လခစားအလုပ်မှထွက်ပြီးလျှင် လမ်းမတော်ပိုင်းတွင် တိုက်ခန်းငှား၍ ခာတ်မီးဆိုင်ရာဆိုင်တစ်ခု ဖွင့်လေ၏ ။ မကြာမီပင် ရိုးသားစွာလုပ်ခြင်း၊ ဝီရိယရှိခြင်းတို့ကြောင့် ဆိုင်အတန်ပင် ကြီးပွားလာ၍ ထွေးမောင်- မယ်လှတို့မှာ အနေအစား ချောင်ချိ ချမ်းချမ်းသာသာ ရှိကြလေ၏**

ထားသောအခါ၌လည်း မယ်လှမှာ စိတ်မအေးသေးချေ။ အရင်းအချာမဟုတ်၊ လူစိမ်းသက်သက်၊ ဘုမသိဘမသိ လူတွေဆီတွင် ငွေထားရသည်မှာ ပြန်မှပေးပါမည်လား၊ လိမ်ယူမည်လား စသည်ဖြင့် ပူရသေးသည်သာတည်း။

ထွေးမောင်သော်ကား ဘဏ်တွင်စိတ်ချ၏။ သို့ရာတွင် ဤငွေသည် လူမှား၍ ငါ့ကိုပေးခြင်းဖြစ်၏။ တစ်နေ့နေ့ လူမှန်ပေါ်လျှင် ငါခက်ရချေရဲ့ဟု တွေးတောကာ တစ်မျိုးအားဖြင့် မအေးရှိရလေ၏။

ငွေရ၍ လေးငါးရက်အကြာတွင် ထွေးမောင်-မယ်လှတို့ လူစိတ်ရိုးရိုးသို့ ပြန်ရောက်ကြသော် လခစားအလုပ်မှထွက်ပြီးလျှင် လမ်းမတော်ပိုင်းတွင် တိုက်ခန်းငှား၍ ခာတ်မီးဆိုင်ရာဆိုင်တစ်ခု ဖွင့်လေ၏။ မကြာမီပင် ရိုးသားစွာလုပ်ခြင်း၊ ဝီရိယရှိခြင်းတို့ကြောင့် ဆိုင်အတန်ပင် ကြီးပွားလာ၍ ထွေးမောင်-မယ်လှတို့မှာ အနေအစားချောင်ချိ ချမ်းချမ်းသာသာ ရှိကြလေ၏။

ကျွန်ုပ်တို့၏ လူလည်ကိုဘသာကြီးမှာလည်း အစိုးရ၏ ဧည့်သည်တော်အဖြစ်ဖြင့် သုံးနှစ်မျှ ခံစားစံစားပြီးမှ လူ့ပြည်ဘက်သို့ ထွက်ခဲ့ရပြန်လေ၏။

မှီခိုရာမဲ့သည်နှင့် မိမိ၏ငယ်သူငယ်ချင်းကျောင်းနေဖက်ထွေးမောင်တို့ အိမ်ဆီသို့ ခြေဦးလှည့်ခဲ့လေ၏၊ အိမ်နီးနားချင်းတို့က ထွေးမောင်တို့၏နေရာသစ်ဆိုင်သစ်ကို ညွှန်လိုက်မှ လိုက်ခဲ့ပြန်လေ၏။

"ဦးထွေးမောင်-လျှပ်စစ်ခာတ်မီးတိုက်"ဟူသောဆိုင်းဘုတ်နှင့် အတန်ခမ်းနားသောဆိုင်ကို မြင်ရလျှင် ချက်ချင်းမဝင်ဝံ့ဘဲ တွေ၍ငေးကြည့်နေ၏။ ထွေးမောင်သည် ဆိုင်တွင်းမှနေ၍ ထိုအဝတ်အစားအနွမ်းနှင့် စုတ်ချာချာလူကို အတန်ကြာစဉ်းစားကြည့်နေရာမှ ဘသာဖြစ်ကြောင်း သိသည်နှင့်

"ဟော့-ဘသာ မဟုတ်လား၊ လာပါလေအထဲကို။ ဒါ ငါ့ဆိုင်ပါပဲကွဲ့" ဟု ခေါ်ယူရလေ၏။

ရောက်မှ "အေး-ဘသာရယ်၊ မင့်အကြောင်း ငါသတင်းစာထဲဖတ်လိုက်ရတယ်၊ အခုသုံးနှစ်ပြည့်ပြီပေါ့နော် မင်းဘယ်လို..."

ဤသို့ ထွေးမောင်က မေးမြန်းပြောဆိုနေစဉ်အတွင်း ဘသာသည် နားထောင်ဟန်မရှိ၊ ဆိုင်အတွင်း ပတ်ပတ်လည်ထားပုံ၊ သိုပုံ၊ ကုန်စည်ကိရိယာများပြားပုံ၊ ကြီးကျယ်ပုံတို့ကို ဟိုလှည့်ကြည့်၊ သည်လှည့်ကြည့်နှင့် လုပ်နေလေ၏။ ပြီးမှ ထွေးမောင်မေးသည်တို့ကို မဖြေဘဲ

"နေပါဦး ထွေးမောင်ရယ်၊ ငါ့အကြောင်းတွေထားစမ်းပါဦး၊ မင်းအကြောင်းတွေကို ပြောစမ်းပါဦး၊ ဘယ်ပုံဘယ်နည်း ဒီအခြေရောက်လာတာလဲ၊ မင်းထီပေါက်သလား"

"အေး- တစ်နည်းတော့ ထီပေါက်တယ်ဆိုရမှာပဲ၊ ဒီလိုကွဲ့၊ အတော်ထူးတယ်၊ မနှစ်ကကွယ်၊ ဟိုစပတ်လမ်းက အင်္ဂလိပ်မကြီးတစ်ယောက်က ငါနဲ့လည်းမသိဘဲနဲ့ ကြည့်ပါဦးကွယ်၊ သူ့သေတမ်းစာထဲမှာ ငါ့ကိုငွေငါးထောင်ပေးပစ်ခဲ့တယ်"

"စပတ်လမ်းက အင်္ဂလိပ်မကြီး မဟုတ်လား"

"အေး...ဟုတ်တယ်"

"နာမည် ဘယ်သူတဲ့လဲ"

"ဟိုဒင်းကွယ် .. မစ္စစ်ဘာတန်-ဆို ထင်ပါရဲ့"

"အစစ်ပဲဗျ"ဆို၍ ဘသာ၏နား၊ မျက်စိတို့သည် ပွင့်ကျယ်၍ လာလေ၏။"

"နေပါဦး၊ အဲဒီမစ္စစ်ဘာတန်က ဘာပြုလို့ မင်းကို ငွေပေးခဲ့တယ်လို့ဆိုသလဲ"

"အဲဒါလည်း ထူးတာပဲ၊ ကြည့်ပါဦးကွယ်၊ သူ့မှာ အင်မတန်ပြင်းထန်တဲ့ အကိုက်ရောဂါကို ငါက ပျောက်အောင် ဆေးကုပေးခဲ့ဖူးလို့၊ အသက်သခင်မို့ တဲ့ကွယ်၊ ငါလည်း မကုရပါဘူး၊ သိလည်း မသိရပါဘူး"

"ဟယ် ဟုတ်ပဟယ် " ဆို၍ ဘသာသည် ထခုန်မိလေ၏။

"ဟေ-ဘာအရူးထတာလဲ၊ ဘာဟုတ်တာလဲ"ဟု ထွေးမောင်ကမေးမှ ဘသာသတိရ၍ အဖြစ်ကုန်ကို ပြောပြရလျှင် ထွေးမောင်၏နာမည်ကို မိမိအလွဲသုံးစားပြုခဲ့ပုံ၊ မိမိ၏ညစ်ပတ်စုတ်ပွဲသော အမူအကျင့်တွေ ပေါ်ကုန်မည်ကိုစိုးသည်နှင့် "ဟာ-ငါက အားရလို့ပါကွယ် အေးဟုတ်သကွယ်၊ မင်းတော့ကော်တာပဲ" ဟု မချိသွားဖြဲနှင့် ရောနှော၍ ချလိုက်ရလေ၏။

## ဦးဖိုးကျား

ထွေးမောင်။ ။ "ငွေပေးခဲ့တာတော့ ဟုတ်ပါရဲ့၊ လူမှားတာနဲ့တူတယ်ကွဲ့၊ ဆေးကုတာ ငါမဟုတ်ဘူးဆိုတာ ငါသိတာပေါ့ကွဲ့၊ ဒီတော့ တစ်နေ့နေ့ လူမှန်ပေါ်လိမ့်မယ်၊ ပေါ်ရင် ငွေကိုပြန်ပေးရတာ ကိစ္စမရှိဘူး၊ မရိုးမဖြောင့်လိမ်လည်တယ်ဆိုပြီး အမှုရောက်မှာ ငါအင်မတန်ရှက်တယ်၊ ဒါကြောင့်လည်း စိတ်တယ်မအေးဘူးကွဲ့"

ဘသာ။ ။ "စိတ်အေးတော့ သူငယ်ချင်း၊ စိတ်အေးတော့၊ ဘယ်တော့မှ လူမှန်မပေါ်တော့ဘူး၊ ငါ့ကိုယုံပါကွယ်၊ ငါအာမခံပါ့မယ်"

"ဟာ-မင်းကကြားထဲက အာမဝင်ခံရုံနဲ့ ပြီးပါ့မလားကွဲ့၊ မင်းကလည်း မဖြစ်နိုင်တာပဲ"

"ဟော့- ဖြစ်နိုင်လို့ ငါပြောတာ၊ စိတ်အေးအေးနေပေတော့" ဆို၍ ဘသာသည်ထကာ ထွေးမောင်၏ပခုံးကိုကိုင်၍ စိတ်ပါလက်ပါ မျက်နှာကိုကြည့်ပြီးလျှင်

"အင်း-ငါ့သူငယ်ချင်း လူရိုးကြီး၊ လူသူတော်ကောင်းကြီး၊ရထိုက်လို့ရတာ၊သူတော်ကောင်းဆီကို ထိုက်တဲ့ဥစ္စာရောက်လာတာလို့ မှတ်ပေတော့၊ အင်း- လူရိုးလူကောင်းများ တယ်ဟုတ်ပါကလား၊ အေး- မင်းလိုလူမျိုးနဲ့ သူငယ်ချင်းတော်ရတာ ငါတော့ ဂုဏ်တက်ပါတယ်၊ အေး-အေး .. ချမ်းသာကြပါစေကွယ်၊ ငါသွားတော့မယ်နော် သူငယ်ချင်း" ဆို၍ မျက်ရည်လည်ကာ လှည့်၍ထွက်ခဲ့လေ၏။

ထွေးမောင်သည် အတန်ကြာ အံ့အားသင့်နေပြီးမှ ထွက်၍လိုက်ဆွဲကာ ခေါ်သွင်းခဲ့ပြီးလျှင် "မင်း ဘယ်သွားမလဲ"ဟု မေးလေ၏။

ဘသာသည် မျက်နှာကိုမကြည့်ဘဲ "ငါ့မှာ သွားစရာ ဘယ်မှာမှမရှိတော့ဘူး၊ ငါတော့ လူဖြစ်ရှုံးပြီ၊ ရောက်ချင်ရာရောက် သွားတော့မှာပဲ"ဟု ဝမ်းနည်းစွာဖြင့် ပြောလေ၍

"မင်းဘယ်မှ မသွားရဘူး၊ ငါ့ဆီမှာနေ၊ ငါကျွေးမွေးထားနိုင်တယ်၊ ငါ့ဆိုင်မှာလည်း အလုပ်တွေပြည့်လို့၊ အဲ-မင်းတစ်ခုတော့ ကတိပေးရမယ်"

"ဘာကတိလဲ"

"ရှေးက လုပ်ဖူးတဲ့ မကောင်းတဲ့အမူအကျင့်တွေ အကုန်ဖျောက်ပြီး ရိုးရိုးသားသား လုပ်ကိုင်စားပါ့မယ်ဆိုတဲ့ ကတိပေးရမယ်"

"အဲဒီ ကတိကတော့ မင်းတောင်းဖို့ မလိုတော့ဘူး၊ ထောင်ကလွတ်လွတ်ချင်း ရွှေတိဂုံဘုရားကို အရင်ဆုံးသွားပြီး ဒီအမူအကျင့်တွေ စွန့်ပစ်ပါပြီလို့ သစ္စာပြုခဲ့ပြီးပြီကွဲ့" ဟု ပြန်၍ပြောပြလေ၏။

မကြာမီ ဘသာ၏ မယားဟောင်းသည်လည်း ဆိုင်သို့ ရောက်လာကာ ဘသာတို့ လင်မယားသည် ထွေးမောင်၏ဆိုင်တွင် အားကိုးအားထားပြုရသော လက်ထောက်များဖြစ်နေသည်ကို တွေ့ရလေသတည်း။

ဘသာနှင့် ထွေးမောင်တို့မှာ ရန်ကုန်မြို့ မြို့မ အမျိုးသားကျောင်းထွက်များ ဖြစ်ကြ၏၊ ယခု ကျောင်းသစ်ကြီးမရှိသေးမီ ဂျူဘလီရုံနား၌ ဓနိတဲကျောင်းနှင့် ရှိစဉ်က နေဖူးကြသော ကျောင်းသားဟောင်းများဖြစ်ကြ၏၊ ထိုသူများအကြောင်းကို ကြားသိရသဖြင့် မှတ်သားထိုက်သူများဖြစ်သည်နှင့် ရေးသားဖော်ပြလိုက်ရပေသတည်း။ ။

# အသက်ရှူလေ့ကျင့်ခန်း များများလုပ်ပေးပါ

ကိုရေချမ်း

ကျွန်တော်တို့ငယ်စဉ်က ကျောင်းအားလပ်ရက်တိုင်း သူငယ်ချင်းတစ်သိုက် ဘောလုံးကန်ကြသည်။ ဘောလုံးကန်ကောင်းကြသဖြင့်ကျောင်းလက်ရွေးစင်များဖြစ်လာကြသည်။ ကျွန်တော်တို့အုပ်စုတွင် ဖိုးဇော်သည် ဘောလုံးတွင် အကောင်းဆုံးဖြစ်၍ အသင်းခေါင်းဆောင်ဖြစ်ခဲ့သည်။ ကျောင်းချင်းချိန်းကန်ပွဲ၊ ရပ်ကွက်ချင်း ချိန်းကန်ပွဲတွင် ဖိုးဇော်သည် အားအကိုးရဆုံး တိုက်စစ်မှူးဖြစ်သည်။ သူမပါလျှင် ပွဲမပြီး။ ပွဲများစွာ အနိုင်ရခဲ့သည်။ တစ်နာရီခွဲခန့်အချိန်ကြာကန်သည့် ဘောလုံးပွဲတိုင်းတွင် ဖိုးဇော်သည် မနားတမ်းတစ်ကွင်းလုံး ပတ်ကန်နိုင်ခဲ့သည်။ ဖိုးဇော်၏ ကစားကွက်နှင့် သက်လုံကောင်းပုံမှာ အံ့မခန်းဖွယ်ဖြစ်သည်။

ကျွန်တော် အထက်တန်း၊ တက္ကသိုလ်ကျောင်းပြီးသွားသောအခါ ဖိုးဇော်နှင့် အဆက်ပြတ်သွားခဲ့သည်။ ကျွန်တော်တို့ ဝါသနာပါခဲ့သော ဘောလုံးကစားခြင်းမှာ ပျောက်ကွယ်သွားခဲ့သည်။ ကျောင်းနေစဉ်ကာလက အပတ်စဉ်ပုံမှန်ဘောလုံးကစားခဲ့ကြသည့် သူငယ်ချင်းအပေါင်းအသင်းများသည် အသက်အရွယ်လည်း ငယ်ရွယ်၊ ကျန်းမာရေးလည်း လိုက်စားကြသဖြင့် ကျန်းမာလန်းဖြာကြသည်။ ကျောင်းပြီးဆုံးသွားပြီးနောက် လုပ်ငန်းခွင်သို့ ကိုယ်စီကိုယ်စီ ဝင်ရောက်သွားကြသောအခါ ကျွန်တော်ကိုယ်တိုင် ဝါသနာပါရာ အားကစားတစ်မျိုးမျိုးနှင့် အဆက်ပြတ်သွားခဲ့သည်။ ကျွန်တော့်သူငယ်ချင်းများလည်း ထိုနည်းလည်းကောင်းပင်ဖြစ်သည်။ ငယ်ရွယ်စဉ်ကျောင်းသားဘဝက ပညာသင်ကြားကြ၊ ဘောလုံးကန်ကြ၊ အခြားဝါသနာပါရာ တစ်ခုခုလိုက်စားကြနှင့် ပျော်ရွှင်ဖွယ်ရာအတိဖြစ်ခဲ့သည်။

**အားကစားလုပ်**

နိုင်ငံ့ဝန်ထမ်းလုပ်ငန်းခွင်သို့ ဝင်ရောက်ပြီးနောက် အသက် ၃၀ ကျော် ၄၀ ခန့်အရွယ်တွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)သို့ လုပ်ငန်းခွင်အရာရှိသင်တန်း သုံးလခွဲတက်ခဲ့ရသည်။ သင်တန်းသားများ စုံညီချိန်တွင် ကျွန်တော်တို့ ဖေယျသင်တန်းအပတ်စဉ်(၁၅၆)၌ ဖိုးဇော်ကို မမျှော်လင့်ဘဲ ပြန်လည်ဆုံတွေ့ခဲ့ရသည်။ ကျွန်တော်က ဌာနတစ်ခုတွင် အရာရှိ၊ ဖိုးဇော်ကလည်း အခြားဌာနတစ်ခုတွင် အရာရှိဖြစ်ပြီး ဖောင်ကြီးသင်တန်းတွင် ဆုံစည်းခဲ့ရသည်။ ငယ်သူငယ်ချင်းနှင့် သင်တန်းတွင် ပြန်လည်ဆုံတွေ့ရ၍ ဝမ်းသာမဆုံးဖြစ်ခဲ့သည်။ ဖောင်ကြီးတွင် သင်တန်းအားလပ်ချိန်၌ သင်တန်းသားများ နှစ်သက်ရာ အားကစားတစ်မျိုးမျိုး ပြုလုပ်ကြသည်။

သင်တန်းသား အမျိုးသားများက ဘောလုံးကန်ကြသည်။ ကျောင်းသားဘဝက တစ်သင်းတည်းကစားခဲ့သော ဖိုးဇော်သည် ယခု ဝန်ထမ်းသင်တန်းသားဘဝတွင် တစ်ဖက်အသင်းကနေ ယှဉ်ပြိုင်ကစားခဲ့သည်။ ဖိုးဇော်၏ ခြေရည်ကို သိသော ကျွန်တော်သည် ဖိုးဇော်တို့အသင်းကို သေချာပေါက်ရှုံးမည်ဟု တွက်ဆထားခဲ့သည်။



လက်တွေ့ယှဉ်ပြိုင်ကစားသောအခါ ဖိုးဇော်တို့အသင်းကို ကျွန်တော်တို့အသင်းက အနိုင်ရခဲ့သည်။ ပြိုင်ပွဲတွင် ဖိုးဇော်၏ကစားကွက်များမှာ ငယ်စဉ်က ကဲ့သို့မဟုတ်တော့ပေ။ ဖိုးဇော်သည် တစ်ကွင်းလုံးပတ်ကာ ခြေစွမ်းမပြနိုင်တော့ပေ။ ပြေးလိုက်၊ နားလိုက်နှင့် နောက်တန်းတွင် ကျန်ခဲ့သည်။ နောက်တန်းနေသော်လည်း ကျွန်တော်တို့အသင်းမှ တိုက်စစ်မှူးနောက်သို့ အမီလိုက်ကာကွယ်တိုက်ဖျက်နိုင်စွမ်းမရှိသည်ကို သတိပြုမိသည်။

ဘောလုံးပြိုင်ပွဲပြီးသောအခါ ဖိုးဇော်အား ကျွန်တော်က "သူငယ်ချင်း ဘယ်လိုဖြစ်တာလဲ၊ ငယ်ငယ်က မင်းခြေကို ဘယ်လိုမှမမီနိုင်ဘဲ အမြဲအနိုင်ရခဲ့တာ၊ အခု မင်းခြေတွေ အတော်ကျသွားပါလား"ဟု မေးကြည့်ရာ ဖိုးဇော်က "အေး . . . ငါ အရင်လို မကန်နိုင်တော့ဘူးကွ၊ ဝါသနာပါလွန်းလို့သာ ဝင်ကန်ရတာ၊ ကွင်းတစ်ပတ်မပြောနဲ့ ဘောလုံးနောက်ကို နည်းနည်းလိုက်တာနဲ့ မောနေတာ"ဟု ပြောပြသည်။ ထိုအခါ ကျွန်တော်က "ဇေန္တ မင်းဆေးလိပ်သောက်တယ်နဲ့တူတယ်" ဟု မေးကြည့်သည်။ "အေး ဟုတ်တယ်၊ ငါတို့ ကျောင်းပြီးသွားလို့ လုပ်ငန်းခွင်ထဲရောက်ကတည်းက ငါဆေးလိပ်သောက်တယ်။ အရက်သောက်တယ်။ အခုဆို ဆေးလိပ်နဲ့ အရက်သောက်လာတာ ၁၀ နှစ်၊ ၁၅ နှစ်လောက်တောင်ရှိနေပြီ"ဟု ဖိုးဇော်က ဆိုသည်။ "သြော် ဒါ့ကြောင့် ဘောလုံးမကန်နိုင်တော့တာကိုး၊ ဆေးလိပ်နဲ့ အရက်ဖြတ်လိုက်ပါ သူငယ်ချင်းရာ" ဟုသာ ကျွန်တော်ပြောနိုင်ခဲ့ပြီး သင်တန်းဆင်းသောအခါ ကျွန်တော်တို့သူငယ်ချင်းနှစ်ယောက် ပြန်လည်ကွဲကွာသွားခဲ့သည်။

**အရေးကြီးအဆုတ်**

ယမန်နေ့က နာရေးသတင်းတစ်ပုဒ်တွင် ကျွန်တော်၏သူငယ်ချင်း ဖိုးဇော်၏နာမည်ကို တွေ့လိုက်ရသည်။ အံ့သြခြင်း၊ စိတ်မကောင်းခြင်း၊ ဝမ်းနည်းခြင်းများစွာဖြစ်ရသည်။ ကိုဗစ်ကာလဖြစ်၍ သူငယ်ချင်း၏ နောက်ဆုံးခရီးကို လိုက်ပါပို့ဆောင်ခြင်းလည်း မပြုနိုင်ပေ။ နောက်မှ သူငယ်ချင်းအချင်းချင်းအား ကိုဗစ်လား၊ ဘာလား ဘာရောဂါနှင့် ဆုံးတာလဲဟု မေးမြန်းကြည့်ရာ ကိုဗစ်လား၊ ဘာလားတော့မသိ၊ အဆုတ်ပျက်စီးပြီးဆုံးတာဟု သိရသည်။ လုပ်ငန်းခွင်ဝင်ကတည်းက ဆေးလိပ်သောက်ခဲ့သောသူငယ်ချင်းသည် လုပ်ငန်းခွင်မပြီးဆုံးသေးမီပင် အကြွေစောခဲ့သည်။ ဘောလုံးကန်ထူးချွန်သူ သူငယ်ချင်းသည် ဆေးလိပ်တန်ခိုးဖြင့် ဘောလုံးလောကကို အရှုံးပေးခဲ့သည်။ သေချာသည်မှာ ဆေးလိပ်တန်ခိုးဖြင့်ပင် အဆုတ်ပျက်စီးပြီး ဘဝခရီးကို စောစီးစွာ အဆုံးသတ်ခဲ့သည်။ အဆုတ်သည် လူ့ဘဝသက်တမ်းစေ့နေနိုင်ရေးအတွက် အရေးအကြီးဆုံး ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုဖြစ်သည်ကို သိလိုက်ရသည်။

ယနေ့ ကိုဗစ်ဖြစ်ပွားနေသော ကာလတွင် မြန်မာနိုင်ငံရှိ မိဘပြည်သူများကြား၌ အောက်ဆီဂျင်ကျ၍ အောက်ဆီဂျင် ရှာဖွေရယူနေကြသည့် မြင်ကွင်းများကို နေ့စဉ်မြင်တွေ့နေရသည်။ စိတ်မချမ်းမြေ့စရာ မြင်ကွင်းများပင်ဖြစ်သည်။ ယခုအချိန်အခါ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် သေဆုံးမှုများ ဖြစ်ပွားလျက်ရှိရာ အများစုမှာ အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ပျက်စီးမှုကြောင့် အောက်ဆီဂျင်ကျပြီး သေဆုံးမှုများ အဖြစ်များသည်ကို တွေ့ရသည်။

အဆုတ်၊ နှလုံး၊ ဆီးချို၊ သွေးတိုးရောဂါအခံရှိသူများ သေဆုံးနှုန်း ပိုများကြသည်။ အဆုတ်အားမကောင်း၊ အဆုတ်ပျက်စီးလျှင် ကိုဗစ်က လွယ်လွယ်ကူကူတိုက်ခိုက်ဖျက်ဆီးနိုင်ပြီး အဆုတ်အားကောင်း၊ အဆုတ်ကျန်းမာလျှင် ကိုဗစ်ကို လွယ်လွယ်ကူကူ ခုခံတွန်းလှန်နိုင်မည်ဖြစ်သည်။ ကျွန်တော့်သူငယ်ချင်း ဖိုးဇော်သည် အဆုတ်ပျက်စီးသောကြောင့် ကိုဗစ်က လွယ်လွယ်ကူကူဖျက်ဆီးနိုင်ပြီး ဘဝကို စောစောစီးစီး အရှုံးပေးခဲ့ရသည်။ ကိုဗစ်ဖြစ်စေ၊ အခြားရောဂါဖြစ်စေ အဆုတ်သည် အသက်ရှင်သန်ရေးအတွက် အဓိကကျသော ကိုယ်အင်္ဂါအစိတ်အပိုင်းဖြစ်၍ အဆုတ်ပျက်စီးစေမည့်၊ အဆုတ်ကိုထိခိုက်စေမည့် အနေအထားများ၊ ဆေးလိပ်သောက်မှုများအား သတိမူရှောင်ရှားရမည်ဖြစ်သည်။

**အောက်ဆီဂျင်**

ယနေ့အခါတွင် မိဘပြည်သူများ အဆုတ်အားနည်းသောကြောင့် အောက်ဆီဂျင်ရှူနေကြသည်တို့နှင့် ပတ်သက်၍ မေ့ဆေးဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာခင်မောင်ထွေး၏ အကြံပြုချက်ကို မျှဝေလိုပါသည်။

"လေထဲမှာရှိတဲ့ အောက်ဆီဂျင် ၂၀-၂၁ ရာခိုင်နှုန်းဟာ လုံလောက်တာထက် ပိုတယ်ဆိုတာကို ထပ်မံအတည်ပြု ပြောချင်ပါတယ်။ ဒါပေမဲ့ ကိုဗစ်မှာ ဘာကြောင့် အောက်ဆီဂျင်အပိုကို သုံးနေကြရလဲ ဆိုတဲ့မေးခွန်း မေးစရာရှိပါတယ်။ ရှင်းပြပါ့မယ်။ လူ့ကိုယ်ခန္ဓာရဲ့အဆုတ်မှာ လေအိတ် **(alvilia)** လေးတွေ ခုနစ်မီလီယံလောက်ရှိပါတယ်။ ဒီလေအိတ်တွေကို ဖြန့်လိုက်ရင် အလျား ၇၀ မီတာ၊ အနံ ၇၀ မီတာလောက် ကျယ်ပါတယ်။ ဒီလေအိတ်လေးတွေကို သေးငယ်တဲ့လေပြွန် **(bronchioles)** လေးတွေနဲ့ စပျစ်ခိုင်လို ဆက်သွယ်ထားပါတယ်။ ထိုလေအိတ်ပတ်ဝန်းကျင်မှာက သေးငယ်တဲ့ ဆံခြည်မျှင်သွေးကြောလေးတွေနဲ့ ဝန်းရံထားပါတယ်။ ကိုယ်ခန္ဓာက လိုအပ်တဲ့အောက်ဆီဂျင်ကို အဲဒီနေရာကနေ ကိုယ်ခန္ဓာထဲ ပို့ရပါတယ်။

"ကိုဗစ်ဖြစ်သူတွေရဲ့ ပြဿနာက.... အဲဒီနေရာမှာပါ။ ဆံခြည်မျှင်သွေးကြောလေးတွေပိတ်တယ်။ လေအိတ်ပြွန်ငယ်လေးတွေ ချွဲနဲ့ပိတ်တယ်။ ပိတ်တဲ့အရွယ်အစားပေါ် မူတည်ပြီး လေအဝင်အထွက်၊ အောက်ဆီဂျင် ကိုယ်ထဲရောက်တဲ့ ပမာဏကွာကြပါတယ်။ အောက်ဆီဂျင်ကျတယ် ဆိုတာ ပိတ်တဲ့ပမာဏများလို့ပါ။ အောက်ဆီဂျင်ရှူလိုက်ခြင်းအားဖြင့် ကျန်နေတဲ့လေအိတ်နည်းနည်းလေးထဲမှာရှိတဲ့ အောက်ဆီဂျင် ၂၀ ရာခိုင်နှုန်းကို မြှင့်ပေးလိုက်တာပါ။ အဲဒါဟာ ခဏတာပဲကောင်းပါတယ်။ ရက်ပိုင်းလေးပါ။ အောက်ဆီဂျင်ကိုယ်နှိုက်က ကြာကြာရှူရင် လေအိတ်လေးတွေ ပြန်ဖောင်းလာအောင်လုပ်ပေးတဲ့ **surfactant** လို့ခေါ်တဲ့ ဓာတ်တစ်မျိုးကို ယုတ်လျော့စေပါတယ်။ ဒါကြောင့် အောက်ဆီဂျင်ကို ဘိန်းရှူသလို တစ်ပတ်၊ နှစ်ပတ်ရှူနေရင် ကျန်နေတဲ့ လေအိတ်လေးတွေပါ ပိတ်ကုန်ပြီး လူသေတဲ့အထိ ဖြစ်လာပါလိမ့်မယ်။ တချို့ဆို သုံး၊လေးရက်အတွင်း သေကြရပါတယ်။

**ဆေးလိပ်ရှောင်**

"ဒါ့ကြောင့် လေအိတ်ပြန်ဖွင့်ပေးမယ့် အသက်ရှူလေ့ကျင့်ခန်းကို (မဖြစ်မနေ) ကျန်တဲ့လေအိတ်လေးတွေ မပိတ်ခင် ထိထိရောက်ရောက် လုပ်ကိုလုပ်ရပါမယ်။ နေကောင်းနေစဉ်ကတည်းက လေ့ကျင့်နေရင် တကယ်လက်တွေ့ရောဂါရတော့ ဆက်လုပ်နိုင်တာပေါ့။ ကိုယ်တို့ပြည်သူပြည်သားတွေ ကိုဗစ်ကိုနိုင်အောင် တိုက်နိုင်ကြပါစေ...။

ဖြည့်စွက်ချက်... Google မှာ Breathing Exercises for Covid Patient ဆိုပြီး ရိုက်ရှာပါ။ အသက်ရှူလေ့ကျင့်ခန်းတွေ အများကြီးတွေ့ရပါမယ်။ ဖွင့်ပြီး ကိုယ်တိုင်လိုက်လုပ်ကြပါ။ ဆေး၊ အောက်ဆီဂျင်တို့ကိုသာ အားကိုးမနေကြပါနဲ့....။ လှံ့လလည်း ထူ၊ ဉာဏ်လည်းကူ၊ နွားချေးလည်းချ၊ ငါလည်းမ ...တဲ့။ ကိုယ့်အားကိုယ်ကိုး အင်အားမစိုက် မလုပ်ချင် မကိုင်ချင်ရင်တော့ ကိုယ်ပဲနစ်နာဆုံးရှုံးရမှာပါ" ဟူသည့် ဆရာဝန်ကြီး၏ အဆုတ်နှင့်ပတ်သက်သည့် သတိပေးစကားမှာ မှတ်သားစရာဖြစ်သည်။

ယနေ့အချိန်ကာလတွင် အဆုတ်အားနည်းသောသူများ ကိုဗစ် လွယ်လွယ်ကူကူ ကူးစက်ခံရနိုင်သည်။ ကိုဗစ်ရောဂါ ကူးစက်ခံရသောအခါ အဆုတ်ပျက်စီးပြီး သေဆုံးနိုင်သည်။ ရောဂါတစ်ခုခုကို အကြောင်းပြု၍ အောက်ဆီဂျင်ကိုသာ အားကိုးနေ၍မဖြစ်ပေ။ အောက်ဆီဂျင်သည် အထူးကြပ်မတ်လူနာများအတွက် လိုအပ်ချက်ဖြစ်သည်။ ကျွန်တော်တို့ပြည်သူတွေ အသက်ဝဝရှူနိုင်အောင်၊ လူ့သက်တမ်းအပြည့်အဝနေနိုင်အောင် ကျန်းမာရေးကို ဂရုစိုက်ကြရမည်။ အဓိကကျသည့် အဆုတ်ကျန်းမာရေးကို အလေးပေးကြရပါမည်။ ကျွန်တော့်သူငယ်ချင်းဖိုးဇော်လို လူ့သက်တမ်းမတိုအောင် ဆေးလိပ်သောက်ခြင်းကို ရှောင်ကြဉ်ကြရပါမည်။ အသက်ရှူလေ့ကျင့်ခန်းများများလုပ်ပေးပါဟု အကြံပြုတိုက်တွန်းချင်ပါသည်။ ။

**အဆုတ်အားနည်းသောသူများ ကိုဗစ် လွယ်လွယ်ကူကူ ကူးစက်ခံရနိုင်သည်။ ကိုဗစ်ရောဂါ ကူးစက်ခံရသောအခါ အဆုတ်ပျက်စီးပြီး သေဆုံးနိုင်သည်။ ကျွန်တော်တို့ပြည်သူတွေ အသက်ဝဝရှူနိုင်အောင်၊ လူ့သက်တမ်းအပြည့်အဝနေနိုင်အောင် ကျန်းမာရေးကို ဂရုစိုက်ကြရမည်။ အဓိကကျသည့် အဆုတ်ကျန်းမာရေးကို အလေးပေးကြရပါမည်။ လူ့သက်တမ်းမတိုအောင် ဆေးလိပ်သောက်ခြင်းကို ရှောင်ကြဉ်ကြရပါမည်။ အသက်ရှူလေ့ကျင့်ခန်းများများလုပ်ပေးပါ**




Myanmar Digital News နဲ့ နေ့စဉ်သတင်းတွေ ရယူဖတ်ရှုလိုက်ပါ....




- အွန်လိုင်းကနေ အမြို့မြို့အနယ်နယ်က သတင်းတွေကို မှန်မှန်နဲ့ မြန်မြန် ဖတ်ရှုချင်သလား။ မြန်မာ့အလင်း၊ ကြေးမုံနဲ့ The Global New Light of Myanmar သတင်းစာတွေကို Online ပေါ်မှာပဲ ဖတ်ချင်သလား၊ Download ဆွဲပြီး Offline နဲ့ပဲ ဖတ်ချင်သလား။
- Myanmar Digital News အမည်နဲ့ Mobile Application ကို Android, IOS တို့နဲ့လည်း အလွယ်တကူ ရယူဖတ်ရှုနိုင်ပါပြီ။
- အင်္ဂလိပ်ဘာသာနဲ့ ဖတ်ရှုချင်သူတွေအတွက်လည်း English Version နဲ့ ဖတ်ရှုနိုင်ပါပြီ။
- လွယ်ကူမြန်ဆန်စွာ ဖတ်ရှုချင်သူတွေအတွက် Myanmar Digital News မှာ အခုပဲ ဝင်ရောက်ဖတ်ရှုလိုက်ပါ။
- ၂၀၁၇ ခုနှစ်မှ ယနေ့အထိ ထုတ်ဝေခဲ့တဲ့ မြန်မာ့အလင်း၊ ကြေးမုံနဲ့ The Global New Light of Myanmar သတင်းစာများကို ရက်စွဲအလိုက် ရှာဖွေဖတ်ရှုနိုင်ပါပြီ။




## ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန
## သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီးတွင် လူနာများအား ကုသရန်အတွက် လိုအပ်သော FDA အသိအမှတ်ပြု Tablet, Injection, Liquid, Powder, Ordinance, Lab Reagents and Consumable for Speciality of GI & Uro Surgical ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ တရားဝင်အသိအမှတ်ပြုလိုင်စင်ရ ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါပေးသွင်းကြရန် ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ

| | | |
|---|---|---|
| စတင်ရောင်းချမည့်ရက် | - | ၉-၈-၂၀၂၂ရက် (တနင်္လာနေ့) |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - | ၂၃-၈-၂၀၂၂ရက် (တနင်္လာနေ့) ညနေ (၄:၀၀) နာရီ |

၃။ အိတ်ဖွင့်တင်ဒါနှင့် သက်ဆိုင်သည့် အချက်အလက်များကို အသေးစိတ် သိရှိလိုပါက ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးခန်းတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီး**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၅၇၉၈၉၀**







# သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး
# သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နယ်စပ်ရေးရာဝန်ကြီးဌာန
## ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန
## နည်းပြ/သရုပ်ပြရာထူးလျှောက်လွှာခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ စစ်ကိုင်းနှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် ရန်ကုန်၊ စစ်ကိုင်းတို့တွင် အောက်ပါဘာသာရပ်များအတွက် နည်းပြ/ သရုပ်ပြ (လစာနှုန်း ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူးများ လစ်လပ်လျက်ရှိပါသဖြင့် လျှောက်ထားလိုသူများသည် လျှောက်လွှာများကို နယ်စပ်ရေးရာဝန်ကြီးဌာန Website Page ဖြစ်သော **www.moba.gov.mm** တွင် ဖော်ပြထားသည့် လျှောက်လွှာပုံစံအား Download ရယူပြီး ၁၇-၈-၂၀၂၂ ရက်နေ့ နောက်ဆုံးထား၍ မိမိတာဝန်ထမ်းဆောင်လိုသော သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များသို့ Online မှ ပေးပို့လျှောက်ထားနိုင်ကြပါသည်-

| စဉ် | တက္ကသိုလ်/ ဒီဂရီကောလိပ်များ | လျှောက်ထားနိုင်သည့်ဘာသာရပ်များ |
|---|---|---|
| ၁။ | ဖွံ့ဖြိုးရေးတက္ကသိုလ်၊ စစ်ကိုင်း | ၁။ မြန်မာစာ ၂ နေရာ ၂။ အင်္ဂလိပ်စာ ၂ နေရာ ၃။ သင်္ချာ ၂ နေရာ ၄။ သမိုင်း ၁ နေရာ ၅။ ပထဝီဝင် ၂ နေရာ ၆။ ဓာတုဗေဒ ၁ နေရာ ၇။ ဇီဝဗေဒ ၁ နေရာ ၈။ စီးပွားရေးပညာ ၂ နေရာ ၉။ စာရိတ္တပညာ ၂ နေရာ ၁၀။ ကွန်ပျူတာသိပ္ပံ ၁ နေရာ |
| ၂။ | ဒီဂရီကောလိပ်၊ ရန်ကုန် | ၁။ မြန်မာစာ ၂ နေရာ ၂။ အင်္ဂလိပ်စာ ၂ နေရာ ၃။ သင်္ချာ ၂ နေရာ ၄။ သမိုင်း ၂ နေရာ ၅။ ပထဝီဝင် ၁ နေရာ ၆။ ဓာတုဗေဒ ၁ နေရာ ၇။ ရူပဗေဒ ၂ နေရာ ၈။ စီးပွားရေးပညာ ၁ နေရာ ၉။ ကွန်ပျူတာသိပ္ပံ ၁ နေရာ ၁၀။ တိုင်းရင်းသားရေးရာ ၁ နေရာ ၁၁။ မြို့ပြအင်ဂျင်နီယာ ၃ နေရာ ၁၂။ လျှပ်စစ်စွမ်းအား ၁ နေရာ ၁၃။ စက်မှုအင်ဂျင်နီယာ ၁ နေရာ |
| ၃။ | ဒီဂရီကောလိပ်၊ စစ်ကိုင်း | ၁။ မြန်မာစာ ၂ နေရာ ၂။ အင်္ဂလိပ်စာ ၅ နေရာ ၃။ သင်္ချာ ၃ နေရာ ၄။ သမိုင်း ၃ နေရာ ၅။ ပထဝီဝင် ၃ နေရာ ၆။ ဓာတုဗေဒ ၄ နေရာ ၇။ ရူပဗေဒ ၃ နေရာ ၈။ စီးပွားရေးပညာ ၁ နေရာ ၉။ စိတ်ပညာ ၂ နေရာ ၁၀။ ကွန်ပျူတာသိပ္ပံ ၅ နေရာ ၁၁။ မြို့ပြအင်ဂျင်နီယာ ၂ နေရာ ၁၂။ အီလက်ထရောနစ် ၁ နေရာ ၁၃။ လျှပ်စစ်စွမ်းအား ၃ နေရာ ၁၄။ စက်မှုအင်ဂျင်နီယာ ၃ နေရာ ၁၅။ အလုပ်ရုံ ၄ နေရာ |

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အနိမ့်ဆုံးမဟာဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဂ) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ စစ်ကိုင်းတွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် စာရိတ္တပညာဌာနအတွက် M.A(Myan.)၊ M.A(Hist.)၊ M.A (I.R) ဘွဲ့ ရရှိပြီးသူဖြစ်ရမည်။
(ဃ) ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ ရန်ကုန်/စစ်ကိုင်း အင်ဂျင်နီယာဌာနများနှင့် အလုပ်ရုံဌာနအတွက် B.E/M.Eဘွဲ့၊ ကွန်ပျူတာသိပ္ပံဌာနအတွက် M.C.Sc/ M.I.Sc ဘွဲ့နှင့် တိုင်းရင်းသားရေးရာဌာနအတွက် M.A (Oriental Studies) ဘွဲ့ရရှိရမည်။
(င) (၁-၈-၂၀၂၂)ရက်နေ့တွင် အသက် (၃၀)နှစ် ထက်မကျော်လွန်သူ၊ ပါရဂူဘွဲ့ ရရှိပြီးသူဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
(စ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူ ဖြစ်ရမည်။
(ဆ) လျှောက်ထားသည့် တက္ကသိုလ်/ဒီဂရီကောလိပ်တွင် အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ အသေးစိတ်အချက်အလက်များအား နယ်စပ်ရေးရာဝန်ကြီးဌာန **website www.moba.gov.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပ၊ (၁၂)ရပ်ကွက်၊ မိဂသီ (၁၈)လမ်း၊ အိမ်အမှတ်-၈၉၁ နေ ဦးသောင်းထွေး[၁၂/ဥကတ(နိုင်)၀၂၄၈၅၄]နှင့် ဒေါ်စိုးစိုး[၁၂/ဥကတ(နိုင်)၀၂၂၀၃၅]တို့၏ သားဖြစ်သူ ကိုအောင်ဆွေဦး [၁၂/ဥကတ(နိုင်)၁၆၀၅၉၅]သည် မိဘကို စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်လုပ်ဆောင်နေသဖြင့် ၎င်းအားယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍မည်သည့်ကိစ္စ တစ်စုံတစ်ရာကိုမျှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။


**ဦးသောင်းထွေး- ဒေါ်စိုးစိုး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာစာ


အမှတ်(၇၃)၊ သရဖီလမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ အကျယ်အဝန်း ပေ(၂၅x၅၅) ပထမထပ် တိုက်ခန်း(၁)ခန်းကို ဦးဇော်မင်းအောင် [၁၂/ဒဂတ(နိုင်)၀၁၈၅၆၇]ထံမှ ကျွန်တော် ဦးဘိုဘိုဦး[၁၂/စခန(နိုင်)၀၅၃၃၀၁]သည် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုအရှုပ်အရှင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းနှင့်တကွ ကြော်ငြာပါ သည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးဘိုဘိုဦး Ph:09-420088838**

# ဥတုရာသီ တောကိုမှီ၏









## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသိန်းဦး
## အသက်(၇၉)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မွန်ပြည်နယ် ညွှန်ကြားရေးမှူး(မြို့ပြ)ဦးကြည်သွင်ဦး၏ ဖခင်ဖြစ်သူ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ တိုက်အမှတ်(၂၇၇)၊ အခန်းအမှတ်(၁၀)နေ ဦးသိန်းဦး အသက်(၇၉)နှစ်သည် ၆-၈-၂၀၂၂ (သောကြာနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးရွှေလေးနှင့်ဇနီး ဒေါ်စိမ့်နီခင်မိသားစု**
**ပြည်ထောင်စုဝန်ကြီး**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသိန်းဦး
## အသက်(၇၉)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မွန်ပြည်နယ် ညွှန်ကြားရေးမှူး(မြို့ပြ)ဦးကြည်သွင်ဦး၏ ဖခင်ဖြစ်သူ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ တိုက်အမှတ်(၂၇၇)၊ အခန်းအမှတ်(၁၀)နေ ဦးသိန်းဦး အသက်(၇၉)နှစ်သည် ၆-၈-၂၀၂၂ (သောကြာနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်**
**နှင့်ဝန်ထမ်းများ**
**ပြည်ထောင်စုဝန်ကြီးရုံး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသိန်းဦး
## အသက်(၇၉)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မွန်ပြည်နယ် ညွှန်ကြားရေးမှူး(မြို့ပြ)ဦးကြည်သွင်ဦး၏ ဖခင်ဖြစ်သူ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ တိုက်အမှတ်(၂၇၇)၊ အခန်းအမှတ်(၁၀)နေ ဦးသိန်းဦး အသက်(၇၉)နှစ်သည် ၆-၈-၂၀၂၂ (သောကြာနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**လမ်းဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသိန်းဦး
## အသက်(၇၉)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မွန်ပြည်နယ် ညွှန်ကြားရေးမှူး(မြို့ပြ)ဦးကြည်သွင်ဦး၏ ဖခင်ဖြစ်သူ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ တိုက်အမှတ်(၂၇၇)၊ အခန်းအမှတ်(၁၀)နေ ဦးသိန်းဦး အသက်(၇၉)နှစ်သည် ၆-၈-၂၀၂၂ (သောကြာနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် ဝန်ထမ်းများ**
**လမ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုရဲမှူးကြီး မောင်ကို(ငြိမ်း)
## အသက်(၈၃)နှစ်

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံး၊ ညွှန်ကြားရေးမှူး ဒေါ်မေမျိုးဇော်၏ ဖခင်ဖြစ်သူ၊ ဒုရဲမှူးကြီး မောင်ကို(ငြိမ်း) အသက်(၈၃)နှစ်သည် ၃-၈-၂၀၂၂ ရက် ညနေ ၃ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းသန်းမြင့်
### မန်နေးဂျင်းဒါရိုက်တာ
### Human Wave Services Co.,Ltd
## အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၈)လမ်းအောက်၊ အမှတ်(၇၉)၊ (၇)လွှာနေ ဦးခင်မောင်အေး၏ဇနီး၊ ဦးဖြိုးဝေအောင်၊ ဦးဇာနည်အောင်တို့၏ မိခင်ဖြစ်သူ ဒေါ်သန်းသန်းမြင့်(မန်နေးဂျင်းဒါရိုက်တာ၊ Human Wave Services Co.,Ltd)သည် ၂-၈-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များ**
**အဖွဲ့ချုပ်**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## (၁)လပြည့် လွမ်းဆွတ်သတိရခြင်း
## ဦးတိုင်းအောင်
### (လေ-၂၂၉၈)(ဗိုလ်ကြီး-ငြိမ်း)
## အသက်(၇၇)နှစ်

အဖေကွယ်လွန်သွားသည်မှာ ၇-၈-၂၀၂၂ ရက်တွင် (၁)လပြည့် မြောက်ပြီဖြစ်သော်လည်း ကျန်ရစ်သူမိသားစုက လွမ်းဆွတ်သတိရလျက် ရည်စူးလှူဒါန်းသော ကုသိုလ်အစုစုတို့ကို အမျှပေးဝေပါသည်။

အဖေ...မြင့်မြတ်သော ဘုံဘဝမှသာစုခေါ်ဆိုနိုင်ပါစေ.....

**ဇနီး** – **ဒေါ်စိန်စိန်**
**သမီးကြီး** – **ဦးကိုကိုအောင်-ဒေါ်ဇင်မင်းမိုး**
**သားလတ်** – **ဦးမင်းစိုးအောင်**
**သားငယ်** – **Dr.အောင်စိုးမိုး-ဒေါ်ရည်မွန်နေထွေး**
**မြေးများ** – **မောင်ဘုန်းမြတ်ပိုင်စိုး၊ မောင်ရဲမြတ်ဘုန်း၊ မဆုလဲ့ရတနာ**

### ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်မာဆွေ(ခ)ဒေါ်ဘေဘီ(ဟသ်ာတ)
### (B.A)မြန်မာစာ(1977)
## အသက်(၆၉)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊(၁၀)ရပ်ကွက်၊ (16-A)၊ တတိယလွှာ၊ ဓမ္မရာဇာ (၁)လမ်းနေ (ဦးမြင့်ဆွေ-ဒေါ်ယဉ်ကြည်)တို့၏သမီးကြီး၊ (ဦးလှိုင်ကြည်-ဒေါ်ကြည်နှစ်)တို့၏ သမီးချွေးမ၊ ဦးအောင်လွင် (လ/ထ အထွေထွေမန်နေဂျာ၊ ငွေဆည်တော် 999 ကုမ္ပဏီ)၏ ချစ်လှစွာသောဇနီး၊ ဦးဇော်ဝင်းအောင်- ဒေါ်မြမဥ္ဇူလွင်(ခေတ္တ-ဂျပန်)၊ ဦးစန်းသူရအောင်- ဒေါ်ချယ်ရီဘကြည်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေးလေးယောက်တို့၏ အဘွားသည် ၃-၈-၂၀၂၂ (အင်္ဂါနေ့) ည ၈:၅၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၂၂ရက် မွန်းလွဲ ၁၂:၄၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## သီရိသုဓမ္မမဏိဇောတဓရ ဦးသိန်းဌေး
### မန်နေးဂျင်းဒါရိုက်တာ
### Htay One Services Agent Co.,Ltd
## အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၉)ရပ်ကွက်၊ မဟာဂန္ဓာရုံလမ်း၊ အမှတ်(၃၇၉)နေ ဒေါ်ခိုင်ခိုင်အေး(မန်နေးဂျင်းဒါရိုက်တာ၊ Htay One Services Agent Co.,Ltd)၏ ခင်ပွန်း၊ ဗိုလ်မှူးဇော်ငြိမ်းထက် ကကနက်(နေပြည်တော်)၊ ဒေါ်ဇော်ဝင့်မာသိန်း၊ ဦးဇော်သူရသိန်း၊ ဒေါ်ဝါဝါအောင်တို့၏ ဖခင်ဖြစ်သူ ဦးသိန်းဌေး(မန်နေးဂျင်းဒါရိုက်တာ၊ Htay One Services Agent Co.,Ltd) သည် ၂-၈-၂၀၂၂ ရက်တွင် Kan Thar Yar အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်**

## ဝမ်းနည်းကြေကွဲခြင်း

